www.thitsarparami.org

# ဘဝဆီမီးတိုင်

မြတ်ဗုဒ္ဓသည် လောက၏ အလင်းရောင်

ဓမ္မဆီမီးတိုင် ကို ညှိထွန်းပေးသူ ဖြစ်ပါ၏။

တရားဆီမီးတိုင် ကို ညှိထွန်းပေးသူ

သကျမုနိ ရှင်တော်မြတ်သည် ကွယ်ခဲ့ပါပြီ။

သို့သော်

မြတ်ဗုဒ္ဓ ထွန်းညှိခဲ့သော ဓမ္မဒီပိကာ ဆီမီးတိုင်သည်

လင်းလျက်၊ တောက်ပလျက်ပင်။

ဓမ္မဆီမီးတိုင် ပိုမိုလင်းလက်၊ တောက်ပရန်

မိမိတို့သည်လည်း အားတက်သရော ပါဝင်ကြိုးပမ်း

အားထုတ် ကြပါစို့ ...။



www.thitsarparamisociety.com

www.thitsarparami.org

# ရဟန္တာဆိုင်ရာတရားတော်

အရှင်နေမိန္ဒ

သာသနာ

၂၀၁၁-ခုနှစ်　　၂၅၅၅　　၁၃၇၃-ခုနှစ်

www.thitsarparamisociety.com

www.thitsarparami.org

ရဟန္တာဆိုင်ရာတရားတော်

# ကျေးရူးရှင် မိခင်နှင့်ဖခင်သို့

## ပါရမီဖြည့်ဆည်းသည့်
## ရဟန်းအမကြီး ဒေါ်ငြိမ်းမြတ်မိသားစုသို့

www.thitsarparamisociety.com

www.thitsarparami.org



# ရဟန္တာဆိုင်ရာတရားတော်

## အရှင်နေမိန္ဒ


သာသနာ

၂၀၁၁-ခုနှစ်　　၂၅၅၅　　၁၃၇၃-ခုနှစ်


www.thitsarparamisociety.com

www.thitsarparami.org

စာမူ ခွင့်ပြုချက်အမှတ် ■ ၆၀၀၆၅၃၀၈၁၁
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ■ ၆၀၀၆၀၇၀၉၁၁
ထုတ်ဝေသူ ■ ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)
၃၆၀၊ ဗိုလ်အောင်ကျော်လမ်း။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ ■ ဒေါ်ရီရီဝေ (၁၀၂၈၄)
၁၆၂၊ ၄၅ လမ်း (အပေါ်)
ဗိုလ်တထောင်မြို့နယ်။
မျက်နှာဖုံးပန်းချီ ■ ပိုင်ပိုင်
ကွန်ပျူတာစာစီ ■ – အလင်းအိမ်မီဒီယာ
– ကောင်းသန့်ကွန်ပျူတာ၊
ကမာဝက်တိုက်နယ်၊
မုဒုံမြို့နယ်။
ပထမအကြိမ် ■ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ ■ ၁၀၀၀
တန်ဖိုး ■ ၁၀၀၀ ကျပ်

**ဖြန့်ချိရေး**

**တင်တင်အေးပိဋကတ်စာပေ**

အမှတ် (၁၃+၁၄) (၄၁+၄၂)၊ တောင်ဘက်မုခ်ဈေးတော်ရုံ
ရွှေတိဂုံစေတီတော်၊ဒဂုံစာတိုက်၊ ရန်ကုန်မြို့။
၀၁-၃၈၃၅၁၁၊ လိုင်းခွဲ-၁၈၇၊ ၀၉-၅၁၈၃၃၀၂၊ ၀၉-၅၁၃၀၉၄၄

**အနန္တစာပေ**

၁၅/၁ ကျောင်းလမ်း၊ မြေနီကုန်း။ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၅၀၁၉၅၀၊ ၀၁-၇၀၆၃၄၁၊ ၀၉-၅၀၀၄၃၃၉

နေမိန္ဒ၊ အရှင် ၂၉၄.၃
ရဟန္တာဆိုင်ရာ တရားတော်/ အရှင်နေမိန္ဒ။ –ရန်ကုန်
ပန်းဝေဝေစာပေ၊ ၂၀၁၁။
၂၁၈ – စာ၊ ၁၂.၇ × ၁၈.၄၂ စင်တီ
(၁) ရဟန္တာဆိုင်ရာ တရားတော်။

www.thitsarparamisociety.com

www.thitsarparami.org



# ရဟန္တာဆိုင်ရာတရားတော်

အမှတ်

www.thitsarparamisociety.com

www.thitsarparami.org

ရဟန္တာဆိုင်ရာတရားတော်

# အရှင်နေမိန္ဒ ပြုစုထုတ်ဝေသော

# ပထမစာအုပ်

❖ နိဗ္ဗာန်ရှာပုံတော်ခရီး

www.thitsarparamisociety.com



www.thitsarparami.org

ရဟန္တာဆိုင်ရာတရားတော်

# အရှင်နေမိန္ဒ

- ၁၉၄၅-ခုနှစ်၊ မေလ (၁၂) ရက် စနေနေ့တွင် ခမည်းတော် နိုင်စိန်ပုံ၊ မယ်တော် ဒေါ်စိန်ညွန့် တို့မှ ဖွားမြင်သည်။
- ၁၉၆၁ ခုနှစ်တွင် ကမာဝက်ရွာ၊ အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သည်။
- ၁၉၆၆ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဝါဏိဇ္ဇဘွဲ့ (စာရင်းကိုင်၊ စာရင်းစစ်) ရရှိသည်။
- ၁၉၈၈ ခုနှစ်တွင် မှတ်ပုံတင်ရှေ့နေဘွဲ့ ရရှိသည်။
- ၁၉၉၇ ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအထိ ထိုင်းနိုင်ငံ ခွန်ကင်းမြို့ Mekong Institute တွင် စီးပွားရေးပညာသင်တန်း တက်ရောက်ခဲ့သည်။
- ၁၉၆၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်တွင်း အလုပ်သင်အရာရှိ၊ လက်ထောက်စာရင်းကိုင်၊ နည်းပြဆရာ၊ ငွေစာရင်းမှူး၊ အုပ်ချုပ်ရေးမှူး၊ ညွှန်ကြားရေးမှူး၊ ဌာနမှူး စသည့် ပြည်သူ့ဝန်ထမ်း တာဝန်များ ထမ်းဆောင်ခဲ့သည်။
- ၂၀၀၆ ခုနှစ် စက်တင်ဘာလ (၁၂) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၊ ဌာနမှူး (စီမံ/ဘဏ္ဍာ) တာဝန်ဖြင့် အငြိမ်းစားခံစားသည်။
- ၂၀၀၈-ခုနှစ်၊ မတ်လ (၄) ရက်နေ့တွင် ရဟန်းအမ ဒေါ်ငြိမ်းမြတ်မိသားစု၏ ပစ္စယာနုဂ္ဂဟကိုခံယူပြီး အလွန်တရာရခဲလှစွာသော မြင့်မြတ်သည့် ရဟန်းဘဝကို ရရှိသည်။
- ယခုအခါ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်ရွာ၊ ကျိုက်တမော့တောင်ခြေရှိ ဘုရားကိုးဆူကျောင်းတိုက်၌ တောရဆောက်တည် သီတင်းသုံးလျက်ရှိသည်။

www.thitsarparamisociety.com

www.thitsarparami.org

# ဥယျောဇဉ်ကထာ

ဗုဒ္ဓဘာသာဝင်သူတော်စင်မှန်သမျှသည် ဗုဒ္ဓတရားတော်များကို နှစ်သက်လက်ခံကြသူများပင် ဖြစ်ပေသည်။ ဗုဒ္ဓပိဋကတ်ဆိုင်ရာ စာပေကျမ်းစာများမှာလည်း ကျယ်ဝန်းလှပါတကား၊ ဗုဒ္ဓကျမ်းစာများကို လေ့လာကြည့်လျှင် ကျယ်ဝန်းလှစွာသော သမုဒ္ဒရာပင်လယ်ထဲမှာ လက်ပစ်ကူးနေသလို အကုန်အစင် ဖတ်ရှုလေ့လာနိုင်သူများ မရှိကြချေ။

မြတ်ဗုဒ္ဓတရားတော်များသည် (၁) အရဟတ္တဖိုလ်ဆိုသည့် "ဝိမုတ္တိရသ" အနေအားဖြင့်တစ်ပါး၊ (၂) "ဓမ္မဝိနယ" အနေအားဖြင့်နှစ်ပါး၊ (၃) ပိဋကတ်တော်အနေအားဖြင့်သုံးပါး၊ (၄) "နိကာယ်"အနေအားဖြင့်ငါးပါး၊ (၅) "အင်္ဂါ"အနေအားဖြင့် ကိုးပါး၊ (၆) "ဓမ္မက္ခန္ဓာ" အနေအားဖြင့် ၈၄၀၀၀ (ရှစ်သောင်းလေးထောင်) ရှိပေသည်။

ထိုသို့ ကျယ်ဝန်းလှသော ဗုဒ္ဓတရားတော်များကို အကုန်အစင် ဖတ်ရှုလေ့လာနိုင်သူများ အလွန်နည်းရုံသာမက၊ လူဝတ်ကြောင်တို့အနေဖြင့် မရှိသလောက် ဖြစ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



ပိဋကစာပေဗဟုသုတအားနည်းသူများ **ရဟန္တာ** ဖြစ်အောင်၊ ဝိပဿနာရှုမှတ်ပုံအမျိုးမျိုးကို ရေးသား၊ ဟောပြော၊ ပြသနေသော ဆရာတော်များသည့်လည်း၊ နည်းအမျိုးမျိုးတို့ဖြင့် ရေးသား၊ ဟောပြော၊ တရားပြနေကြပေသည်။

ဤ**ရဟန္တာဆိုင်ရာတရားတော်** စာအုပ်ငယ်ကို ဖတ်ရှုလေ့လာခြင်းဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားအားထုတ်သူများအတွက် အထောက်အကူကောင်းများ ရရှိနိုင်ပေမည်။

## ရဟန္တာနှင့် သာသနာမှတ်သားစရာ
## သာသနာတော်နှစ် ၅၀၀၀ အတွင်း သေက္ခ၊ အသေက္ခများရှိပုံ

၁။ ပ၊ ဆ၊ တေ၊ သုက်၊ ပါတိမုက်၊ မိန့်ထုတ်ပါထေယျာ

**"ပဋိသမ္ဘိဒါ ပတ္တေ ဟိ ဝဿ အဟာသံ အဋ္ဌာသိ၊**

**ဆဠာဘိညေဟိ ဝဿ သဟာသံ၊**

**တေဝိဇ္ဇေ ဟိ ဝဿ သဟာသံ၊**

**သုက္ခ ဝိပဿကေဟိ ဝဿ သဟာသံ၊**

**ပါတိမောက္ခေဟိ ဝဿ သဟာသံ အဋ္ဌာသိ"**

(သုတ်-ပါထေယျ-ဋ္ဌ-၈၃)

မြန်မာပြန် အဓိပ္ပာယ်မှာ-

(က) ပ = ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာခေတ်က တစ်ထောင်၊

(ခ) ဆ = အဘိညာဉ်ခြောက်ပါးရှိသော ရဟန္တာခေတ်က တစ်ထောင်၊

(ဂ) တေ = ဝိဇ္ဇာသုံးပါးရှိသော ရဟန္တာခေတ်က တစ်ထောင်၊

www.thitsarparamisociety.com

www.thitsarparami.org



(ဃ) သုက် = သုက္ခ ဝိပဿက ဟုဆိုအပ်သော ရဟန္တာ ခေတ်က တစ်ထောင်။

(င) ပါတိမုက် = ပါတိမောက်ကျင့်သော ရဟန်းခေတ်က တစ်ထောင်၊

## နောက်တစ်နည်း (၂)

၂။ ပ၊ ဆ၊ တေ၊ သုက်၊ နာတြေဘသံယုတ်၊ အဂုံတ်သမ္မောဟာ

"ဗုဒ္ဓါနံဟိ ပရိနိဗ္ဗာနတော ဝဿ သဟဿမေဝ"

"ပဋိသမ္ဘိဒါ နိဗ္ဗတ္တေတုံ သက္ကောန္တိ၊ တတောပရံဆ အဘိညာ။

တတောတာပိနိဗ္ဗတ္တေတုံ အသက္ကောန္တာတိသောဝိဇ္ဇာ နိဗ္ဗတ္တန္တိ၊

ဂစ္ဆန္တေ ဂစ္ဆန္တေ ကာလေတာပိ နိဗ္ဗတ္တေတုံ အသက္ကောန္တာ သုက္ခဝိပဿကာဟောန္တိ။

ဧတေနေ ဝဥပါယေန

အနာဂါမိနော သကဒါမိနော သောတာ ပန္နာ။"

(အဂုံတ္တိုလ်-ဋကထာ-၆၇)

မြန်မာပြန် အဓိပ္ပာယ်မှာ-

(က) ပ = ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာခေတ်က တစ်ထောင်၊

(ခ) ဆ = အဘိညာဉ်ခြောက်ပါးရှိသော ရဟန္တာခေတ်က တစ်ထောင်၊

(ဂ) တေ = ဝိဇ္ဇာသုံးပါးရှိသော ရဟန္တာခေတ်ကတစ်ထောင်၊

www.thitsarparamisociety.com

www.thitsarparami.org



(ဃ) သုက် = သုက္ခ ဝိပဿက ရဟန္တာခေတ်က တစ်ထောင်၊

(င) နာတြော = သေက္ခ သုံးပါး (အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်) ခေတ်ကတစ်ထောင်။

## နောက်တစ်နည်း (၃)

၃။ ပ၊ သုက်၊ အနာ၊ သ၊ သောတာ၊ မိန့်မှာဝိနယာ။

"ပဋိသမ္ဘိဒါ ပတ္တဘာဒခီဏာသဝ ဝသေန၊

တတောပန ဥတ္တရိ၊

သုက္ခဝိပဿက ခီဏာ သဝ ဝသေန ဝဿသဟဿံ၊

အနာဂါမိ ဝသေန ဝဿ သဟဿံ၊

သကဒါဂါမိ ဝသေန ဝဿ သဟဿံ၊

သောတာပန္နာ ဝသေန ဝဿ သဟဿံ။"

(ဝိနယ စူဠဝါ အဋ္ဌကထာ-၁၂၇)

မြန်မာပြန် အဓိပ္ပာယ်မှာ-

(က) ပ = ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာခေတ်က တစ်ထောင်၊

(ခ) သုက် = သုက္ခ ဝိပဿက ရဟန္တာခေတ်က တစ်ထောင်။

(ဂ) အနာ = အနာဂါမ် ခေတ်က တစ်ထောင်၊

(ဃ) သ = သကဒါဂါမ် ခေတ်က တစ်ထောင်၊

(င) သောတာ = သောတာပန် ခေတ်က တစ်ထောင်။

www.thitsarparamisociety.com

www.thitsarparami.org



## မဟာပရိနိဗ္ဗာနသုတ်

**"ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာဝိဟာရေယျုံ
အသုညော လောကော အရဟန္တေဟိ အဿာတိ"**

မြန်မာပြန် အဓိပ္ပာယ်မှာ-သာသနာတော်နှစ်ငါးထောင် အတွင်း၌ ရဟန္တာ မဆိတ်သုဉ်းနိုင်

အထက်ဖော်ပြပါ "ရဟန္တာနှင့် သာသနာမှတ်သားစရာ (၃) မျိုး" နှင့် မဟာပရိနိဗ္ဗာနသုတ်ပါ "**သာသနာတော် အတွင်း၌ ဘယ်သောအခါမှ ရဟန္တာ မဆိတ်သုဉ်းပါဘူး**" ဟု မြတ်စွာဘုရား ဟောကြားထားသည့်အတိုင်း သာသနာရှိခိုက် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြရန် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော ဝိပဿနာတရားကို ကြိုးပမ်းအားထုတ်ကြကုန်လော့ သူတော်ကောင်း အပေါင်းတို့။

## ဗုဒ္ဓဘာသာဝင်များ၏ ပန်းတိုင်

ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ ပန်းတိုင်သည် နိဗ္ဗာန်ပင် ဖြစ်သည်ကို လူသိများသော်လည်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် ပြည့်ပြည့်စုံစုံ အားထုတ်ပြီး၊ **ရဟန္တာဖြစ်မှ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ပေမည်**။

## ဝိပဿနာ ရှုမှတ်နည်းအမျိုးမျိုး

မြတ်ဗုဒ္ဓ ဟောကြားတော်မူသော ရှုမှတ်နည်းများမှာ သမထ လေးဆယ်နှင့် ဝိပဿနာ အနေဖြင့် ပါဠိတော်နည်း၊ အဋ္ဌကထာနည်း၊ ဋီကာနည်းတို့ ဖြစ်သည်။

www.thitsarparamisociety.com

www.thitsarparami.org



ဝိပဿနာကို ရှုမှတ်ကြရာတွင် စိတ်ကလေးကို

- အချို့က ငယ်ထိပ်မှာ၊
- အချို့က မျက်မှောင်ကြားမှာ၊
- အချို့က နှာသီးဝမှာ၊
- အချို့က နှုတ်ခမ်းပေါ်မှာ၊
- အချို့က မေးစေ့မှာ၊
- အချို့က လည်မျိုမှာ၊
- အချို့က ရင်ချိုင့်မှာ၊
- အချို့က ဝမ်းဗိုက်မှာ၊
- အချို့က တင်ပါးမှာ၊
- အချို့က ကျောကုန်းမှာ၊ ထားပြီး ရှုမှတ်ကြရန် နည်းများ ပေးကြပါသည်။

**မဟာသတိပဋ္ဌာနသုတ် ပါဠိတော်**က လာသည့်အတိုင်း ဖတ်ရှုလေ့လာလျှင် **မှန်ကန်သောနည်း**ကို သိရပေသည်။

မည်သည့်နည်းဖြင့် ရှုမှတ်ပွားများစေကာမူ အရေးကြီးသည်မှာ **အဖြစ်အပျက်ကို မြင်၍ ကိလေသာ ငြိမ်းနေလျှင် မှန်ကန်သောနည်း**ဟု တထစ်ချ မှတ်သားရပါမည်။

(ကာလာမသုတ်ကို **ရှု**ပါ)

ကိသုဂေါတမသုတ်နှင့် ကိသုဂေါတမဇာတက (ပါ ၆၉၊ ၌ ဒု-အုပ် ၂၄၂) တို့တွင် **အားထုတ်အပ်သောတရားများမှာ အမျိုးမျိုးပင် ဖြစ်သော်လည်း နိဗ္ဗာန်မှာတူကြကြောင်း မြတ်စွာဘုရားဟောကြားထားပါသည်။**

www.thitsarparamisociety.com

www.thitsarparami.org



## ကိံသုကောပမဇာတ် (ဒုကနိပါတ်–သိဂါလဝဂ်)
## (မင်းသားလေးယောက် = ပေါက်လေးပင်)

(ပစ္စုပ္ပန်ဝတ္ထု) နတ်နှင့်တကွသော လောကကို ဆုံးမတော်မူ တတ်သော သဗ္ဗညုမြတ်စွာဘုရားသည် သဗ္ဗေဟိကိံသုကော ဒိဋ္ဌော အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကိံသု ကောပမဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကိံသုကောပမသုတ္တန်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ လေး ယောက်ကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားသို့ကပ်၍ ကမ္မဋ္ဌာန်းကို တောင်းကုန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် ထိုရဟန်းတို့အား ကမ္မဋ္ဌာန်းကို ဟောတော်မူ၏၊ ထိုရဟန်းတို့ သည် ကမ္မဋ္ဌာန်းကို ယူကုန်၍ မိမိတို့၏ ညဉ့်ရာ နေ့သန့်ရာ အရပ်တို့သို့ ကပ်ကုန်၏၊ ထိုရဟန်းတို့တွင် တစ်ပါးသော ရဟန်း သည် ခြောက်ပါးကုန်သော ဖဿာ ရတနတို့ကို သိမ်းဆည်း၍ ရဟန္တာ အဖြစ်သို့ရောက်၏၊ တစ်ပါးသော ရဟန်းသည် ငါးပါး ကုန်သော ခန္ဓာတို့ကို၊ တစ်ပါးသော ရဟန်းသည် လေးပါးကုန် သော မဟာဘုတ်တို့ကို၊ တစ်ပါးသောရဟန်းသည် တစ်ဆယ့် ရှစ်ပါးကုန်သောဓာတ်တို့ကို သိမ်းဆည်း၍ ရဟန္တာအဖြစ်သို့ ရောက်၏၊ ထိုရဟန်းတို့သည် မိမိတို့သည် ရအပ်သော တရား အထူးကို မြတ်စွာဘုရားအား လျှောက်ကုန်၏၊ ထိုအခါ တစ်ပါး သော ရဟန်းအား ဤရဟန်းတို့၏ ကမ္မဋ္ဌာန်းတို့သည် ထူးကုန်၏၊ နိဗ္ဗာန်သည် တူ၏၊ အဘယ်ကြောင့် ခပ်သိမ်းကုန်သော ရဟန်းတို့ သည် အရဟတ္တဖိုလ်ကို ရအပ်သနည်းဟု အကြံဖြစ်၏၊ ထိုရဟန်း

www.thitsarparamisociety.com

www.thitsarparami.org



သည် မြတ်စွာဘုရားကို လျှောက်၏၊ မြတ်စွာဘုရားသည် ရဟန်း၊ ပေါက်ပင်ကို မြင်ဖူးကုန်သော မင်းသားလေးယောက်တို့နှင့်တစ်ကွ သင့်အား ထူးသောအဖြစ်သည် အသို့ရှိအံ့နည်းဟု မိန့်တော်မူ၍ အရှင်ဘုရား ဤအကြောင်းကို အကျွန်ုပ်တို့အား ဟောတော်မူပါကုန်လောဟု ရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်မူ၏။ ။

(အတိတ်ဝတ္ထု)ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ထိုဗြဟ္မဒတ်မင်း အား လေးယောက်ကုန်သောသားတို့သည် ဖြစ်ကုန်၏၊ ထိုမင်းသား တို့သည် တစ်နေ့သ၌ ရထားထိန်းကို ခေါ်၍ အချင်းရထားထိန်း ငါတို့သည် ပေါက်ပင်ကို မြင်လိုကုန်၏၊ ငါတို့အား ပေါက်ပင်ကို ပြလော့ဟုဆိုကုန်၏၊ ရထားထိန်းသည် ကောင်းပြီ ပြအံ့ဟုဆို၍ လေးယောက်ကုန်သော မင်းသားတို့အားလည်း တစ်ပေါင်းတည်း မပြမူ၍ မင်းသားကြီးကို ရှေးဦးစွာ ရထား၌စီးစေ၍ တောသို့ ဆောင်၍ ဤသည်ကား ပေါက်ပင်တည်းဟု **မည်းနက်သော ကာလပေါက်ပင်ကို** ပြ၏၊ တစ်ယောက်သော မင်းသားအား **ထူသော အရွက်ရှိသောကာလ၌** ပြ၏၊ တစ်ယောက်သော မင်းသား အား **ပွင့်သောကာလ၌** ပြ၏၊ တစ်ယောက်သော မင်းသားအား **သီးသော ကာလ၌** ပြ၏၊ နောက်အဖို့၌ လေးယောက်ကုန်သော မင်းသားညီနောင်တို့သည်လည်း တစ်ပေါင်းတည်း နေကြလျက် ပေါက်ပင်မည်သည်ကား အဘယ်သို့သဘောရှိသနည်းဟု စကား ဖြစ်စေကုန်၏၊ ထို့နောက်မှ တစ်ယောက်သော မင်းသားသည်

www.thitsarparamisociety.com

www.thitsarparami.org



**မီးလောင်ငုတ်**ကဲ့သို့ ရှိ၏ဟု ဆို၏၊ နှစ်ယောက်မြောက်သော မင်းသားသည် **ပညောင်ပင်**ကဲ့သို့ ရှိ၏ဟု ဆို၏၊ သုံးယောက်မြောက်မင်းသားသည် **သားတစ်**ကဲ့သို့ ရှိ၏ဟု ဆို၏၊ လေးယောက်မြောက်သောမင်းသားသည် **ကုဏ္ဍိပင်**ကဲ့သို့ ရှိ၏ဟု ဆို၏၊ ဤသို့ မင်းသားတို့သည် အချင်းချင်း စကားဖြင့် မနှစ်သက်ကုန်သည် ဖြစ်၍ အဘ၏အထံသို့သွားကုန်၍ ခမည်းတော်မင်းမြတ် ပေါက်ပင်မည်သည်ကား အဘယ်သို့သဘောရှိသနည်းဟုမေး၍ သင်တို့သည် အသို့ဆိုအပ်သနည်းဟုမေး၍ ဆိုသည်ရှိသော် ဆိုအပ်ကုန်သော အမှတ်ကို မင်းအားလျှောက်ကြကုန်၏၊ မင်းသည် လေးယောက်ကုန်သော သင်တို့သည်လည်း ပေါက်ပင်ကို မြင်ဖူးကြကုန်၏၊ စင်စစ်သင်တို့သည် ပေါက်ပင်ကို ပြလတ်သည်ရှိသော် ရထားထိန်းကို ဤမည်သောကာလ၌ ပေါက်ပင်သည် အသို့သဘောရှိသနည်း၊ ဤမည်သောကာလ၌ကား အဘယ်သို့သဘောရှိသနည်းဟု ခွဲခြမ်းဝေဖန်၍ မမေး၊ ထို့ကြောင့် သင်တို့အား ယုံမှားခြင်းသည် ဖြစ်၏၊ မြတ်စွာဘုရားသည် ဤအကြောင်းကို ပြတော်မူ၍ ရဟန်းတို့ ထိုမင်းသားညီနောင်လေးယောက်တို့သည် ခွဲခြမ်းဝေဖန်ခြင်းကို မပြုကုန်၍ မမေးအပ်သည်၏အဖြစ်ကြောင့် ပေါက်ပင်၌ ယုံမှားခြင်းကို ဖြစ်စေကုန်သကဲ့သို့ ထို့အတူသည်လည်း ဤတရား၌ ယုံမှားခြင်းကို ဖြစ်စေ၏။ ။

(ဇာတ်ပေါင်း) မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ရဟန်းတို့ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။

www.thitsarparamisociety.com

www.thitsarparami.org



## နိဗ္ဗာန်ချမ်းသာနှင့်ရဟန္တာ

**နိဗ္ဗာနံ ပရမံ သုခံ၊ သန္တ သန္တေဟိ ပတ္တိတံ၊**

**ဒုက္ခိနော ဒုက္ခ မာသန္နေ၊ တဿ ရသော ပကာသယေ။**

ဂါထာ၏ လိုရင်းအဓိပ္ပာယ်မှာ–

အချမ်းသာဆုံး နိဗ္ဗာန်ကို တကယ့်သူတော်ကောင်း သူမြတ်လောင်းတို့မှသာ လိုလိုလားလားနှင့် ဆုတောင်းယူကြသည်၊ သာမန်ပုထုဇဉ်များက (ဝေါ်ကြွဘူစိတ်တစ်ခုက လွဲလျှင်) နိဗ္ဗာန်ကို တိုက်ရိုက်အာရုံမပြုနိုင်ရန်ကြဘဲ တွေးဆမျှော်မှန်းရော်ရမ်းပြီး အမျိုးမျိုး ကောက်ယူကြဲဆကြပေသည်။

သာမန်ပုထုဇဉ်များအနေဖြင့် နိဗ္ဗာန်ကို ရိပ်မိလိုလျှင် အကြီးအကျယ် အသဲအသန် အလူးအလိမ့် ဒုက္ခဝေဒနာကို ခံစားနေရသည့်အချိန်တွင် နိဗ္ဗာန်ကို **လှမ်းမျှော်ပြီး အာရုံပြုကြည့်ပါ**၊ လက်ရှိမိမိခံစားနေရသည့် ယခုလို ဆင်းရဲဆိုးကြီးမျိုးတွေဟာ နိဗ္ဗာန်မှာ မရှိပါကလား၊ "သည်လိုဆိုလျှင် နိဗ္ဗာန်ဟာ မည်သည့် ချမ်းသာမျိုးနှင့်မှမတူဘဲ **အလွန့်အလွန်** ကောင်းမြတ်သော ချမ်းသာစစ်ကြီးပါတကား" လို့ ရိပ်မိလာပါလိမ့်မည်၊ သည်တော့မှ **နိဗ္ဗာန်ကို လိုလိုလားလားနှင့် အမှန်တကယ် ဆုတောင်းပြီး** နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာ တရားတော်မြတ်ကို သက်စွန့်ကြိုးပမ်းပြီး တင်းတင်းရင်းရင်းနှင့် အကြီးအကျယ် အကြိတ်အနယ် **ကျင့်ကြံကြိုးကုတ် အားထုတ်လိုသော** ဆန္ဒများ ဖြစ်ပေါ်လာပါလိမ့်မည်။

သောတာပန်ဖြစ်နေသော သုပ္ပဝါသမင်းသမီး အကြီးအကျယ် အသည်းအသန် ဒုက္ခဝေဒနာဆိုးကြီးကို ခံစားနေရသည့်

www.thitsarparamisociety.com

www.thitsarparami.org



အခါ **သုသုခံဝတတံ နိဗ္ဗာနံ၊ ယတ္ထစေ ရူပံ ဒုက္ခံ နသံ ဝိန္ဒတိ** လို့ နိဗ္ဗာန်ကို သူမ အာရုံပြုလိုက်ပါသည်။ အဓိပ္ပာယ်မှာ အကြင်နိဗ္ဗာန်၌ ယခုလို ငါခံစားနေရသည့် ဒုက္ခမျိုးသည် လုံးဝမရှိ၊ **ထိုနိဗ္ဗာန်သည် ဧကန်ချမ်းသာပေစွတကားလို့** နိဗ္ဗာန်ကို သူမ အာရုံပြုလိုက်သည်နှင့် တစ်ပြိုင်နက် ခံစားနေရသောဝေဒနာက သက်သာသွားပါသည်။

ကိုယ်ရမှု=ကိုယ်သိနိုင်သော နိဗ္ဗာန်ကို မရသေးဘဲနှင့် မှန်းဆပြီး သိနိုင်သော နည်းတစ်ခု ရှိလေသည်။ ၎င်းနည်းမှာ-နိဗ္ဗာန်ကို တိုက်ရိုက်အာရုံပြုနိုင်ကြသော ရဟန္တာအရိယာပုဂ္ဂိုလ်များကို လေ့လာကြည့်ပါ၊ အားလပ်သည့်အခါတိုင်း နိဗ္ဗာန်ကို အာရုံပြုပြီး ဖလသမာပတ်ကိုသာ ဝင်စားလေ့ရှိသည်၊ ဒီနေရာမှာ ရှင်အာနန္ဒာမထေရ်၏ ဥပဇ္ဈာယ်ဆရာဖြစ်သော ဗေလဋ္ဌသီသ မထေရ်အရှင်သူမြတ်ကြီးကိုသာ ကြည့်ပါ၊ ရဟန္တာဖြစ်ခါစဖြစ်၍ ခဏခဏ ဖလသမာပတ်ကို ဝင်စားလေ့ရှိသည်၊ အထူးအားဖြင့် ခုနစ်ရက်တစ်ပတ် နိရောဓသမာပတ်ကို ဝင်စားပြီး သမာပတ်မှထလာသော အခါ ဆွမ်းခံ၍ စားသောက်ပြီး သမာပတ်ကို ပြန်ဝင်စားလိုက်ပြန်သည်၊ တစ်ခါတစ်ခါ စားသောက်ခဲ့သော အာဟာရသည် ခုနစ်ရက်မျှသာ ခံနိုင်၍ နောက်ထပ်ပြန်မစားဘဲနေလျှင် အသက်ရှင်မှာမဟုတ်လို့ ခုနစ်ရက်ပြည့်လျှင် ဆွမ်းခံစားနေရခြင်း ဖြစ်ပေသည်။ ဒီလိုနှင့်ပဲ ခုနစ်ရက်တစ်ပတ် ဆွမ်းခံထွက်နေရလို့ အချိန်မကုန်ရအောင်ဆိုပြီး ခုနစ်ရက်အတွက် ဆက်လက်၍ ဆွမ်းများများ ခံယူပြီး ထမင်းခြောက်လုမ်းထားလိုက်ပါသည်၊ ခုနစ်ရက်ပြည့်၍ သမာပတ်မှ ထလာသည့်အခါ ၎င်းထမင်းခြောက်ကို ရေဆွတ်ပြီး

www.thitsarparamisociety.com

www.thitsarparami.org



(ဟင်းမပါ-ဆားမပါဘဲ) ဒီအတိုင်း ဘုန်းပေးတော်မူပါသည်။ ဒီနေရာမှာ ပညာရှင်သူတော်စင်များအဖို့ နိဗ္ဗာန်ကို ဘယ်လောက်များ ခွဲဆောင်မှုရှိတယ်ဆိုတာ အကဲခတ်ပြီးလေ့လာနိုင်ပါသည်။ သာမန် ပုထုဇဉ်တို့ ထင်မြင်ယူဆနေကြသလို မဟုတ်ဘဲ အထူးလေးနက် သော ချမ်းသာမြတ်ဖြစ်ကြောင်း နိဗ္ဗာန်ကို သုံးသပ်နိုင်ပေသည်။

## သိနိုင်ခဲသော ရဟန္တာ

မိမိ၏ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော ရဟန္တာအရှင်မြတ် ကြီးနောက်ကို တကောက်ကောက်လိုက်ပြီး ဝတ်ကြီးဝတ်ငယ်များ ကိုပြုစုနေသော ရဟန်းငယ်တစ်ပါးသည် "**ရဟန္တာဆိုတာ ဘယ်လို ဖြစ်နေပါသလဲ ဘုရား**" ဟု ဥပဇ္ဈာယ်ဆရာ ရဟန္တာကြီးကို လျှောက်ထားမေးမြန်းလေရာ "**အေး ရဟန္တာဆိုတာသိဖို့ မလွယ် ပါ၊ တစ်ချို့ ရဟန်းငယ်များက ရဟန္တာနောက်ကို တကောက် ကောက်လိုက်နေပါလျက်နှင့် ရဟန္တာမှန်းမသိတဲ့ ပုဂ္ဂိုလ်လည်း ရှိတတ်တယ်**" လို့ ပြောပြလိုက်သော်လည်း ရိပ်ဖမ်းသံဖမ်းနှင့် မိမိကိုသာ ရည်ရွယ်ပြီး ပြောနေသော်လည်း ရဟန်းငယ်က မသိမြဲ မသိတာပါပဲ။

ထို့ကြောင့် **ရဟန္တာဆိုတာ အလွန်တရာပင် သိနိုင်ခဲလှ ပေသည်။**

www.thitsarparamisociety.com

www.thitsarparami.org



# အထက်မဂ် အထက်ဖိုလ်အရိယာများကို
# အောက်မဂ်အောက်ဖိုလ်အရိယာများ မသိနိုင်ပုံ

တစ်ချိန်တုန်းက ရဟန်းနှစ်ပါး အတူဆွမ်းခံသွားကြသည်။ ရှေ့ကကြွသွားသည့် ရဟန်းမှာ ရဟန္တာဖြစ်ပြီး နောက်ကကြွသွားသည့် ရဟန်းက သောတာပန် ဖြစ်ပါသည်၊ တစ်နေရာတွင် ဆွမ်းလောင်းသည့် ဒကာမတစ်ဦး ယာဂုဆန်ပြုတ်ဆွမ်းကို လောင်းလှူလိုက်ပါသည်၊ လူပြတ်သည့် တစ်နေရာ ရောက်သည့်အခါ ရှေ့ကကြွသွားနေသော ရဟန္တာ ရဟန်းကြီးက သပိတ်ထဲရှိ ယာဂုဆွမ်းကို သပိတ်လိုက်မော့ပြီး သောက်သုံးဘုဉ်းပေးတော်မူပါသည်။

ဒီတော့ နောက်က ရဟန်းက အကြီးအကျယ် ဒေါပွသွားပါတော့၏၊ "ဣန္ဒြေမရှိ၊ ကျောင်းရောက်သည်အထိ မစောင့်နိုင်ဘဲ လမ်းမှာပင် ယာဂုကို သပိတ်လိုက် မော့သောက်လိုက်တာဟာ သည်လောက်တောင် ဝတ်ပြတ်နေသော ကိုယ်တော်ကြီးကို ကျောင်းရောက်တော့မှ အပြစ်တင်ရန် တွေ့မည်" ဆိုပြီး မကျေမနပ်ဖြစ်ပါသည်။

ကျောင်းရောက်သည့်အခါ ရဟန္တာ ရဟန်းကြီး သီတင်းသုံးရာကျောင်းတွင် ရဟန်းငယ်က ဒေါသနှင့် ရန်တွေ့စကားများ ပြောပါသည်၊ သို့သော် ရဟန်းကြီးကို တွေ့ရန် လိုက်ရှာသော်လည်း မတွေ့ရသဖြင့် "ဒီကိုယ်တော်ကြီး အပြစ်ရှိလို့ အပြောခံရမှာကြောက်လို့ မည်သည့်နေရာတွင် သွားပုန်းနေမှန်းမသိ" ဆိုပြီး မကျေမနပ်နှင့်ပင် ရဟန္တာရဟန်းကြီး သီတင်းသုံးရာကျောင်းမှ ပြန်ထွက်လာပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



ဒီတော့မှ ကျောင်းထဲမှ "အဟာန်း အဟာန်း" အသံကြား ရ၍ ကျောင်းထဲပြန်ဝင်သည့်အခါ ကောင်းကင်မှာ တင်ပလ္လင်ခွေ ချိတ်ပြီး ထိုင်နေသည့် ရဟန္တာရဟန်းကြီးကို တွေ့ရပါသည်။

ရဟန္တာပုဂ္ဂိုလ်များက "မိမိကိုယ်ကို ငါရဟန္တာပဲ" ဟု မည်သည့်အခါမှ နှုတ်ထွက်ပြီး မပြောပါ၊ ကိုယ်အမူအရာဖြင့် ရဟန္တာမှန်းရိပ်မိအောင် ဈာန်အဘိညာဉ်ဖြင့် အထက်ကောင်းကင် မှာ တင်ပလ္လင်ခွေ ထိုင်ပြခြင်း ဖြစ်ပေသည်။

ရဟန်းငယ်သည် ထိုအခြေအနေကို မျက်မြင်ကိုယ်တွေ့ ဖြစ်သော်လည်း အမျက်ဒေါသမထိန်းနိုင်သေးဘဲ "ဒီအခြေအနေ ထိရောက်နေသော်လည်း အဘယ်ကြောင့် ဣန္ဒြေကင်းမဲ့စွာ ဆွမ်းခံ သွားရင်း လမ်းပေါ်မှာ ယာဂုမော့သောက်သေးသလဲ" ဟု ထပ်မံ ၍ ရန်တွေ့စကား ပြောပါသည်။

သည်တော့မှ ရဟန္တာအရှင်သူမြတ်က အထက်ကောင်းကင် မှ ဆင်းသက်ပြီး ကုလားထိုင်မှာထိုင်၍ ရဟန်းငယ်အား ယခု ကဲ့သို့ မေးမြန်းပါသည်။ "ကိုယ်တော်ရဟန်းကိစ္စ မဂ်လေးတန် မှာ မည်သည့်အဆင့် ရောက်ရှိနေပါသလဲ"

ရဟန်းငယ်က မိမိသည် တစ်မဂ်တစ်ဖိုလ်ဖြစ်သော သောတာပန်ဖြစ်ကြောင်း ပြန်လည်လျှောက်ထားသည့်အခါ ရဟန္တာ ရဟန်းကြီးက သောတာပန် ရဟန်းငယ်အား "ကိုယ်တော် ရှေ့ ဆက်ပြီး၊ အားမထုတ်ပါနှင့်၊ ကိုယ်တော် ရဟန္တာအပေါ် ပြစ်မှား မိပြီး **အရိယူပဝါဒကံ** ထိုက်နေပြီ၊ တရားအားထုတ်သော်လည်း တရားမတက်နိုင်တော့ပါ" ဟု မိန့်ကြားပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



အမှန်မှာ ဆွမ်းခံသွားရင်း လမ်းမှာ ယာဂုမော့သောက်လိုက်ရသည့် အကြောင်းမှာ တပည့်တော်မှာ လေနာရောဂါရှိနေသဖြင့် ကျောင်းရောက်သည်အထိဆိုလျှင် ယာဂုကအေးပြီး တခြားဆွမ်းတွေနှင့်လည်း ရောနှောသွား၍ လေနာကို နှိမ်နင်းနိုင်တော့မည် မဟုတ်ပါ၊ ထို့ကြောင့် ပူပူနွေးနွေးရှိတုန်း၊ လမ်းမှာ ယာဂုကို မော့သောက်လိုက်ရခြင်း ဖြစ်သည်၊ ဝိနည်းသိက္ခာပုဒ်နှင့် ငြိစွန်းခြင်းမရှိပါဟု ရဟန္တာရဟန်းကြီးက ဆက်လက်မိန့်ကြားပါသည်။ ထိုအခါကျမှ ရဟန်းငယ်က ရဟန်းကြီးအား ကန်တော့တောင်းပန်ပါတော့သည်။

ထို့ကြောင့် သာမန်ပုထုဇဉ်များသာမဟုတ် သောတာပန် အရိယာများပင်လျှင် ရဟန္တာများကို မသိကြသည့်အကြောင်း **ရဟန္တာပုဂ္ဂိုလ်ထူးများကို သိနိုင်ခဲသည့်** အကြောင်းထင်ရှားပါ၏။

## ကြောက်စရာကောင်းလှ ပုထုဇဉ်ဘဝ

ယခုလို သာသနာတော်ကြီး နေလပမာ ထွန်းလင်းတောက်ပနေခိုက်မှာ အနည်းဆုံး တစ်မဂ်တစ်ဖိုလ်ရအောင် အားထုတ်ကြိုးပမ်းသင့်ကြောင်း သာဓကမြောက်များစွာတို့ကို ကြည့်ရှုလေ့လာသိရှိရပေသည်၊ တစ်မဂ်တစ်ဖိုလ်ရပြီး အပါယ်တံခါးပိတ်သွားလောက်အောင် အားမထုတ်ဘဲ အန္ဓဗာလပုထုဇဉ်အဖြစ်နှင့် ကွယ်လွန်သွားလျှင် အပါယ်လေးပါးမှ လွတ်ဖို့ရန် မလွယ်ကူပါ။

သည်နေရာမှာ မိုးကုတ်ဆရာတော်ကြီး၏ **မိန့်ဆိုချက်ကို** တင်ပြလိုပါသည်၊ ''လူ့ဘဝမှာ သေဆုံးပြီးသည့်နောက် **လူ့ဘဝ**

www.thitsarparamisociety.com

www.thitsarparami.org



ပြန်ရသည့် လူတွေဟာ တစ်သိန်းမှာ တစ်ယောက်လောက်ပဲ ရှိပါတယ်၊ "ကျန်လူတွေမှာ အားလုံးအပါယ်ကျရောက်သွားတာပဲ များပါသည်ဟု မိန့်ဆိုပါသည်။

ဒုတိယ မဟာစည်ဆရာတော် ဦးပဏ္ဍိတက မိုးကုတ်ဆရာတော် မိန့်မှာချက်ကို ထောက်ခံသည့်အနေဖြင့် "တစ်သိန်းမှာ တစ်ယောက်ဆိုတာ များသေးတာပေါ့၊ ဆယ်သိန်းမှာ တစ်ယောက်တောင် မလွယ်သေးပါ" လို့ မိန့်ဆိုပါသည်။

ဤအကြောင်းနှင့် ဆက်စပ်ပြီး အတိအကျသိလိုလျှင် **နခသိခပမာဏသုတ်** ကို ဖတ်ရှုကြပါ။ ထိုသုတ်တော်မှာ လာသည့်အတိုင်း ဆိုပါက "မြတ်စွာဘုရား၏ လက်သည်းဖျားမှာရှိနေသည့် မြေမှုန့်နှင့် ကမ္ဘာမြေပြင်တစ်ခုလုံးရှိ မြေမှုန့်၊ ဘယ်မြေမှုန့်က များပါသလဲ" လို့ ရဟန်းတော်များကို မေးမြန်းတော်မူပုံ၊ ရဟန်းတော်များက ပြန်လည်လျှောက်ထားတော်မူပုံတို့ကို ဆင်ခြင်တွေးကြည့်လျှင် **လူ့ဘဝကို အလွန်တရာမှပင် ရရှိခဲတဲ့အကြောင်း**၊ ကြောက်ဖွယ်ခမန်း တွေ့ရှိရပေသည်။

ထို့ကြောင့် ကံကောင်းထောက်မ၍ လူ့ဘဝရရှိနေသည့် ယခုလိုအချိန်အခါမျိုးမှာ

**"အချိန်ရှိခိုက်မှ –မလိုက်ချင်လျှင် –အမိုက်နှင့်ပြင်မရှိ"**
**"အချိန်ရှိတုန်းမှ–မရုန်းချင်လျှင် –အရှုံးနှင့်ပြင်မရှိ"**
**"အချိန်ရှိဆဲမှ –မခဲချင်လျှင် –အလွဲနှင့်ပြင်မရှိ"** ဟု

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီးက ဩဝါဒပေးတော်မူခဲ့ခြင်း ဖြစ်ပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



၁။ ဒါနလောက်သာ ပြည့်စုံတာနဲ့၊ လေးရွာအပါယ် လွတ်ပြီကွယ်ဟု စိတ်ဝယ်ရှင်ထ၊ နှစ်သိမ့်ပ၊ အားရ၍လည်း မနေနှင့်၊

၂။ သီလလောက်သာ ပြည့်စုံတာနဲ့၊ လေးရွာအပါယ် လွတ်ပြီကွယ်ဟု စိတ်ဝယ်ရှင်ထ၊ နှစ်သိမ့်ပ၊ အားရ၍လည်း မနေနှင့်၊

၃။ လူသူလွတ်ကင်း၊ တောမြိုင်တွင်းမှာ နေနိုင်တာနဲ့ လေးရွာအပါယ် လွတ်ပြီကွယ်ဟု စိတ်ဝယ်ရှင်ထ၊ နှစ်သိမ့်ပ၊ အားရ၍လည်း မနေနှင့်၊

၄။ ဈာန်အဘိညာဏ်သာ ပြည့်စုံတာနဲ့ လေးရွာအပါယ် လွတ်ပြီကွယ်ဟု စိတ်ဝယ်ရှင်ထ၊ နှစ်သိမ့်ပ၊ အားရ၍လည်း မနေနှင့်၊

၅။ ကုသိုလ်အဟုန် မြောက်ပင့်ထုံ၍၊ လူ့ဘုံနတ်ရွာ ရောက်လာခဲ့လျှင်၊ ပုထုဇဉ်ဘဝ၊ မလွတ်ကြက၊ လေးရွာအပါယ် လွတ်ပြီကွယ်ဟု စိတ်ဝယ်ရှင်ထ၊ နှစ်သိမ့်ပ၊ အားရ၍လည်း မနေနှင့်၊

၆။ တရားကိုရှာ၊ ပေါင်းများစွာတို့၊ အရိယာစစ် ဖြစ် မဖြစ်ကို ရှင်ချစ်မြတ်ဘုရား အပထား၍ တခြားသူဟာ၊ သိဖို့ရာ လွန်စွာခဲယဉ်းသည်၊

၇။ တရားကိုရှာ၊ ပေါင်းများစွာတို့၊ အရိယာစစ် ဖြစ် မဖြစ်ကို စီစစ်လေ့လာ၊ ကိုယ့်ကိုယ်ဟာ မှန်စွာသိအောင် ကျင့်ရမည်။

www.thitsarparamisociety.com

www.thitsarparami.org




ထို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် ပိဋကတ်စာပေများကို စုံလင်စွာ လေ့လာဖတ်ရှုလျှင် **ရဟန္တာ**ဖြစ်အောင်၊ အကြိတ်အနယ်အားထုတ်ပြီး **နိဗ္ဗာန်** မြန်မြန်ရရန်သာလိုကြောင်းကို သိရှိလာပါမည်။

ဤ **ရဟန္တာဆိုင်ရာတရားတော်** စာအုပ်ငယ်ကို အစမှ အဆုံးတိုင် လေ့လာဖတ်ရှုပြီးလျှင် မိမိတို့ အလိုရှိအပ်၊ တောင့်တအပ်သော နိဗ္ဗာန်ကို မှန်မှန်ကန်ကန် သိရှိနားလည်သဘောပေါက်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်ရင်း နိဂုံးကမ္ပတ် အဆုံးသတ်လိုက်ပါသည် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်အပေါင်းတို့။

အရှင်သုမင်္ဂ (မဟာထေရ်)
ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်၊
မူလဓမ္မာစရိယဆရာတော်၊
ပရိယတ္တိသာသနဟိတဓရေ (ဓမ္မကထိက)၊
ခြသေ့ကျောင်းတိုက်၊ ကမာဝက်ရွာ၊
မွန်ပြည်နယ်၊ မုဒုံမြို့။

www.thitsarparamisociety.com

www.thitsarparami.org




www.thitsarparamisociety.com

www.thitsarparami.org

## စာအုပ်ပြုစုသူ၏ အမှာစကား

“နိဗ္ဗာန်” ဟောင်းဆုကို အမြဲတစေ ဆုပန်နေကြပြီး **“နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် စတင်ကြိုးပမ်းကြမည့်သူများ”** ကို ရည်ရွယ်သည့် **“နိဗ္ဗာန်ရှာပုံတော်ခရီး”** စာအုပ်ကို ၂၀၁၀ ပြည့်နှစ် ဇူလိုင်လတွင်ထုတ်ဝေ၍ ဗုဒ္ဓဘာသာဝင်သူတော်ကောင်း သူတော်စင်တို့၏ လက်ဝယ်အရောက်ဖြန့်ဝေနိုင်ခဲ့ပါပြီ။

**“နိဗ္ဗာန်ကို မျက်မှောက်ပြုမည့်ခရီးကိုလျှောက်လှမ်းနေဆဲဖြစ်သူများ”** ကို ရည်ရွယ်၍လည်း ဒုတိယမြောက် စာအုပ်ဖြစ်သော **“ရဟန္တာဆိုင်ရာတရားတော်”** စာအုပ်ကို ပြုစုရပါ၏။

### ဤစာအုပ်တွင်

၁။ မဇ္ဈိမပဏ္ဏာသပါဠိတော်မြန်မာပြန်တွင် **မြတ်စွာဘုရားထားရှိခဲ့သော ကောင်းမြတ်သည့် ကျင့်ဝတ်တရားများကို နိဗ္ဗာန်တိုင်အောင် ကျင့်ကြံကြိုးပမ်း အားထုတ်ကြရန် မြတ်စွာဘုရားဟောကြားထားတော်မူသော မဃဒေဝသုတ်၊**

www.thitsarparamisociety.com

www.thitsarparami.org



၂။ ဆဋ္ဌသင်္ဂါယနာတိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ၊ ကျေးဇူးတော်ရှင် **မဟာစည်ဆရာတော်ကြီး ဟောကြားတော်မူသော နိဗ္ဗာန ပဋိသံယုတ္တကထာ-နိဗ္ဗာန်ဆိုင်ရာတရားတော်၊**

၃။ မူလပဏ္ဏာသပါဠိတော် မြန်မာပြန်တွင် အရှင်သာရိပုတ္တရာ ရဟန္တာအရှင်သူမြတ်နှင့် အရှင်ပုဏ္ဏရဟန္တာ အရှင်သူမြတ် (၂) ပါး အပြန်အလှန် တရားစကား ပြောဆိုကြသော **ဝိသုဒ္ဓိ(၇)ပါး၊ ရထား(၇)စီး ဥပမာ**တရားတော်ဖြစ်သည့် **ရထဝိနီတသုတ်၊**

၄။ ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်တွင် မြတ်စွာဘုရား **ချီးမွမ်းတော်မူအပ်သောလက်ယာတော်ရံ အရှင်သာရိ ပုတ္တရာ၏ ဂုဏ်ပုဒ်တို့ကို ထုတ်ဖော်** ဟောကြားတော်မူ သော **အနုပဒသုတ်၊**

၅။ ဥပရိပဏ္ဏာသပါဠိတော် မြန်မာပြန်တွင်ပင် **အရဟတ္တဖိုလ် သို့ရောက်ပြီဟု** ပြောသောရဟန်းအား မေးမြန်းရမည့် အမေးပြဿနာ ၅-ရပ်ကို **မြတ်စွာဘုရား ဟောကြားထား တော်မူသော ဆဗ္ဗိသောဓနသုတ်၊**

၆။ မဇ္ဈိမပဏ္ဏာသပါဠိတော် မြန်မာပြန်တွင် မြတ်စွာဘုရား **ဟောကြားတော်မူသော ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာ၁၀-ပါး** တရားပါဝင်သော **ဘဒ္ဒါလိသုတ်၊**

တို့ကို ပြုစုတင်ပြထားပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



ဗုဒ္ဓမြတ်စွာဘုရားသခင်၏နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာတော်များကို လိုက်နာကျင့်ကြံ ရှမှတ်ပွားများ ကြိုးပမ်းအားထုတ်ကြသဖြင့် ဗုဒ္ဓဘာသာဝင်သူတော်ကောင်း သူတော်စင်များသည်-

၁။ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသူများ၊

၂။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ခရီးအတော်အသင့်ရောက်ရှိသူများ၊

၃။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ခရီးကိုလျှောက်လှမ်းနေဆဲသူများ၊

၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုမည့် ခရီးလမ်းကို စတင်လျှောက်လှမ်းမည့်သူများဟူ၍ အသီးသီးရှိနေကြပေ၏။

ထိုအသီးသီးသော နိဗ္ဗာန်ချမ်းသာအတွက် ကြိုးပမ်းအားထုတ်သူများအနက် အမှတ်စဉ် (၃) ဖြစ်သော **နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ခရီးကို လျှောက်လှမ်းနေဆဲသူများ မှန်မှန်ကန်ကန် ကြံဆ၊ ဆင်ခြင်နှလုံးသွင်း၍ လိုက်နာကျင့်ကြံနိုင်ရန်** အလို့ငှာ **ရဟန္တာဆိုင်ရာတရားတော်စာအုပ်**ကို ပြုစုတင်ပြခြင်း ဖြစ်ပါ၏။

ဤစာအုပ်ကိုပြုစုရာတွင် ကောက်နှုတ်မှီငြမ်းကိုးကားသော ကျမ်းစာအုပ်(၁၁)အုပ်၏ စာရင်းကိုလည်း ပြုစုတင်ပြထားပါ၏။

ဤစာအုပ်ကိုဖတ်ရှုသော ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် ဗုဒ္ဓမြတ်စွာဘုရားသခင်၏ ပြည့်စုံကျယ်ဝန်းလှစွာ ဟောကြားထားတော်မူသည့် ကောက်နှုတ်မှီငြမ်း ကိုးကား

www.thitsarparamisociety.com

www.thitsarparami.org



**ထားသော** ကျမ်းစာအုပ်များပါ တရားတော်တို့ကို အခြေအနေ **ပေးလျှင် အချိန်ရလျှင် ဆက်လက်ဖတ်ရှုကြပါရန်** တိုက်တွန်းပါ၏။

ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ကောင်းမွန်ပြည့်စုံစွာ ဟော ကြားတော်မူအပ်သော **"ရဟန္တာဆိုင်ရာတရားတော်"** များကို လိုက်နာကျင့်ကြံ၍ ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင် များသည် **မိမိတို့ အလိုရှိအပ် တောင့်တအပ်သော နိဗ္ဗာန်ချမ်းသာ ကို မျက်မှောက်ပြုနိုင်သည်အထိ** ကျင့်ကြံရှုမှတ် ပွားများကြိုးပမ်း **အားထုတ်နိုင်ကြပါစေ။**

ဤစာအုပ်တွင်ဖော်ပြပါရှိသော အကြောင်းအရာများနှင့် **အချက်အလက်များ** အရေးအသားများတွင် အားနည်းချက် ချို့ယွင်း **ချက်များပါရှိပါက** မိမိ၏အားနည်းချက်၊ ချို့ယွင်းချက်များသာ **ဖြစ်ပါ၏။**

**ထိုထိုသော** အားနည်းချက်၊ ချို့ယွင်းချက်များပါရှိပါလျှင် **မိမိအား** ခွင့်လွှတ်နိုင်ကြပါရန်နှင့် မိမိအားလည်း ညွှန်ပြထောက်ပြ ၍ နည်းလမ်းကောင်းများပေးကြပါရန် အနူးအညွတ် တင်ပြအပ် ပါ၏။

ပညာရှိတို့၏ ဆိုရိုးတစ်ခုမှာ "လူ့ဘဝသည် အသက်(၄၀) အရွယ်တွင် **စတင်ပြီး** အသက်(၆၀)အရွယ်တွင်မှ **ဆင်ခြင်နိုင် သော အသိပညာဉာဏ် ပြည့်စုံပြီ"** ဟု ဖြစ်ပါ၏။

သို့သော် **အသက်(၆၀)**အရွယ်ရောက်မှမဟုတ်ဘဲ အသက် (၄၀)အရွယ်တွင်ပင် **လူ့ဘဝကိုလည်း** စတင်ပြီး၊ **ဆင်ခြင်နိုင်စွမ်း ရှိသော အသိပညာဉာဏ်ဖြင့်လည်း** ပြည့်စုံနိုင်ရန် ယခုကပင် လူငယ်၊ လူရွယ်၊ လူလတ်တို့သည် **မြတ်ဗုဒ္ဓ ကောင်းမွန်ပြည့်စုံစွာ**

www.thitsarparamisociety.com

www.thitsarparami.org



**သွန်သင်ဆုံးမတော်မူအပ်သော ဗုဒ္ဓစာပေများကို ဖတ်ရှုလေ့လာ လိုက်နာကျင့်ကြံကြရန် ဖြစ်ပါ၏။**

ဗုဒ္ဓစာပေများကို ဖတ်ရှုလေ့လာ လိုက်နာကျင့်ကြံကြခြင်း ဖြင့် လောကီ၊ လောကုတ္တရာ **နှစ်ဖြာသော အကျိုးစီးပွားများ ပိုမို တိုးတက်ဖြစ်ထွန်းလာရန် ဆောင်ရွက်နိုင်ကြပြီ ဖြစ်ပါ၏။**

သို့ပါ၍ ဗုဒ္ဓမြတ်စွာဘုရားသခင်၏ အဆုံးအမများနှင့်အညီ ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် **တရားမွေ များကို လူငယ်ဘဝကပင်စတင်၍** လေ့လာလိုက်စား ရှုမှတ်ပွား များ ကျင့်ကြံအားထုတ် ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေသတည်း။

**(အရှင်နေမိန္ဒ)**

www.thitsarparamisociety.com

www.thitsarparami.org

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

## အခန်း(၁)
## ရှည်မှန်းချက်ပန်းတိုင်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရှည်မှန်းချက်ပန်းတိုင် | ၁ |
| ၂။ | ကောင်းမြတ်သည့်အကျင့်တရား | ၂ |
| ၃။ | အဆုံးစွန်သောယောကျ်ားများမဖြစ်ကြစေကုန်လင့် | ၃ |
| ၄။ | မဃဒေဝသုတ်တော်မြတ် | ၅ |
| ၅။ | မဃဒေဝမင်း၏ဦးခေါင်း၌ဆံဖြူပေါက်ခြင်း | ၆ |
| ၆။ | ရှစ်သောင်းလေးထောင်သောမင်းတို့ လိုက်နာကျင့်ကြံကြခြင်း | ၉ |
| ၇။ | အဆုံးစွန်သောယောကျ်ားဖြစ်သောကဠာရဇနကမင်း | ၁၂ |
| ၈။ | နိဗ္ဗာန်အကျိုးငှာဖြစ်၏ | ၁၃ |
| ၉။ | အနှစ်ထုတ်ယူရန် | ၁၅ |


www.thitsarparamisociety.com

www.thitsarparami.org




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | ဘုရားရှင်တို့၏ ကြီးမြတ်သော မဟာကရုဏာတော်ဉာဏ် | ၁၇ |
| ၁၁။ | ရဟန္တာအရှင်သူမြတ်များ | ၁၉ |


## အခန်း(၂)
## ရဟန္တာ


| | | |
|---|---|---|
| ၁၂။ | ရတနသုတ်ပရိတ်ဂါထာတော် | ၂၃ |
| ၁၃။ | ရဟန္တာ၏ဂုဏ်၊ ရဟန္တာဆိုသည်မှာ | ၂၄ |
| ၁၄။ | ကံကုန်အောင်ကျင့်နည်း | ၂၆ |
| ၁၅။ | ဝိပဿနာရှုပြီးမှ အရဟတ္တဖိုလ်ရသည် | ၂၆ |
| ၁၆။ | ရဟန္တာမှာ သေရေး နေရေး မတောင့်တ | ၂၇ |
| ၁၇။ | ရဟန္တာမှာတဏှာမရှိသဖြင့် ဘဝသစ်မဖြစ် | ၂၉ |
| ၁၈။ | ဆီမီးတောက်ငြိမ်းတာနှင့်တူသည် | ၃၁ |
| ၁၉။ | ထန်းငုတ်တိုနှင့်တူသည် | ၃၃ |
| ၂၀။ | ရဟန္တာသည် ကုသိုလ်အမှုကိုမပယ်ပါ | ၃၅ |
| ၂၁။ | ပဋိသန္ဓေနှင့် ပဋိသန္ဓေကင်းခြင်း | ၃၆ |
| ၂၂။ | ဝန်ထုပ်များကို ပယ်ချပြီးဖြစ်နေပြီ | ၃၈ |
| ၂၃။ | ကိလေသာဝန်ထုပ်ကြီး | ၃၈ |
| ၂၄။ | အဘိသင်္ခါရဝန်ထုပ်ကြီး | ၃၈ |
| ၂၅။ | ခန္ဓာဝန်ထုပ်ကြီး | ၄၀ |
| ၂၆။ | ဘဝနှောင်ကြိုးလည်း မရှိတော့ပြီ | ၄၂ |


www.thitsarparamisociety.com

www.thitsarparami.org

ရဟန္တာဆိုင်ရာတရားတော်


| စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇။ | မှန်စွာသိ၍ လွတ်မြောက်နေပြီ | ၄၃ |
| ၂၈။ | ရာဂ စသည် မဖြစ်ခြင်း၊ ငြိမ်းခြင်းသည် သဥပါဒိသေသ နိဗ္ဗာန်ပင်ဖြစ်၏ | ၄၅ |
| ၂၉။ | အနုပါဒိသေသနိဗ္ဗာန် | ၄၇ |
| ၃၀။ | ရဟန္တာအရှင်မြတ်များ ဥဒါန်းကျူးရင့်တော်မူခြင်း | ၄၈ |
| ၃၁။ | မိထွေးတော်ဂေါတမီထေရီ ပရိနိဗ္ဗာန်ပြုပုံ | ၄၉ |
| ၃၂။ | ၎င်းသူတို့အား နှစ်သိမ့်စေခြင်း | ၅၁ |
| ၃၃။ | ရတည်ပြုတေဒဂ်ဆုပန်ခဲ့ခြင်း | ၅၃ |
| ၃၄။ | မြတ်စွာဘုရားအားလျှောက်ထားပုံ | ၅၆ |
| ၃၅။ | ကျက်သရေမင်္ဂလာရှိလှသည့် ၃-ဂါထာ | ၅၉ |
| ၃၆။ | သံဝေဂဖြစ်ဖွယ်ဂါထာ -၂ပုဒ် | ၆၄ |
| ၃၇။ | မွေ့ဆိုးကြီး (၄) ကောင် | ၆၅ |
| ၃၈။ | ကဋ္ဌမုခ မြွေဆိုးကြီး | ၆၅ |
| ၃၉။ | ပူတိမုခ မြွေဆိုးကြီး | ၆၆ |
| ၄၀။ | အဂ္ဂိမုခ မြွေဆိုးကြီး | ၆၇ |
| ၄၁။ | သတ္ထမုခ မြွေဆိုးကြီး | ၆၇ |
| ၄၂။ | အရှင်အာနန္ဒာ၏ငိုခြင်း | ၆၉ |
| ၄၃။ | အရှင်အာနန္ဒာအား နှစ်သိမ့်စေခြင်း | ၇၀ |
| ၄၄။ | တန်ခိုးပြစေတော်မူခြင်း | ၇၃ |
| ၄၅။ | ပရိနိဗ္ဗာန်ပြုရန် လျှောက်ထားခြင်း | ၇၄ |
| ၄၆။ | နောက်ဆုံးပရိနိဗ္ဗာန်စံဝင်ပုံ | ၇၆ |
| ၄၇။ | ဘုရားရှင်၏ ဥယျောဇဉ်ဂါထာ | ၈၀ |


www.thitsarparamisociety.com

www.thitsarparami.org

ရဟန္တာဆိုင်ရာတရားတော်

# အခန်း(၃)

## ဝိသုဒ္ဓိမြတ်တရား (၇) ပါး
## ရထား (၇) စင်း ဥပမာတရားတော်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၈။ | အရှင်ပုဏ္ဏအားချီးမွမ်းတော်မူခြင်း | ၈၅ |
| ၄၉။ | အရှင်သာရိပုတ္တရာအားအကြံအစည် ဖြစ်ပေါ်ခြင်း | ၈၈ |
| ၅၀။ | အရှင်သာရိပုတ္တရာနှင့် အရှင်ပုဏ္ဏ | ၈၉ |
| ၅၁။ | မေးခွန်း (၇) ခု၊ အဖြေ (၇) ခု | ၉၀ |
| ၅၂။ | စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်း | ၉၂ |
| ၅၃။ | ဝိသုဒ္ဓိတရား(၇)ပါး၊ ရထား(၇)စင်း ဥပမာ | ၉၃ |
| ၅၄။ | အဘိဓမ္မာတွင်ပါရှိသောဝိသုဒ္ဓိ တရားတော်မြတ် (၇) ပါး | ၁၀၀ |
| ၅၅။ | သီလဝိသုဒ္ဓိ | ၁၀၀ |
| ၅၆။ | စိတ္တဝိသုဒ္ဓိ | ၁၀၂ |
| ၅၇။ | ဒိဋ္ဌိဝိသုဒ္ဓိ | ၁၀၃ |
| ၅၈။ | ကင်္ခါဝိတရဏဝိသုဒ္ဓိ | ၁၀၃ |
| ၅၉။ | မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ | ၁၀၄ |
| ၆၀။ | ဝိပဿနာ၏ ညစ်ညူးကြောင်းတရား (၁၀)ပါး | ၁၀၅ |
| ၆၁။ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ | ၁၀၇ |
| ၆၂။ | ၉ ပါးသော ဝိပဿနာဉာဏ် | ၁၀၈ |
| ၆၃။ | ဉာဏဒဿနဝိသုဒ္ဓိ | ၁၁၁ |


www.thitsarparamisociety.com

www.thitsarparami.org

ရဟန္တာဆိုင်ရာတရားတော်

## အခန်း(၄)

## မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်သော လက်ယာတော်ရံ ရဟန္တာအရှင်သူမြတ် အရှင်သာရိပုတ္တရာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၆၄။ ပညာရှိခြင်း ၁၁၅
၆၅။ အရှင်သာရိပုတ္တရာ၏ကျင့်စဉ် ၁၁၆
၆၆။ နိရောဓသမာပတ် ၁၂၁
၆၇။ မြတ်သောသူ ၁၂၃
၆၈။ မြတ်စွာဘုရားအားအတုလိုက်၍ တရားစကြာကိုလည်စေနိုင်သူ ၁၂၄


## အခန်း(၅)

## အရဟတ္တဖိုလ်အတွက် မေးမြန်းရမည့်ပြဿနာများ


၆၉။ ပြဿနာများမေးရမည် ၁၂၇
၇၀။ ပထမဦးစွာမေးရမည့်ပြဿနာ ၁၂၈
၇၁။ ဒုတိယမေးရမည့်ပြဿနာ ၁၂၉
၇၂။ တတိယမေးရမည့်ပြဿနာ ၁၃၀
၇၃။ စတုတ္ထမေးရမည့်ပြဿနာ ၁၃၂
၇၄။ ပဥ္စမမေးရမည့်ပြဿနာ ၁၃၃
၇၅။ ရဟန်းအဖြစ်သည် လွှင်ပြင်နှင့်တူ၏ ၁၃၄
၇၆။ ရဟန်း၏မြတ်သောသီလအစု ၁၃၅


www.thitsarparamisociety.com

www.thitsarparami.org

## ရဟန္တာဆိုင်ရာတရားတော်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၇။ | မြတ်သောလက္ခဏာဝရသီလ | ၁၃၇ |
| ၇၈။ | မြတ်သောအောက်မေ့ခြင်းနှင့် ဆင်ခြင်ခြင်း | ၁၃၈ |
| ၇၉။ | မြတ်သောအကျင့် | ၁၃၉ |
| ၈၀။ | နီဝရဏများကိုပယ်၍ စိတ်စင်ကြယ်ခြင်း | ၁၄၀ |
| ၈၁။ | ဈာန်လေးပါး | ၁၄၁ |
| ၈၂။ | အာသဝေါတရားတို့ချုပ်ရာနိဗ္ဗာန် | ၁၄၂ |


### အခန်း(၆)
### ပြန်လည်စုစည်းခြင်း


| | | |
|---|---|---|
| ၈၃။ | အရိယာပုဂ္ဂိုလ်များ | ၁၄၇ |
| ၈၄။ | နောက်ဆုံးအဆင့်အမြတ်ဆုံးအရိယာ ပုဂ္ဂိုလ်–ရဟန္တာ | ၁၄၉ |
| ၈၅။ | စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်း(နိဗ္ဗာန်) | ၁၅၁ |
| ၈၆။ | ဝိသုဒ္ဓိတရား (၇) ပါး | ၁၅၁ |
| ၈၇။ | ဝိပဿနာ၏ညစ်ညူးကြောင်း ဘေးရန် ၁၀–ပါး | ၁၅၂ |
| ၈၈။ | ၉–ပါးသော ဝိပဿနာဉာဏ် | ၁၅၃ |
| ၈၉။ | ဉာဏဒဿနဝိသုဒ္ဓိ (မဂ်ဉာဏ်အမြင်အထူးစင်ကြယ်ခြင်း) | ၁၅၄ |
| ၉၀။ | ဆယ်ပါးသောတရားတို့နှင့်ပြည့်စုံသောရဟန်း | ၁၅၅ |


www.thitsarparamisociety.com

www.thitsarparami.org

ရဟန္တာဆိုင်ရာတရားတော်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၁။ | နိဗ္ဗာန်ချမ်းသာ | ၁၅၇ |
| ၉၂။ | ကောက်နှုတ်မှီငြမ်းကိုးကားသော ကျမ်းစာအုပ်များ | ၁၅၉ |


ကဗျာ


| | | |
|---|---|---|
| ၁။ | ယူတတ်မှ | ၁၆၃ |
| ၂။ | ရေကြည်ပြာ | ၁၆၅ |


ဆောင်းပါး


| | | |
|---|---|---|
| ၁။ | ကိုယ်စိတ်ဘာဝန်ကျေပြီမို့ သာသနာ့ဝန် ထမ်းကြပါစို့ | ၁၆၉ |


ဝုဏ်တော်များ


| | | |
|---|---|---|
| ၁။ | မဟာကရုဏာတော်ရှင် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါး | ၁၈၃ |
| ၂။ | တရားဂုဏ်တော် ခြောက်ပါး | ၁၈၅ |
| ၃။ | သံဃာ့ဂုဏ်တော် ကိုးပါး | ၁၈၇ |
| ၁။ | သရဏဂုံ (၃၀) | ၁၉၁ |


www.thitsarparamisociety.com

www.thitsarparami.org

# ရဟန္တာဆိုင်ရာတရားတော်

## အခန်း [ ၁ ]

## ရည်မှန်းချက်ပန်းတိုင်

www.thitsarparamisociety.com

www.thitsarparami.org



## အနှစ်တရား ၂-ပါး

၁။ ဘုရားသာသနာတော်၏ သာသနာတွင်းကာလတွင် ဗြဟ္မဝိဟာရတရားလေးပါးထက် ပိုမိုသာလွန်မြင့်မြတ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော မဂ္ဂင်ရှစ်ပါး တရားတော်များကို ကျင့်ကြံကြိုးပမ်းအားထုတ်ကြရန်။

၂။ မြတ်စွာဘုရားအလိုတော်ကျ ဖြစ်စေရန် အနွယ်အဆက်ကောင်းသည့် သူတော်ကောင်းများပီပီ မြတ်စွာဘုရားထားရှိခဲ့သော ကောင်းမြတ်သည့် ကျင့်ဝတ်တရား (မဂ္ဂင်ရှစ်ပါး) ကို နိဗ္ဗာန်တိုင်အောင် ကျင့်ကြံကြိုးပမ်း အားထုတ်ကြရန်။

www.thitsarparamisociety.com

www.thitsarparami.org



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင်၊ မဟာကရုဏာရှင် မြတ်စွာဘုရား သခင်အား မြတ်တရားဖြင့် ပူဇော်ပါ၏ဘုရား။

# ရဟန္တာဆိုင်ရာတရားတော်

## အခန်း(၁)

## ရည်မှန်းချက်ပန်းတိုင်

ဗုဒ္ဓဘာသာဝင်သူတော်ကောင်း သူတော်စင်များ၏ အန္တိမ ရည်မှန်းချက် ပန်းတိုင်သည် နိဗ္ဗာန်ရောက်ရှိရေးဖြစ်ပါ၏။

မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ချမ်းသာဟူသည့် လောကုတ္တရာတရား ကိုးပါးပြည့်စုံစေရန်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ရန် သူတော်စင်များသည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်မှသည် ရဟန္တာဖြစ်သည်အထိ ရည်မှန်းချက်ပန်းတိုင် ထားရှိ၍ ကြိုးပမ်းအားထုတ် ကျင့်ကြံသွားကြရမည် ဖြစ်ပေ၏။

အခါတပါး၌ မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ဤသို့ မိန့်တော်မူပါ၏-

www.thitsarparamisociety.com

www.thitsarparami.org



## ကောင်းမြတ်သည့်အကျင့်တရား

အာနန္ဒာ၊ ယခုအခါ ငါဘုရားထားခဲ့သော ကောင်းမြတ်သည့် မည်သည့် အကျင့်တရားသည် ကေန်ငြိမ်းအေးခြင်းငှာ၊ တပ်မက်မှုကင်းခြင်းငှာ၊ ချုပ်ငြိမ်းခြင်းငှာ၊ အထူးသိခြင်းငှာ၊ ထိုးထွင်း၍ သိခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာ ဖြစ်သနည်းဟူမူ

### "အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရားပင်တည်း"

- ❖ မှန်စွာသိမြင်ခြင်း၊
- ❖ မှန်စွာကြံစည်ခြင်း၊
- ❖ မှန်စွာပြောဆိုခြင်း၊
- ❖ မှန်စွာပြုလုပ်ခြင်း၊
- ❖ မှန်စွာအသက်မွေးခြင်း၊
- ❖ မှန်စွာအားထုတ်ခြင်း၊
- ❖ မှန်စွာအောက်မေ့ခြင်း၊
- ❖ မှန်စွာတည်ကြည်ခြင်း စသည့် မဂ္ဂင်ရှစ်ပါး တရားပင် ဖြစ်ပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



# အဆုံးစွန်သောယောက်ျားများ မဖြစ်ကြစေကုန်လင့်

အာနန္ဒာ-ငါသည်သင်တို့အား ဤသို့ဟောကြားခဲ့ပါ၏။ ငါထားခဲ့သော ဤကောင်းမြတ်သည့် ကျင့်ဝတ်တရားအတိုင်း ဆက်လက် ကျင့်ကြကုန်လော့။

သင်တို့သည် ငါ၏ အဆုံးစွန်သော ယောက်ျားများ မဖြစ်ကြစေကုန်လင့်၊

**အာနန္ဒာ-အနွယ်အဆက် ယောက်ျားကောင်းဖြစ်ပါလျက် ကောင်းမြတ်သည့် ကျင့်ဝတ်တရားပြတ်သူသည် အဆုံးစွန်သော ယောက်ျားဖြစ်ပေ၏။**

အာနန္ဒာ-ငါထားခဲ့သော ဤကျင့်ဝတ်တရားအတိုင်း ဆက်လက်ကျင့်ကြကုန်လော့၊ သင်တို့သည် ငါ၏အဆုံးစွန်သော ယောက်ျားများမဖြစ်ကြစေကုန်လင့်ဟု မိန့်တော်မူပေ၏။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ဤတရားတော်ကို ဆဋ္ဌသံဂါယနာတင်ပိဋကတ်တော် မဇ္ဈိမနိကာယ်ဝင် သုတ္တန်ပိဋကတ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော် (မြန်မာပြန်) မဃဒေဝသုတ်တွင် ဟောတော်မူခဲ့ခြင်း ဖြစ်ပေ၏။

နိဗ္ဗာန်ကိုမျက်မှောက်ပြုရန်အတွက် မြတ်စွာဘုရားထားခဲ့သောကောင်းမြတ်သည့် အကျင့်တရားဖြစ်သည့် **"အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရား"** သည် မြတ်စွာဘုရား၏ တရားဦးဖြစ်သော ဓမ္မစကြာတရားတော်တွင် ဟောကြားခဲ့သော-

www.thitsarparamisociety.com

www.thitsarparami.org



**“သစ္စာလေးပါးတရားတော်မြတ်၏ စတုတ္ထသစ္စာတရား ဆင်းရဲခြင်း ငြိမ်းမှုလမ်းစဉ်အမှန် (မဂ္ဂသစ္စာ) မဇ္ဈိမပဋိပဒါခေါ် အလယ်အလတ်လမ်းစဉ်” ပင်ဖြစ်ပေ၏။**

မြတ်စွာဘုရားထားခဲ့သော “အင်္ဂါရှစ်ပါးရှိသော အရိယ မဂ်တရား” အတိုင်း နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ရန် ဆက်လက် ကျင့်ကြကုန်လော့ဟု အရှင်အာနန္ဒာကို မြတ်စွာဘုရားက ဟော တော်မူခဲ့ခြင်းမှာ ဘုရားသာသနာတော်အတွင်း နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြရန် မဂ္ဂင်လမ်းစဉ်အမှန်သည် ရှိနေပြီဖြစ်၍ ဆက်လက်ကျင့်ကြကုန်လော့ဟု ဆုံးမတော်မူခြင်း ဖြစ်ပေ၏။

သစ္စာလေးပါးတရားတော်မြတ်၏ စတုတ္ထသစ္စာတရား ဖြစ်သော ဆင်းရဲခြင်းငြိမ်းမှု လမ်းစဉ်အမှန် (မဂ္ဂသစ္စာ)၊ မဇ္ဈိမ ပဋိပဒါ အလယ်အလတ်လမ်းစဉ်အတိုင်း ဆက်လက်ကျင့်ကြလျှင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေမည်။

သို့မဟုတ်ပါက ဒုက္ခဆင်းရဲမှ မလွတ်မြောက်နိုင်ဘဲ ရှည်လျားလှသည့် ဘဝသံသရာတစ်လျှောက် တဝဲလည်လည် ဆုန်ချည်ဆန်ချည်ဖြင့် နစ်မွန်းနေသူဖြစ်သော ငါ၏အဆုံးစွန်သော ယောက်ျားများ မဖြစ်ကြစေကုန်လင့်ဟု မြတ်စွာဘုရားက ထပ်မံ သတိပေးထားခြင်းဖြစ်ပါ၏။

မြတ်စွာဘုရား၏ သာသနာတော်နှင့်ကြုံပြီး၊ မြတ်စွာ ဘုရား၏သာသနာတော်တွင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် ရှင်ရဟန်းအဖြစ် ကျင့်ကြသူများသည် အနွယ်အဆက် ယောက်ျား ကောင်း ဖြစ်ကြပါ၏။ အနွယ်အဆက် ယောက်ျားကောင်း ဖြစ်ပါလျက် ထိုသို့ကောင်းမြတ်သည့် ကျင့်ဝတ်တရားပြတ်သူ

www.thitsarparamisociety.com

www.thitsarparami.org



သည် (နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့် မဂ္ဂင်လမ်းစဉ်အတိုင်း မကျင့်ကြံသူသည်) အဆုံးစွန်သောယောကျ်ား ဖြစ်ပေ၏ဟု မြတ်စွာဘုရား ညွှန်ပြတော်မူခဲ့၏။

မြတ်စွာဘုရားက အရှင်အာနန္ဒာအား ထိုသို့ဟောကြား ညွှန်ပြတော်မူခြင်း၏ အကြောင်းရင်းအမှန်ကို ရှင်းလင်းစွာသိရှိနိုင်ကြပေရန် ဘုရားအလောင်းတော် မဃဒေဝမင်းဖြစ်စဉ် မာဃဒေဝသုတ်ကို ထုတ်ဖော်တင်ပြပါမည်။

## မဃဒေဝသုတ်တော်မြတ်

အခါတပါး၌မြတ်စွာဘုရားသည် မိထ္ထိလာပြည်မဃဒေဝမင်း၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ်မြတ်စွာဘုရားသည် တစ်ခုသောအရပ်၌ ပြုံးတော်မူ၏။

ထိုအခါအရှင်အာနန္ဒာသည် လက်ဝဲတစ်ဖက်ပခုံးထက်၌ သင်္ကန်းကိုစံပယ်တင်၍ မြတ်စွာဘုရားကိုရိုသေစွာလက်အုပ်ချီကာ “အရှင်ဘုရားမြတ်စွာဘုရားပြုံး တော်မူခြင်း၏အကြောင်းအထောက်အထားကားအဘယ်ပါနည်း၊ မြတ်စွာဘုရားတို့သည် အကြောင်းမရှိဘဲ ပြုံးတော်မမူကြပါကုန်”ဟုလျှောက်ထား၏။

အရှင်အာနန္ဒာ၏လျှောက်ထားချက်အရ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏-

အာနန္ဒာ-ဤမိထ္ထိလာပြည်၌

- ❖ တရားစောင့်သော
- ❖ တရားသဖြင့်မင်းပြုသော

www.thitsarparamisociety.com

www.thitsarparami.org



❖ တရား၌တည်သော မဃဒေဝမင်းသည်ဖြစ်ဘူး၏။
❖ ထိုမဃဒေဝမင်းသည်
တိုင်းသူပြည်သားတို့အပေါ်၌ တရားကို ပြုကျင့်၏။
ဥပုဒ်သီတင်းသီလနေ့များ၌ ဥပုဒ်သီလ ဆောက်
တည်၏။

ထိုမဃဒေဝမင်းသည် ၎င်း၏ဆတ္တာသည်ကို ''ငါ၏ ဦးခေါင်း၌ဆံဖြူပေါက်သည်ကို မြင်သည်အခါ ငါ့အားပြောကြားလော့''ဟု မိန့်မှာထား၏။

## မဃဒေဝမင်း၏ ဦးခေါင်း၌ ဆံဖြူပေါက်ခြင်း

ထိုသို့ မိန့်မှာထားချက်အရ မဃဒေဝမင်းကြီး၏ ဦးခေါင်း၌ ဆံဖြူပေါက်သည်တို့ကို မြင်သည့်ကာလ၌ ဆတ္တာသည်သည် မဃဒေဝမင်းကြီးအား ဤသို့လျှောက်ထားပါ၏-

''အရှင်မင်းကြီးအား သေမင်းတမန်တို့သည် ထင်ရှားဖြစ်ကုန်ပါပြီ၊ ဦးခေါင်း၌ ဆံဖြူပေါက်ရောက်ခြင်းတို့သည် ထင်ရှားပါကုန်ပြီ။''

မဃဒေဝမင်းကြီးသည် ဆတ္တာသည်၏ လျှောက်ထားချက်ကိုကြားသိရသည့်အတွက် ဆတ္တာသည်အား ထိုဆံဖြူတို့ကို မွေးညှပ်ဖြင့်ကောင်းစွာနုတ်ယူ၍ ငါ၏လက်ခုပ်၌ထည့်လော့ဟုဆို၏။

www.thitsarparamisociety.com

www.thitsarparami.org



ဆတ္တာသည်သည် မင်းကြီး၏စကားကို နာခံ၍ ထို သေမင်းတမန်ဖြစ်သော ဆံဖြူတို့ကို မွေးညှပ်ဖြင့် ကောင်းစွာ နုတ်၍ မဃဒေဝမင်းကြီး၏ လက်ခုပ်၌ ထည့်လေ၏။

အာနန္ဒာ -

မဃဒေဝမင်းကြီးသည် ၎င်း၏သေမင်းတမန် ဖြစ်သော ဆံဖြူတို့ကို တွေ့မြင်ရသည့်အတွက် ဆတ္တာသည်အား ရွာဆု ပေးပြီးလျှင် သားတော်ကြီးအိမ်ရှေ့မင်းကို ခေါ်စေ၍ ဤသို့ မိန့်တော်မူ၏ -

သားတော်မောင် - ငါ့အား သေမင်းတမန်တို့သည် ထင်ရှား ဖြစ်ပေါ်ကုန်ပြီ၊ ဦးခေါင်း၌ ဆံဖြူပေါက်ရောက်ခြင်းတို့သည် ထင်ရှားကုန်၏၊ ငါသည် လူ့ကာမဂုဏ်တို့ကို ခံစားပြီးပြီ၊ နတ် ကာမဂုဏ်တို့ကို ရှာမှီးရန် အချိန်တန်ခဲ့ပြီ။

သားတော်မောင် - ဤတိုင်းနိုင်ငံကိုအုပ်စိုးလော့၊ ငါသည် ကား ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်တော့အံ့။

သားတော်မောင် - သင်သည်လည်း ဦးခေါင်း၌ ဆံဖြူတို့ ပေါက်လာသည်ကိုမြင်သောအခါ ငါကဲ့သို့ပင် ဆတ္တာသည်အား ရွာဆုပေးပြီးလျှင် သင်၏သားတော်ကြီး အိမ်ရှေ့မင်းကို မင်းကျင့် တရား၌ ကောင်းစွာဆုံးမခဲ့၍ ဆံမုတ်ဆိတ်ကို ရိတ်ပယ်ကာ ဖန်ရည်ဆိုးသောအဝတ်တို့ကိုဝတ်လျက် လူ့ဘောင်မှ ရဟန်းဘောင် သို့ ဝင်ပါလေ။

သားတော်မောင် - ''ငါထားခဲ့သော ကောင်းမြတ်သည့် ဤကျင့်ဝတ်အတိုင်း ဆက်လက်ကျင့်ပါလေ၊ သင်သည် ငါ၏ အဆုံးစွန်သောယောကျ်ား မဖြစ်စေလင့်''

www.thitsarparamisociety.com

www.thitsarparami.org



သားတော်မောင်-"အန္တယ်အဆက် ယောက်ျားကောင်း ဖြစ်ပါလျက် ငါထားခဲ့သော ကောင်းမြတ်သည့် ကျင့်ဝတ်တရား ပြတ်သူသည် အဆုံးစွန်သောယောက်ျားပင် ဖြစ်၏"

သားတော်မောင်-"ငါထားခဲ့သော ကောင်းမြတ်သည့် ဤကျင့်ဝတ်အတိုင်း ကျင့်ပါလေ၊ သင်သည် ငါ၏ အဆုံးစွန်သော ယောက်ျားမဖြစ်ပါစေလင့်" ဟု ဆိုဆုံးမတော်မူ၏။

## မဃဒေဝမင်း ရဟန်းဘောင်သို့ဝင်ခြင်း

အာနန္ဒာ- မဃဒေဝမင်းကြီးသည် သားတော်ကြီး အိမ်ရှေ့မင်းကို မင်းကျင့်တရား၌ ကောင်းစွာဆုံးမခဲ့၍ ၎င်းထားရှိခဲ့သော ကောင်းမြတ်သည့် ကျင့်ဝတ်အတိုင်း ဆက်လက်ကျင့်သုံးရန် မိန့်မှာခဲ့သည်။ ဤမဃဒေဝ သရက်ဥယျာဉ်၌သာလျှင် ဆံမုတ်ဆိတ်ကို ရိတ်ပယ်ကာ ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံလျက်၊ လူ့ဘောင်မှ ရဟန်းဘောင်သို့ဝင်၏။

ထိုမဃဒေဝမင်းကြီးသည်-

- ချစ်ခြင်း "မေတ္တာ" နှင့်ယှဉ်သောစိတ်ဖြင့်၊
- သနားခြင်း "ကရုဏာ" နှင့်ယှဉ်သောစိတ်ဖြင့်၊
- ဝမ်းမြောက်ခြင်း "မုဒိတာ" နှင့်ယှဉ်သောစိတ်ဖြင့်၊
- လျစ်လျူရှုခြင်း "ဥပေက္ခာ" နှင့်ယှဉ်သောစိတ်ဖြင့်၊

အရပ်ဆယ်မျက်နှာစလုံးကို ပြန့်နှံ့စေ၍နေ၏၊

www.thitsarparamisociety.com

www.thitsarparami.org



❖ အလုံးစုံသောအရပ်၊
❖ အလုံးစုံသော သတ္တဝါတို့၌ မိမိနှင့်တူစွာသတ္တဝါ အားလုံးရှိသော သတ္တလောကကို၊
❖ ပြန့်ပြောသော၊
❖ မြတ်သော၊
❖ အပိုင်းအခြားမရှိသော၊
❖ ရန်မရှိသော၊
❖ ကြောင့်ကြမှုမရှိသောလျစ်လျူရှုခြင်း "ဥပေက္ခာ" နှင့်ယှဉ်သောစိတ်ဖြင့် ပြန့်နှံ့စေ၍နေ၏။

ထိုမဃဒေဝမင်းကြီးသည် ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ပွားများလျက် ခန္ဓာကိုယ်ပျက်စီး၍ သေသည့်နောက်၌ ဗြဟ္မာ့ပြည်သို့ ရောက်ရှိ၏။

## ရှစ်သောင်းလေးထောင်သော မင်းတို့ လိုက်နာကျင့်ကြံကြခြင်း

အာနန္ဒာ-မဃဒေဝမင်းကြီး၏ သားတော်ကြီး အိမ်ရှေ့မင်းသည်လည်း မင်းကြီး၏ မိန့်မှာချက်အတိုင်း၊ တိုင်းသူပြည်သားတို့အား မင်းကျင့်တရားနှင့်အညီ ပြုကျင့်ပါ၏။ "မဃဒေဝမင်းကြီးကဲ့သို့ပင် ဆတ္တာသည်က မွေးညှပ်ဖြင့်ကောင်းစွာနုတ်၍ လက်ခုပ်ထဲသို့ ထည့်ပေးသော ဆံဖြူတို့ကို မြင်သည့်အခါ ဆတ္တာသည်

www.thitsarparamisociety.com

www.thitsarparami.org



အား ရှာဆုပေး၍ ၎င်း၏သားတော်ကြီးအိမ်ရှေ့မင်းကို ထီးနန်းအပ်ခါ ရဟန်းဘောင်သို့ ဝင်လေ၏။

၎င်း၏သားတော်ကြီးအိမ်ရှေ့မင်းကိုလည်း မဃဒေဝမင်းက ၎င်းအား မှာကြားခဲ့သလိုပင်-

❖ ဆံဖြူတို့ပေါက်လာသည်ကိုမြင်လျှင် ဆတ္တာသည်အား ရှာဆုပေးပြီး ရဟန်းဘောင်သို့ ဝင်ရန်၊

❖ သားတော်ကြီးအိမ်ရှေ့မင်းကို မင်းကျင့်တရား၌ ကောင်းစွာတည်စေရန် ဆုံးမပြီးထီးနန်း လွှဲအပ်ရန်၊

❖ အဆက်ဆက်က ထားခဲ့သော ကောင်းမြတ်သည့် ကျင့်ဝတ်အတိုင်း ဆက်လက်ကျင့်သုံးရန်၊

❖ အနွယ်အဆက်ကောင်းသော ယောကျ်ားကောင်း ဖြစ်ပါလျက် ကောင်းမြတ်သည့် ကျင့်ဝတ်တရားကို မလိုက်နာသူ အဆုံးစွန်သောယောကျ်ား မဖြစ်စေရန်၊ တို့ကို မိန့်မှာတော်မူပါ၏။

မဃဒေဝမင်းကြီး ဆံဖြူတို့ကိုတွေ့မြင်ရ၍ ရဟန်းဘောင်သို့ ဝင်သကဲ့သို့ မဃဒေဝမင်းကြီး၏ သားတော်သည်လည်း ဆံဖြူတို့ကို တွေ့မြင်ရ၍ ရဟန်းဘောင်သို့ ဝင်ပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



မဃဒေဝမင်းကြီး၏ ဆံုးမမိန့်မှာချက်များအတိုင်း မဃဒေဝမင်းကြီး၏ သား မြေး အဆက်ဆက်ဖြစ်ကုန်သော ရှစ်သောင်းလေးထောင်သော မင်းဆက်တို့သည် ဆံဖြူတို့ကို တွေ့မြင်ရ၍ ဆံမုတ်ဆိတ်ကိုရိတ်ပယ်၍ ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံကြလျက် မဃဒေဝ သရက်ဥယျာဉ်၌သာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြကုန်၏။

မဃဒေဝမင်းကြီးသည် ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ကျင့်ကြံပွားများသကဲ့သို့ မဃဒေဝမင်းကြီး၏ ရှစ်သောင်းလေးထောင်သော မင်းဆက်တို့သည်လည်း ရဟန်းဘောင်တွင် ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ကျင့်ကြံပွားများကြပါ၏။

မဃဒေဝမင်းကြီးနှင့် ရှစ်သောင်းလေးထောင်သော မင်းတို့သည် ရဟန်းဘောင်တွင် ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ကျင့်ကြံကြသဖြင့် သေသည်မှနောက်၌ ဗြဟ္မာ့ပြည်သို့ ရောက်ရှိကြကုန်၏။

အာနန္ဒာ–ထိုမဃဒေဝမင်း၏သားမြေးအဆက်ဆက် ဖြစ်ကုန်သော ရှစ်သောင်းလေးထောင်သောမင်းတို့သည် ဤ မဃဒေဝ သရက်ဥယျာဉ်၌သာလျှင် ဆံမုတ်ဆိတ်ကိုရိတ်ပယ်၍ ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်ရုံကြလျက် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ကြခြင်းဖြစ်၏။

www.thitsarparamisociety.com

www.thitsarparami.org



## အဆုံးစွန်သော ယောက်ျားဖြစ်သော ကဋ္ဌာရဇနကမင်း

အာနန္ဒာ

ထိုရှစ်သောင်းလေးထောင်သောမင်းတို့တွင် နောက်ဆုံးမင်းသည် နေမိမင်းဖြစ်၏၊ နေမိမင်း၏သားဖြစ်သူ ကဋ္ဌာရဇနကမင်းသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ မဝင်ရောက်ပေ။

ထို့ကြောင့် ထိုကဋ္ဌာရဇနကမင်းသည် မဃဒေဝမင်း ထားရှိခဲ့သော ကောင်းမြတ်သောကျင့်ဝတ်ကို ဖြတ်သူဖြစ်၏။

ထိုကဋ္ဌာရဇနကမင်းသည် မဃဒေဝမင်းကြီးမင်း၏သားမြေး အဆက်ဆက်ဖြစ်ကုန်သော ရှစ်သောင်းလေးထောင်သော မင်းတို့၏နောက်တွင် အဆုံးစွန်သောယောက်ျား ဖြစ်ပေ၏။

## ဖြဟ္မာ့ပြည်သို့ ရောက်ရုံသာ

အာနန္ဒာ

ထိုစဉ်ကမဃဒေဝမင်းဖြစ်စဉ်တော်မူအခါက ငါထားခဲ့သော ထိုကောင်းမြတ်သည့်ကျင့်ဝတ်တရားအတိုင်း နောက်သားနောင်လာအပေါင်းတို့သည် ဆက်လက်၍ ကျင့်ကြကုန်၏။

သို့သော် ထိုကောင်းမြတ်သည့် ကျင့်ဝတ်တရား (ဗြဟ္မဝိဟာရတရားလေးပါးတို့ကို ကျင့်ကြံခြင်း) သည်-

www.thitsarparamisociety.com

www.thitsarparami.org



- ငြိမ်းအေးရန်၊
- တပ်မက်မှုကင်းရန်၊
- ချုပ်ငြိမ်းရန်၊
- ငြိမ်းအေးရန်၊
- အထူးသိရန်၊
- ထိုးထွင်း၍သိရန်ကောင်းစွာမဖြစ်၊
- နိဗ္ဗာန်အကျိုးငှာမဖြစ်၊
- ဗြဟ္မာ့ပြည်သို့ ရောက်ရုံသာဖြစ်၏။

## နိဗ္ဗာန်အကျိုးငှာဖြစ်၏

အာနန္ဒာ

ယခုအခါ ငါဘုရားထားခဲ့သော ကောင်းမြတ်သည့် ကျင့်ဝတ်တရားမှာမူကားကေန်

- ဝဋ်ဆင်းရဲ၌ငြိမ်းအေးရန်၊
- တပ်မက်မှုကင်းရန်၊
- ချုပ်ငြိမ်းရန်၊
- ငြိမ်းအေးရန်၊
- အထူးသိရန်၊
- ကိုယ်တိုင်သိရန်ဖြစ်၏၊
- နိဗ္ဗာန်အကျိုးငှာဖြစ်၏။

www.thitsarparamisociety.com

www.thitsarparami.org



ထိုကောင်းမြတ်သည့် ကျင့်ဝတ်တရားမှာ အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်တရား (မဂ္ဂင်ရှစ်ပါး) ပင်ဖြစ်၏။

အရိယမဂ်ဟူသည်မှာ-

- ❖ မှန်စွာသိမြင်ခြင်း၊
- ❖ မှန်စွာကြံစည်ခြင်း၊
- ❖ မှန်စွာပြောဆိုခြင်း၊
- ❖ မှန်စွာပြုလုပ်ခြင်း၊
- ❖ မှန်စွာအသက်မွေးခြင်း၊
- ❖ မှန်စွာအားထုတ်ခြင်း၊
- ❖ မှန်စွာအောက်မေ့ခြင်း၊
- ❖ မှန်စွာတည်ကြည်ခြင်း တို့ပင် ဖြစ်၏။

အာနန္ဒာ

ငါသည်သင်တို့အား ဤသို့ ဟောကြားတော်မူပါ၏။ ''ငါထားခဲ့သော ဤကောင်းမြတ်သည် ကျင့်ဝတ်တရားအတိုင်း ဆက်လက်ကျင့်ကြံကြရန်လော့၊ သင်တို့သည် ငါ၏ အဆုံးစွန်သော ယောကျ်ားများ မဖြစ်ကြစေကုန်လင့်''

''အန္တယ်အဆက် ယောကျ်ားကောင်း ဖြစ်ပါလျက် ဤကောင်းမြတ်သည့် ကျင့်ဝတ်တရားကို ကျင့်ကြံခြင်း မပြုသူသည် အဆုံးစွန်သော ယောကျ်ား ဖြစ်ပေ၏။''

www.thitsarparamisociety.com

www.thitsarparami.org



အာနန္ဒာ

ငါသည် သင်တို့အား ဤသို့ ထပ်မံဟောတော်မူပါ၏။

**“ငါထားခဲ့သော ဤကျင့်ဝတ်တရားအတိုင်း ဆက်လက်ကျင့်ကြံကြကုန်လော့၊ သင်တို့သည် ငါ၏ အဆုံးစွန်သော ယောကျ်ားများ မဖြစ်ကြစေကုန်လင့်”**

မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ဤသို့ပင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ဖြစ်သည့် မဂ္ဂင်ရှစ်ပါး တရားတော်ကို ကျင့်ကြံကြကုန်၍ နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်ရန် မိန့်တော်မူခဲ့ပေ၏။

## အနှစ်ထုတ်ယူရန်

ဤသုတ်တော်ကို ထုတ်ဖော်တင်ပြရခြင်း၏ ရည်ရွယ်ချက် (၂) ခုမှာ-

၁။ ဘုရားပွင့်ထွန်းတော်မူခြင်း မရှိသည့် သာသနာပကာလတွင် အမြင့်ဆုံးအားဖြင့် ဗြဟ္မဝိဟာရတရားလေးပါးတို့ကိုသာ ကျင့်ကြံနိုင်ကြပြီး ဗြဟ္မာ့ပြည်သို့သာ ရောက်ရှိနိုင်ကြကုန်၏။

ဘုရားပွင့်ထွန်းပြီး၊ ဘုရားသာသနာတော်တွင်းကာလတွင်မူ ဗြဟ္မဝိဟာရတရားလေးပါးထက် **ပိုမိုသာလွန်မြင့်မြတ်သော နိဗ္ဗာန်တိုင်အောင် ရောက်ရှိနိုင်သည့် မဂ္ဂင်ရှစ်ပါးတရားကို ကျင့်ကြံကြရန်** မြတ်စွာဘုရား

www.thitsarparamisociety.com

www.thitsarparami.org



မိန့်တော်မူသည်ကို အစဉ်နှလုံးသွင်း၍ ဝိပဿနာတရား ရှုမှတ်ပွားများသူများ ပိုမိုကြိုးစား ကျင့်ကြံအားထုတ်နိုင်ရန်။

၂။ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် ဝိပဿနာတရား ရှုမှတ်ပွားများကျင့်ကြံကြိုးပမ်းနေသော သူတော်ကောင်း သူတော်စင်တို့သည် မြတ်စွာဘုရားဖြစ်စေလိုသော အနွယ်အဆက်သူတော်ကောင်းများ ဖြစ်ကြပါသည်။ မြတ်စွာဘုရားထားခဲ့သော မဂ္ဂင်ရှစ်ပါးတရားတော်ဖြင့် **နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့်အထိ ကောင်းမြတ်သည့် ကျင့်ဝတ်တရားနှင့်အညီ အနွယ်အဆက် သူတော်ကောင်းများပီပီ ဆက်လက်ကျင့်ကြံကြရန်။**

နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်သည့် မဂ္ဂင်ရှစ်ပါးတရားတော်ကို ထိရောက်စွာ ကျင့်ကြံခြင်းမပြုသဖြင့် အနွယ်အဆက် သူတော်ကောင်းများ ဖြစ်ကြပါလျက် **ကောင်းမြတ်သည့် ကျင့်ဝတ်တရားပြတ်သူ အဆုံးစွန်သောသူ (အသုံးမကျသူ) မဖြစ်စေရန်။**

www.thitsarparamisociety.com

www.thitsarparami.org



# ဘုရားရှင်တို့၏ကြီးမြတ်သော မဟာကရုဏာတော်ဉာဏ်

ပဋိသမ္ဘိဒါမဂ် ပါဠိတော်မြန်မာပြန်တွင် မြတ်စွာဘုရားရှင်တို့၏ ကြီးမြတ်သော မဟာကရုဏာတော်ဉာဏ်များကို မြတ်စွာဘုရား ဟောကြားတော်မူပါ၏။

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့အပေါ် သက်ရောက်သည့် မြတ်စွာဘုရား၏ မဟာကရုဏာတော်ဉာဏ်သည် အသေးစိတ်အားဖြင့် (၈၀) ကျော်ခန့် ရှိပါ၏။ ထိုမဟာကရုဏာတော်ဉာဏ်များ၏ အဆုံးသတ်တွင် မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူပါ၏-

- ❖ ငါသည်သာလျှင်သံသရာမှ ကူးမြောက်ပြီးပြီ၊ သတ္တဝါအပေါင်းတို့သည်ကား မကူးမြောက်ရသေး။
- ❖ ငါသည်သာလျှင် အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးပြီ၊ သတ္တဝါအပေါင်းသည်ကား မလွတ်မြောက်သေး၊
- ❖ ငါသည်သာလျှင် ယဉ်ကျေး၏၊ သတ္တဝါအပေါင်းသည်ကား မယဉ်ကျေးသေး၊
- ❖ ငါသည်သာလျှင် ငြိမ်းအေး၏၊ သတ္တဝါအပေါင်းသည်ကား မငြိမ်းအေးသေး၊
- ❖ ငါသည်သာလျှင် သက်သာရာရပြီ၊ သတ္တဝါအပေါင်းသည်ကား သက်သာရာမရသေး၊
- ❖ ငါသည်သာလျှင် ကိလေသပရိနိဗ္ဗာန်ဖြင့် ငြိမ်းပြီ၊ သတ္တဝါအပေါင်းသည်ကား မငြိမ်းရသေး၊

www.thitsarparamisociety.com

www.thitsarparami.org



- ❖ ငါသည်သံသရာမှ ကူးမြောက်ပြီးသည်ဖြစ်၍ သူတပါးကို ကူးမြောက်စေရန်၊
- ❖ အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးသည်ဖြစ်၍ သူတပါးကို လွတ်မြောက်စေရန်၊
- ❖ ယဉ်ကျေးပြီးသည်ဖြစ်၍ သူတပါးကို ယဉ်ကျေးစေရန်၊
- ❖ ငြိမ်းအေးပြီးသည်ဖြစ်၍ သူတပါးကို ငြိမ်းအေးစေရန်၊
- ❖ သက်သာရာရပြီးသည်ဖြစ်၍ သူတပါးကို သက်သာရာရစေရန်၊
- ❖ ကိလေသပရိနိဗ္ဗာန်ဖြင့် ငြိမ်းပြီးသည်ဖြစ်၍ သူတပါးကို ငြိမ်းစေရန် စွမ်းနိုင်ပါ၏။

မြတ်စွာဘုရားရှင်သည် ကိုယ်တိုင်ကိလေသပရိနိဗ္ဗာန်ဖြင့် ငြိမ်းအေးသကဲ့သို့ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအပေါင်းတို့ကိုလည်း ကြီးမြတ်သော မဟာကရုဏာတော်ဉာဏ်ဖြင့် ရှုမြင်သုံးသပ်ပြီး သတ္တဝါအားလုံးကို ကိလေသပရိနိဗ္ဗာန်ဖြင့် ငြိမ်းအေးကြစေလိုပါ၏။

**ထိုသို့ ငြိမ်းအေးနိုင်ကြရန် မြတ်စွာဘုရားထားခဲ့သော ကောင်းမြတ်သည့် ကျင့်ဝတ်တရား (မဂ္ဂင်ရှစ်ပါး)ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသည်အထိ ကျင့်ကြံအားထုတ်ကြရန် ဖြစ်ပေ၏။**

www.thitsarparamisociety.com

www.thitsarparami.org



## ရဟန္တာအရှင်သူမြတ်များ

သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာဟူသည့် အဆင့်လေးဆင့်ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ရန် အားထုတ်ကျင့်ကြံကြိုးပမ်းနေကြကုန်သော ဗုဒ္ဓဘာသာဝင်သူတော်ကောင်းသူတော်စင်တို့သည်-

သံသရာမှ လွတ်မြောက်ပြီးဖြစ်သော ရဟန္တာအရှင်သူမြတ်များ၏-

- ❖ ဂုဏ်၊
- ❖ ကိလေသာကင်းစင်ပုံ၊
- ❖ ပြုမူနေထိုင်ပုံ၊
- ❖ ဝိပဿနာရှုပြီးမှ ရဟန္တာဖြစ်ပုံ၊
- ❖ သေရေး၊ နေရေး မတောင့်တပုံ၊
- ❖ တဏှာမရှိသဖြင့် ဘဝသစ်မဖြစ်ပုံ၊
- ❖ ဆီမီးတောက်ကဲ့သို့ငြိမ်းပုံ၊
- ❖ ဝန်ထုပ်များကိုပယ်ချပြီးဖြစ်ပုံ၊
- ❖ ဘဝနှောင်ကြိုးမရှိပုံ၊
- ❖ မှန်စွာသိ၍ လွတ်မြောက်နေပုံ၊
- ❖ သဉပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုပုံ၊
- ❖ အနုပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုပုံ၊
- ❖ ဥဒါန်းကျူးရင့်တော်မူပုံ၊

www.thitsarparamisociety.com

www.thitsarparami.org



စသည့် မြတ်စွာဘုရား ဟောကြားထားသည်ကို သိရှိနှလုံးသွင်းခြင်းဖြင့် မိမိတို့ ကျင့်ကြံအားထုတ်လျက်ရှိသော ဝိပဿနာ ဘာဝနာတရားသည် ပိုမိုအားကြီးသော ဝိပဿနာ ဘာဝနာတရား ဖြစ်လာပေမည်။

www.thitsarparamisociety.com

www.thitsarparami.org

# ရဟန္တာဆိုင်ရာတရားတော်

## အခန်း [၂]

## ရဟန္တာ

www.thitsarparamisociety.com

www.thitsarparami.org



## သဉပါဒိသေသနိဗ္ဗာန်

- ရာဂစသည် မဖြစ်ခြင်း၊ ငြိမ်းခြင်းသည် သဉပါဒိသေသနိဗ္ဗာန် ဖြစ်၏။
- ရဟန္တာအရှင်သူမြတ်၏ အတွင်းသန္တာန်၌မြင်မှု၊ သိမှုရှိပါလျက်ရာဂ၊ ဒေါသ၊ မောဟတို့၏ကုန်ခြင်း၊ မဖြစ်ခြင်း၊ ငြိမ်းခြင်းကို သဉပါဒိသေသနိဗ္ဗာန်တတ် "ခန္ဓာအကြွင်းရှိသော အငြိမ်းတတ်နိဗ္ဗာန်" ဟူ၍ ခေါ်ဆို၏။

## အနုပါဒိသေသနိဗ္ဗာန်

အရှိအသေ အပူဇော်ခံထိုက်သော ရဟန္တာအရှင်သူမြတ်တို့သည်-

- ❖ အာသဝေါတရား ကိလေသာခပ်သိမ်းတို့ ကုန်ငြိမ်းခြင်း၊
- ❖ အကျင့်မြတ်ကို ပြည့်စုံစွာ ကျင့်သုံးပြီးစီးခြင်း၊
- ❖ လေးလံလှစွာ ဝန်ထုပ်ကြီးများကိုလည်း ချထားပြီးခြင်း၊
- ❖ အရဟတ္တဖိုလ်သို့လည်း ရောက်ပြီးသူဖြစ်ခြင်း၊
- ❖ ဘဝနှောင်ကြိုးလည်း ကုန်ဆုံးကင်းကွာပြီးဖြစ်ခြင်း၊
- ❖ မှန်စွာသိ၍ အပြည့်စုံ လွတ်မြောက်ခြင်း။

တို့ကြောင့် ခန္ဓာအကြွင်းမရှိသော အငြိမ်းတတ်နိဗ္ဗာန်ကို မျက်မှောက်ပြု၍ အေးငြိမ်းသွားကြပေကုန်၏။

www.thitsarparamisociety.com

www.thitsarparami.org



# အခန်း(၂)
# ရဟန္တာဆိုင်ရာတရားတော်
## ရဟန္တာ

ရတနသုတ်ပရိတ်ဂါထာတော်

ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ။
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠ္ဟိဆန္ဒာ။
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။

ရတနသုတ်ပရိတ်ဂါထာတော်ထဲမှ ရဟန္တာပုဂ္ဂိုလ်၏ဂုဏ်ကို ချီးကျူးပြဆိုသောဂါထာဖြစ်ပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



**အဓိပ္ပာယ်မှာ-**

အကြင်ရဟန္တာပုဂ္ဂိုလ်တို့မှာ

❖ ရှေးဟောင်းကံသည် အရဟတ္တမဂ်ဖိုလ်၏ အစွမ်းကြောင့် ကုန်ခန်းခဲ့လေပြီ။

❖ ဘဝသစ်ကို ဖြစ်စေနိုင်သော အသစ်ဖြစ်သောကံသည် လည်း မရှိပေ။

## ရဟန္တာဆိုသည်မှာ

❖ မြင်တိုင်းကြားတိုင်းဒွါရ ၆-ပါးကပေါ်လာသမျှရုပ်နာမ် တွေကို ဝိပဿနာရှုပြီး၊

❖ ဝိပဿနာဉာဏ်အစဉ်ဖြင့်၊

❖ အရဟတ္တမဂ်ဖိုလ်ကိုရောက်ပြီး၊

❖ ကိလေသာလုံးဝကင်းသောပုဂ္ဂိုလ်ဖြစ်ပါ၏။

## အဆိုပါ ရဟန္တာပုဂ္ဂိုလ်မှာ

❖ ကိလေသာမရှိသည့်အတွက်ကြောင့်၊

❖ ကံဟောင်းတွေက ဘဝသစ်အကျိုးကို မပေးနိုင်တော့ပါ၊

❖ ထို့ကြောင့် ကံဟောင်းတွေ ကုန်ခန်းသွားပြီလို့ ဆိုရပါ၏၊

❖ **ကိလေသာမရှိသည့်အတွက်ကြောင့် အကုသိုလ်အမှုများ ကို လုံးဝပြုလုပ်ခြင်း မရှိပါ၊**

❖ ကုသိုလ်အမှုမျိုးကိုတော့ ပြုပါ၏၊

www.thitsarparamisociety.com

www.thitsarparami.org



# ရဟန္တာပုဂ္ဂိုလ်သည်

❖ တရားလည်း ဟောကြားတော်မူပါ၏၊

❖ တရားလည်း နာကြားတော်မူပါ၏၊

❖ ဘုရားကို အရိုအသေပြု၍ ရှိခိုးတော်မူပါ၏၊

❖ သိက္ခာဝါကြီးသော ရဟန်းတော်များကို အရိုအသေပြု၍ ရှိခိုးတော်မူပါ၏၊

❖ မိမိမှာပိုလျှံနေသော ဆွမ်း၊ သင်္ကန်း စသည်တို့ကို တစ်ပါးသူများအား ပေးလှူပါ၏၊

❖ သီလအကျင့်ကို ရိုသေစွာ ကျင့်ပါ၏၊

❖ ထိုသို့သော ကုသိုလ်အလုပ်များကို အခွင့်သာတိုင်းပြုလုပ်ပါ၏၊

❖ **သို့သော် ကိလေသာအဖော်မရှိတော့သည်အတွက်ကြောင့် အကျိုးပေးတတ်သော ကုသိုလ်ကံ** မဖြစ်တော့ပါ၊ ကြိယာတရားသာ ဖြစ်ပါ၏။

❖ ထိုကြောင့် “**ဘဝသစ်ကိုဖြစ်စေနိုင်သော အသစ်ဖြစ်သော ကံသည်လည်း မရှိပေ**” ဟု ရတနသုတ်တွင် မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်ပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



## ကံကုန်အောင်ကျင့်နည်း

ကံဟောင်းတွေကုန်ခန်းပြီး၊ ကံသစ်တွေ မဖြစ်စေလိုလျှင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရောက်အောင် ကျင့်ကြံရှုမှတ်ပွားများရပါ၏၊ ရှေးဦးစွာ **သီလ**နှင့် ပြည့်စုံစေရပြီး၊ သီလပြည့်စုံပြီးသည့်အခါ **သမာဓိ ပညာ** အကျင့်များကို ကျင့်ကြံရှုမှတ်ပွားများရန်ဖြစ်ပါ၏။ သမာဓိမှ ဈာန်ရအောင် ကျင့်ကြံပြီး ထိုဈာန်ကို အခြေပြု၍ ဝိပဿနာတရားကို အားထုတ်ရန် ဖြစ်ပါ၏။ ဈာန်ရအောင် အားမထုတ်နိုင်လျှင် မဟာသတိပဋ္ဌာနသုတ်မှာ မြတ်စွာဘုရား ဟောကြားထားတော်မူသောနည်းများအရ **ဒွါရ ၆-ပါးက ထင်ရှားဖြစ်ပေါ်နေသော ရုပ်နာမ်တရားများကို ရှုမှတ်ပွားများအားထုတ်ရန်ဖြစ်ပါ၏။**

## ဝိပဿနာရှုပြီးမှ အရဟတ္တဖိုလ်ရသည်

ဒါနကုသိုလ်ကြောင့် အရဟတ္တဖိုလ်အကျိုးကို ရသည်ဆိုသော်လည်း **ဝိပဿနာမရှုဘဲ အလိုလိုမရနိုင်ပါ။** ဝိပဿနာ ရှုမှတ်ပြီးမှသာ ရနိုင်ပါသည်။ ထို့ကြောင့် အနာဂါမ်က အရဟတ္တမဂ်ဖိုလ်ရအောင် ရည်ရွယ်ပြီး ဝိပဿနာရှုလျှင် ဝိပဿနာဉာဏ်ရင့်သန်ပြည့်စုံသည့်အခါ **အရဟတ္တမဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး** ရဟန္တာ ဖြစ်ပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



ရဟန္တာအရှင်မြတ်တို့သည်–

❖ နောင်အနာဂတ်ဘဝ၌ တပ်မက်ခြင်းကင်းသော စိတ်ရှိကုန်၏၊ တပ်မက်လိုချင်ခြင်း ကင်းကုန်၏။

❖ ရဟန္တာတို့သည် **လက်ရှိဘဝ၌လည်း သာယာမှု မရှိပါ။ နောင်ဘဝကိုလည်း လိုချင်တောင့်တမှု မရှိပါ။**

## ရဟန္တာမှာ သေရေး နေရေး မတောင့်တ

**နာဘိနန္ဒာမိ မရဏံ ၊ နာဘိနန္ဒာမိ ဇီဝိတံ။**
**ကာလဉ္စ ပဋိကင်္ခါမိ ၊ နိဗ္ဗိသံ ဘတကော ယထာ။**

## နာဘိနန္ဒာမိ မရဏံ

ရဟန္တာသည် **သေခြင်းကို မနှစ်သက်မတောင့်တပါ။** ရဟန္တာများမှာ သေပြီးကောင်းစားချမ်းသာတာကိုလည်း မတောင့်တသည့်အတွက်ကြောင့် သေခြင်းကိုလည်း အလိုမရှိကြပါ။

## နာဘိနန္ဒာမိ ဇီဝိတံ

ယခုဘဝ၌ **အသက်ရှင်နေရခြင်းကိုလည်း ရဟန္တာသည် အလိုမရှိပါ။** ရဟန္တာများမှာ လိုချင်နှစ်သက်မှုတဏှာ၊ လုံးဝမရှိသည့်အတွက်ကြောင့် ယခုဘဝ အသက်ရှင်နေရခြင်းကိုလည်း မနှစ်သက်ပါ၊ အလိုမရှိကြပါ။

www.thitsarparamisociety.com

www.thitsarparami.org



ရဟန္တာများမှာ ဒေါသကလည်း လုံးဝမရှိသည့်အတွက်ကြောင့် သေခြင်းကိုလည်း မနှစ်သက်၊ အလိုမရှိကြပါ။

## ကာလဉ္စ ပဋိကင်္ခါမိ၊ နိဗ္ဗိသံ ဘဝကော ယထာ

သို့ဖြစ်ပါ၍ မည်သည်ကို အလိုရှိသနည်းဟုဆိုပါလျှင် **ပရိနိဗ္ဗာန်ပြုရမည့်ကာလကိုသာလျှင် မျှော်လင့်၏၊** အခစားလုပ်သူသည် လုပ်ခကို မျှော်လင့်တောင့်တသကဲ့သို့ပင် ဖြစ်၏။

ရဟန္တာပုဂ္ဂိုလ်သည် သေခြင်းကို အလိုမရှိပါ။ အသက်ရှင်နေခြင်းကိုလည်း အလိုမရှိပါ၊ ပရိနိဗ္ဗာန်ပြုရမည့်အချိန်ကာလကိုသာ အလိုရှိကြပါ၏။ အဘယ်ကြောင့်ဆိုသော် **ပရိနိဗ္ဗာန်ပြုရသည့်အချိန်ကျမှ ခန္ဓာငါးပါးဆိုသော ဝန်ထုပ်ကြီးက ကျသွားမှာဖြစ်လို့ပင် ဖြစ်ပါ၏။**

ရဟန္တာပုဂ္ဂိုလ်မှာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုသော ခန္ဓာငါးပါးကို လေးလံသော ဝန်ထုပ်ကြီးများဟု ထင်မြင်ကြပါသည်။

အစမထင်အောင် အလွန်ရှည်ကြာသော သံသရာ ကာလပတ်လုံး ထမ်းဆောင်လာခဲ့ရသော ခန္ဓာဝန်ထုပ်ကြီးကို ပရိနိဗ္ဗာန်စုတိ ကာလကျမှ စွန့်ချနိုင်ကြမည်။

ထို့ကြောင့် ရဟန္တာအရှင်မြတ်တွေသည် ပရိနိဗ္ဗာန်ပြုရမည့်အချိန်ကာလကိုသာ မျှော်လင့်အလိုရှိကြပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



ရဟန္တာအရှင်မြတ်တို့သည် **နှောင်းအနာဂတ်ဘဝ၌ တပ်မက်ခြင်းကင်းသောစိတ် ရှိကုန်၏၊** တပ်မက်လိုချင်ခြင်း ကင်းကုန်၏။ ထိုရဟန္တာသခင်ပညာရှိတို့သည် မစည်ပင် မဖြစ်ပွားသော အလိုဆန္ဒရှိကုန်သည်ဖြစ်၍ ဖြစ်လိုသော တဏှာဆန္ဒမဖြစ်ကြသောကြောင့် ကုန်ပြီးသော မျိုးစေ့ရှိကုန်သည်ဖြစ်၍ **ဘဝအသစ်ဖြစ်ရန် မျိုးစေ့ကုန်ပြီးဖြစ်သောကြောင့်** ရုပ်နာမ်ခန္ဓာအသစ်မဖြစ်တော့ဘဲ ငြိမ်းကြလေကုန်၏။

## ရဟန္တာမှာ တဏှာမရှိသဖြင့် ဘဝသစ်မဖြစ်

ရဟန္တာအရှင်မြတ်တွေမှာ ဘဝသစ်၌တပ်မက်လိုချင်သော တဏှာမရှိကြသည့်အတွက် **ဘဝသစ်ဖြစ်ရန်ဝိညာဏ် မျိုးစေ့ကုန်ခမ်းသွားကြပြီ** ဖြစ်၏။

"ကုသိုလ်ကံ အကုသိုလ်ကံတို့သည် ပေါက်ရောက်ဖြစ်ပွားရာ လယ်မြေပေတည်း၊ ကံနှင့်တကွဖြစ်သော ဝိညာဏ်သည် မျိုးစေ့ပေတည်း၊ လိုချင်တပ်မက်မှုတဏှာသည် အရည်အစိုဓာတ်ပေတည်း" ဟု အင်္ဂုတ္တရတိကနိပါတ် ၂၂၄-ပါဠိတော်အရ ကံနှင့်တကွဖြစ်သော စိတ်ဝိညာဏ်သည် မျိုးစေ့ဖြစ်၏၊ တဏှာဆိုသော ရေဓာတ် အစိုဓာတ်ရှိနေလျှင် ကမ္မဝိညာဏ်သည် သေခါနီးကာလမှာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဆိုသော အာရုံကို သန်သန်စွမ်းစွမ်း အာရုံပြုပြီး ဖြစ်လာ၏။

www.thitsarparamisociety.com

www.thitsarparami.org



ထိုစုတိစိတ်ဖြင့် သေသွားလျှင် အဆိုပါ **ကံအစရှိသော အာရုံကိုပဲ အာရုံပြုပြီး ပဋိသန္ဓေဝိညာဏ်အသစ် အပင်ပေါက် လာ၏။**

ရဟန္တာမှာတော့ **တဏှာရေက မရှိတော့သည့်အတွက် ပရိနိဗ္ဗာန်ပြုခါနီးမှာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် မထင်တော့ပါ။** ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ကို အာရုံပြုသော ကမ္မဝိညာဏ်စိတ် လည်းမဖြစ်ပါ၊ ကြိယာဇောစိတ်များနှင့် ထိုဇောကိုဆင်ခြင်သော ပစ္စဝေက္ခဏာကြိယာစိတ်များ သို့မဟုတ် ထင်ပေါ်တိုင်းသော သင်္ခါရတို့ကိုရှုသော ဝိပဿနာကြိယာစိတ်များသာ ဖြစ်ကြပါ၏။

အဆိုပါ ဇောပစ္စဝေက္ခဏာ ဝိပဿနာကြိယာစိတ်များ၏ အခြားမဲ့မှာ ပရိနိဗ္ဗာန်စုတိစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူကြ၏။

ထိုသို့ ပရိနိဗ္ဗာန်ပြုခါနီးမှာ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တွေ မထင်ပါ။

ကမ္မဝိညာဏ်ဆိုသော ဘဝမျိုးစေ့မရှိသည့်အတွက်ကြောင့် ပရိနိဗ္ဗာန်စုတိစိတ်၏ အခြားမဲ့မှာ ဘဝသစ် ပဋိသန္ဓေဝိညာဏ် အညွှန့် အပင်မပေါက်လာတော့ဘဲ ရုပ်၊ နာမ်၊ သင်္ခါရ အားလုံး ချုပ်ငြိမ်းသွားပါ၏။

**ထို့ကြောင့် ကုန်ပြီးသောမျိုးစေ့ ကုန်သည်ဖြစ်၍ ဘဝသစ် ဖြစ်ရန် ကမ္မဝိညာဏ်မျိုးစေ့ ကုန်ခန်းပြီးဖြစ်သောကြောင့် ရုပ်နာမ် ခန္ဓာ အသစ်မဖြစ်တော့ဘဲ ငြိမ်းလေကုန်၏ဟု မြတ်စွာဘုရားက ဟောတော်မူပါ၏။**

www.thitsarparamisociety.com

www.thitsarparami.org



## ဆီမီးတောက်ငြိမ်းတာနှင့်တူသည်

မြတ်စွာဘုရား၏ အမိန့်တော်အရ ရတနသုတ်ပရိတ်ကို အရှင်အာနန္ဒာမထေရ်က ဝေသာလီမြို့တော်မှာ လှည့်ပြီးရွတ်ဖတ်နေပါ၏၊

ထိုဂါထာကို ရွတ်ဖတ်နေဆဲမှာ **ထွန်းညှိပူဇော်ထားသော ဆီမီးတစ်ခု မီးစာရော ဆီရော ကုန်ပြီး ရုတ်တရက် ငြိမ်းသွားပါ၏။**

### အယံ ပဒီပေါ် နိဗ္ဗာတိယထာ နိဗ္ဗန္တိ

**ဤဆီမီးသည် ငြိမ်းသွားသကဲ့သို့ ငြိမ်းတော်မူကုန်၏ဟု** အရှင်အာနန္ဒာမထေရ်က ရွတ်ဆိုတော်မူပါ၏။

ထို့ကြောင့် **ရဟန္တာဟုခေါ်ရသည် ရုပ်နာမ်ခန္ဓာအစဉ်သည် ပရိနိဗ္ဗာန်စုတိစိတ်ဖြင့် ဆီမီးတောက်ကလေး ငြိမ်းသလိုပင် ငြိမ်းသွားပါ၏။**

ဆီမီးခွက်မှာ ဆီနဲ့ မီးစာကုန်သွားသည့်အခါ နောက်ဆုံးတောက်လောင်သည့် မီးတောက်ကလေး အထက်ဖက်မှာ အခိုးအငွေ့ဖြစ်ပြီး ဟုတ်ခနဲ ပျောက်သွားလျှင် မီးတောက်အသစ် မပေါ်လာတော့သည့်အတွက် တစ်ခါတည်း လုံးဝပျောက်သွားပါ၏။

**ရဟန္တာပုဂ္ဂိုလ်များ၏ ရုပ်နာမ်ခန္ဓာတွေ ချုပ်ငြိမ်းပုံမှာလည်း ထိုနောက်ဆုံးသော မီးတောက်ကလေးငြိမ်းပုံနှင့် တူပါ၏။**

www.thitsarparamisociety.com

www.thitsarparami.org



ပရိနိဗ္ဗာန်စုတိစိတ်နှင့်တကွ နောက်ဆုံး ရုပ်နာမ်တွေ ချုပ်ပျောက်သွားသည့်အခါမှာ ဘဝသစ်ရုပ်နာမ်တွေ မဖြစ်ပေါ်လာသည့်အတွက် တခါတည်း ငြိမ်းပါ၏။ ထို့ကဲ့သို့ငြိမ်းခြင်းသည် ရဟန္တာပုဂ္ဂိုလ်ဟု ခေါ်ရသော ရုပ်နာမ်ခန္ဓာများ ငြိမ်းသွားခြင်းပင် ဖြစ်၏။

**ရဟန္တာဆိုတာသည်လည်း ရုပ်နာမ်ခန္ဓာအစဉ်မျှသာ ဖြစ်၏၊ ရုပ်နာမ်ခန္ဓာအစဉ်မှ အလွတ်ပုဂ္ဂိုလ်သတ္တဝါဟု အသီးအခြား မရှိပါ။**

ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ် ငြိမ်းအေးသည်ဆိုသည်မှာ ရဟန္တာဟုခေါ်ရတဲ့ **ရုပ်နာမ်ခန္ဓာအစဉ် အသစ်မဖြစ်ပေါ်လာတော့ဘဲ ပြတ်စဲချုပ်ငြိမ်းသွားခြင်း ဖြစ်ပါ၏။**

**တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ**
**နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။**

အနာဂတ်ဘဝ၌ တပ်မက်လိုချင်ခြင်း ကင်းကုန်သော ထို ရဟန္တာသခင်ပညာရှင်တို့သည် ဖြစ်လိုသည့် တဏှာဆန္ဒမရှိကြသောကြောင့် ဘဝသစ်ဖြစ်ရန် ကံဝိညာဏ်မျိုးစေ့ကုန်ပြီး ဖြစ်ကြသောကြောင့် **ဆီနှင့် မီးစာကုန်၍** ဟုတ်ခနဲ ငြိမ်းသွားလေသော **ဆီမီးကဲ့သို့ ရုပ်နာမ်ခန္ဓာအသစ် မဖြစ်တော့ဘဲ ပြတ်စဲချုပ်ငြိမ်းတော်**မူကြလေကုန်၏ဟု အရှင်အာနန္ဒာမထေရ်က ရွတ်ဖတ်မိန့်ဆိုတော်မူခဲ့ပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



## ထန်းငုတ်တိုနှင့်တူသည်

**သမ္မသသုတ်** အရမြင်မှုစသည်ကိုရှုမှတ်၍ **အနိစ္စ စသည်ဖြင့်သိလျှင်** ထိုမြင်မှုစသည်နှင့်စပ်ပြီး တဏှာမဖြစ်နိုင်တော့ဘဲ **တဒင်္ဂအားဖြင့် ကင်းငြိမ်းကြောင်း** အလွန်ပင် ပေါ်လွင်ထင်ရှားပါ၏။

ထိုဝိပဿနာက ရင့်သန်ပြည့်စုံလို့ အရဟတ္တမဂ်ဖိုလ်သို့ ရောက်သည့်အခါ အရဟတ္တမဂ်ဉာဏ်၏အစွမ်းကြောင့် ကိလေသာတွေ အကုန်လုံး ကင်းစင်သွားပါ၏၊ **ကံဟောင်းတွေက ဘဝအကျိုး မပေးနိုင်တော့ဘဲ အစွမ်းသတ္တိ ကုန်သွားပါ၏၊ ကံအသစ်တွေလည်း ထပ်မံမဖြစ်ပေါ်တော့ပါ။**

ထို့ကြောင့် ပရိနိဗ္ဗာန်စုတိစိတ်ချုပ်သည်မှ နောက်၌ရုပ်နာမ်အသစ်မဖြစ်လာတော့ဘဲ ခန္ဓာအစဉ်လုံးဝပြတ်စဲသွားပါ၏၊ ထိုသို့ခန္ဓာအစဉ် လုံးဝပြတ်စဲသွားခြင်းသည် **ကိလေသာရော ခန္ဓာရော အကြွင်းမဲ့ ချုပ်ငြိမ်းသော အနုပါဒိသေသနိဗ္ဗာန်** ဖြစ်ပါ၏။

ထိုသို့ ငြိမ်းခြင်းသည် အရဟတ္တမဂ် ခဏကတည်းက ပြီးစီးခဲ့ပါ၏၊ သို့သော် ခန္ဓာငြိမ်းပုံမှာ ပရိနိဗ္ဗာန်စုတိ၏ အခြားမဲ့ကျမှထင်ရှားပါ၏။

ဥပမာအနေဖြင့် ထန်းပင်ငုတ်တိုနှင့် တူပါ၏၊ ထန်းပင်ငုတ်တိုဟာ လယ်ဆစ်မှ ခါးလယ်မှ ကျိုးပြတ်သွားကတည်းကပင်

www.thitsarparamisociety.com

www.thitsarparami.org



သေပါ၏၊ အညွန့်အတက် မပေါက်နိုင်တော့ပါ။ သို့သော် ထန်းငုတ်တိုကြီး ရှိနေသဖြင့် ထန်းပင်ကြီးရှိနေသလို ထင်ရပါ၏။

တဖြည်းဖြည်းနှင့် ခွေးမြည့်ပြီး ထန်းငုတ်တိုကြီးပါ လုံးဝမရှိတော့မှပင် ထန်းပင်ကြီး မရှိတော့ကြောင်း ပိုပြီးထင်ရှားပါ၏။

ထိုထန်းငုတ်တိုကြီးကဲ့သို့ပင် **အရဟတ္တမဂ်ခဏမှစပြီး ကိလေသာလည်း မဖြစ်နိုင်တော့ပါ၊ ကံကြောင့် ဘဝသစ်ခန္ဓာလည်း မဖြစ်နိုင်တော့ပါ။**

ပရိနိဗ္ဗာန်စုတိ၏ အခြားမဲ့မှစ၍ ခန္ဓာအသစ်မဖြစ်လာတော့ဘဲ လုံးဝချုပ်ငြိမ်းသွားခြင်းသည် ထန်းငုတ်တိုကြီးလုံးဝ ပျောက်သွားသလိုပင် ဖြစ်ပါ၏။

**ရဟန္တာမှာ ကိလေသာကင်းနေလို့ ကိလေသာ ဆင်းရဲ၊ စိတ်ဆင်းရဲမရှိပါ၊** သို့သော် ရုပ်ခန္ဓာကရှိနေသည့်အတွက် **ကိုယ်ဆင်းရဲ မကင်းသေးပါ၊** ပြုပြင်ပေးရတဲ့ သင်္ခါရဆင်းရဲလည်း ရှိနေပါသေးသည်။

ဒါကြောင့် ပရိနိဗ္ဗာန်မစံမီမှာ လုံးဝအေးငြိမ်းချမ်းသာမှုကို မရသေးသော်လည်း **ပရိနိဗ္ဗာန်စံပြီးသည့်အခါ ဆင်းရဲအားလုံး အကုန်ငြိမ်းပြီး လုံးဝအေးငြိမ်းမှုကို ရသွားပါ၏။**

www.thitsarparamisociety.com

www.thitsarparami.org



## ရဟန္တာသည် ကုသိုလ်အမှုကို မပယ်ပါ

**ရဟန္တာများမှာ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာတွေ ကင်းနေသည့်အတွက် အကုသိုလ်အမှုကို ပြုလုပ်ခြင်းမရှိပါ၊** ကုသိုလ်အမှုတွေကို အကြောင်းအားလျော်စွာပြုပါသည်၊ မိမိမှာ ပိုနေသည့် ဆွမ်းသင်္ကန်း စသည်များကို အခြားရဟန်းများအား ပေးလှူပါသည်။ သီလသိက္ခာပုဒ်များကို ရိုရိုသေသေ စောင့်ရှောက်ပါသည်။ တရားဟောခြင်း၊ တရားနာခြင်း၊ မေတ္တာ စသော သမထဘာဝနာပွားများခြင်း၊ ဈာန်သမာပတ်ဝင်စားခြင်း၊ ဝိပဿနာရှုခြင်း၊ မြတ်စွာဘုရားကိုရှိခိုးခြင်း၊ စေတီတော်ကိုရှိခိုးခြင်း၊ မထေရ်များကို အရိုအသေပြုခြင်း၊ ဝေယျာဝစ္စကိစ္စကြီးငယ်များကို အခွင့်သင့်သည်အားလျော်စွာ ဆောင်ရွက်ခြင်း စသည်တို့ကို ပြုလုပ်ပါသည်။

သို့သော် အဆိုပါ ကုသိုလ်အမှုများကို ပြုသည့်အတွက် အကျိုးပေးတတ်သော ကုသိုလ်ကံမဖြစ်ပေါ်ပါ၊ အကျိုးမပေးတတ်သော ကြိယာစိတ်များသာ ဖြစ်ပါ၏။

နမက္ကာရဘုရားရှိခိုးထဲမှာ- "**ကုသလံ ကုသလံ**-ကုသိုလ်၊ အကုသိုလ်ကို၊ ဇဟံပယ်စွန့်တော်မူပြီးသော မြတ်စွာဘုရားကို ရှိခိုးပါ၏" ဟု ပါရှိပါ၏။

ဘုရားနှင့် ရဟန္တာသည် ကိလေသာပယ်ပုံခြင်း၊ ကံပယ်ပုံခြင်းအားဖြင့် အတူတူဖြစ်ပါ၏၊ **မြတ်စွာဘုရားက ဝါသနာကိုလည်း ပယ်နိုင်ပါ၏။** သာဝကရဟန္တာများမှာတော့ ဝါသနာကို မပယ်နိုင်ပါ။

www.thitsarparamisociety.com

www.thitsarparami.org



ထိုဘုရားရှိခိုးထဲမှာ ကုသိုလ်ကို ပယ်စွန့်တယ်ဆိုတာ အရဟတ္တမဂ်၏အစွမ်းကြောင့် ကိလေသာမရှိတော့သည့်အတွက် အကျိုးပေးတတ်သောကုသိုလ်ကံ မဖြစ်တာကို ဆိုလိုရင်းဖြစ်ပါ၏။

## ပဋိသန္ဓေနှင့် ပဋိသန္ဓေကင်းခြင်း

ဆက်စပ်ပြီးဖြစ်နိုင်တဲ့ပဋိသန္ဓေခန္ဓာတွေရှိနေသမျှ ကာလပတ်လုံး ဆင်းရဲမငြိမ်းသေးပါ၊ သံသရာနယ်ပယ်မှာပင်ရှိနေပါ၏။

## ပဋိသန္ဓိသံသာရော၊ အပ္ပဋိသန္ဓိနိဗ္ဗာနံ

ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှာ အထက်ပါ ပါဠိတော်အတိုင်း- **ဘဝဟောင်းနှင့် ဆက်စပ်၍ ဖြစ်ခြင်းသည် သံသရာတို့ပေတည်း၊ ဘဝဟောင်းနှင့် ဆက်စပ်၍ မဖြစ်ခြင်းသည် နိဗ္ဗာန်ပေတည်း** ဟု မြတ်စွာဘုရား ဟောတော်မူပါ၏။

ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ ဘဝဟောင်းမှ သေတိုင်းသေတိုင်း ဆက်စပ်ပြီး ဘဝသစ်တွေ ဖြစ်ဖြစ်နေမှာဖြစ်ပါ၏၊ အကန့်အသတ် မရှိပါ၊ သေသေချာချာ စဉ်းစားကြည့်ရင် ကြောက်စရာ ဖြစ်ပါ၏။

အဲဒီ ဆက်စပ်ဖြစ်မည့်ဘဝတွေထဲမှာ ငရဲဘဝတွေ၊ ပြိတ္တာဘဝတွေ၊ တိရစ္ဆာန်ဘဝတွေကသာပြီးများမှာ ဖြစ်ပါ၏၊ အလွန်ပင် ကြောက်စရာကောင်းပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



**သောတာပန်မှာ**တော့ ကာမဘုံချည်းမှာ အများဆုံး ခုနစ်ဘဝသာ ဖြစ်ရပါမည်၊ လူ့ဘဝ၊ နတ်ဘဝ စသော ကောင်းမြတ်သော ဘဝတွေချည်းပင် ဖြစ်ပါ၏။ ထိုခုနစ်ဘဝထဲမှ နောက်ဆုံးဘဝမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရပါမည်။

**သကဒါဂါမ်မှာ** ကာမဘုံတွင် တစ်ဘဝသာဖြစ်ပြီး ရဟန္တာဖြစ်မည်။

**အနာဂါမ်မှာ** သုဒ္ဓါဝါသငါးဘုံမှာ အများဆုံး ငါးဘဝဖြစ်ပြီး ရဟန္တာဖြစ်မည်။

ဘဝသစ်မှာ ဖြစ်တိုင်းဖြစ်တိုင်း သခ်ါရနယ်ပယ်ထဲမှာ ချည်းပင် ရှိနေပါ၏။

ရဟန္တာမှာ ကိလေသာနှင့်ကံ လုံးဝကင်းသောကြောင့် **ပရိနိဗ္ဗာန်စုတိ၏ အခြားမဲ့မှာ ဝိပါက်၊ ရုပ်၊ နာမ်၊ ခန္ဓာများ ဆက်စပ်၍ ဖြစ်ခြင်းမရှိတော့ပါ။ ဝဋ်ဆင်းရဲဟူသမျှ လုံးဝကင်းငြိမ်းသွားပါ၏။**

ၡင်းသည် ဘဝဟောင်းနှင့် ဆက်စပ်၍မဖြစ်ခြင်းသည် **အငြိမ်းဓာတ်နိဗ္ဗာန်ပေတည်းဟု မြတ်စွာဘုရား ဟောကြားတော်မူသော နိဗ္ဗာန်အစစ်ပင် ဖြစ်ပါ၏။**

www.thitsarparamisociety.com

www.thitsarparami.org



## ဝန်ထုပ်များကို ပယ်ချပြီး ဖြစ်နေပြီ

### ဝန်ထုပ်ကြီး ၃-ခု

လောကမှာ သုံးတင်းဝင် ဆန်အိတ်ကြီးများ ထမ်းနေတဲ့ သူမှာ လေးလံပင်ပန်းနေသကဲ့သို့ သတ္တဝါတွေမှာ အလွန်လေးလံသော ဝန်ထုပ်ကြီးတွေကို ထမ်းဆောင်နေကြရပါ၏။

### (၁) ကိလေသာဝန်ထုပ်ကြီး

**လောဘ၊ ဒေါသ အစရှိသော ကိလေသာ**တွေ ခိုင်းသမျှ လုပ်နေကြရခြင်းသည် ကိလေသာဝန်ထုပ်ကြီးကို ထမ်းနေကြရခြင်းဖြစ်ပါ၏။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း အစရှိသော မကောင်းမှုတွေကို ပြုကြခြင်းသည်လည်း ထို ကိလေသာဝန်ထုပ်ကြောင့်ပင် ဖြစ်၏။ မနေနိုင်မထိုင်နိုင်ဖြစ်ပြီး ကိလေသာအလိုအတိုင်း လိုက်ပြီးပြုကြရပါ၏၊ ထိုသို့ ပြုမိကြသည့်အတွက် အပါယ်လေးပါး ကျရောက်ပြီး ဆင်းရဲကြရပါ၏။ ၎င်းသည် ကိလေသာဝန်ပိပြီး ဒုက္ခရောက်ကြရခြင်းပင် ဖြစ်ပါ၏။

### (၂) အဘိသင်္ခါရဝန်ထုပ်ကြီး

**အဘိသင်္ခါရဆိုသော ကုသိုလ်ကံ၊ အကုသိုလ်ကံများကို ပြုမိသည့်အတွက် ဘဝသစ်တွေမှာ ဖြစ်ကြရပါ၏။** အကုသိုလ်

www.thitsarparamisociety.com

www.thitsarparami.org



ကံကြောင့် အပါယ်လေးပါးမှာဖြစ်ပြီး အလွန်အမင်း ဆင်းရဲကြရပါ၏။ ကုသိုလ်ကံကြောင့် သုဂတိဘဝမှာဖြစ်ပြီး အတော်အသင့် သက်သာရာ ရသော်လည်း အိုခြင်း၊ နာခြင်း၊ သေခြင်း၊ အစရှိသော ဆင်းရဲများကို ခံစားနေကြရပါ၏။

**ထိုကဲ့သို့ ဘဝအကျိုးပေးတတ်သောကံတွေကို အလိုမရှိကြသော်လည်း မပယ်မချနိုင်ကြပါ၊ ထမ်းဆောင်မြဲ ထမ်းဆောင်နေကြရပါ၏။**

အကုသိုလ်ကိုပြုမိလျှင် ထိုအကုသိုလ်ကံက အကြောင်းညီညွတ်သောအခါ အပါယ်လေးပါး ပစ်ချပြီး ဆင်းရဲဒုက္ခရောက်စေပါ၏။ လူ့ဘဝရောက်လာပြန်လျှင်လည်း အသက်တိုခြင်း၊ အနာများခြင်း၊ စားသုံးစရာမရှိ ဆင်းရဲခြင်း စသော မကောင်းကျိုးတွေ ရရှိပါမည်။

ကုသိုလ်ကံက မြှင့်တင်ပေးလို့ လူ့ဘဝ နတ်ဘဝ ရောက်နေရသော်လည်း အကုသိုလ်ကံက အကျိုးမပေးရသေးလျှင် မကောင်းကျိုးပေးဖို့ရာ အသင့်ရှိနေပါ၏။ မည်သည့်အရပ်မှာမှ တိမ်းရှောင်နေလို့ မရပါ။

**အကုသိုလ်ကံကို ပြုမိလျှင် ဘဝပေါင်း ကမ္ဘာပေါင်း များစွာကြာသော်လည်း သူ့အလိုလို မပျောက်ပါ၊ အကြောင်းညီညွတ်သောအခါ မကောင်းကျိုးများကို ပေးဦးမှာ ဖြစ်ပါ၏။**

**ထိုအကုသိုလ်ဝန်ထုပ်ကြီးကို ကြေပျောက်စေနိုင်သော အလုပ်မှာ တစ်ခုသာ ရှိပါ၏။ ဝိပဿနာတရား အားထုတ်သော အလုပ်ပင် ဖြစ်ပါ၏။**

www.thitsarparamisociety.com

www.thitsarparami.org



**ဝိပဿနာအလုပ်အားထုတ်၍ သောတာပတ္တိမဂ်ကို ရောက်သွားသည့်အခါ အပါယ်လေးပါး ပစ်ချမည့် အကုသိုလ်ကံများ အကုန်ငြိမ်းပါ၏။**

**အရဟတ္တမဂ်ရောက်ပြီး ရဟန္တာဖြစ်သည့်အခါ ဘဝသစ်ဖြစ်စေမည့် ကုသိုလ်ဝန်ထုပ်များလည်း အကုန်ငြိမ်းပါ၏။**

## (၃) ခန္ဓာဝန်ထုပ်ကြီး

အဘိသင်္ခါရ ရှိနေသည့်အတွက် ဘဝဟောင်းက သေတိုင်း သေတိုင်း ဘဝအသစ် ဖြစ်ဖြစ်နေကြရပါ၏။ **ဘဝသစ် ဖြစ်ရာမှာ ခန္ဓာငါးပါးဆိုသော ဝန်ထုပ်ကြီး**ကို ရနေပါ၏။ ထိုခန္ဓာဝန်ကို ထမ်းဆောင်နေကြရပါ၏။

ရုပ်ခန္ဓာဝန်အတွက် အာရုံကောင်းတွေကို ရှာကြံပေးသောအားဖြင့် ဝေဒနာဝန်ထုပ်ကိုလည်း ထမ်းဆောင်နေကြရပါ၏။ ထို့အတူပင် သညာကောင်း၊ သင်္ခါရကောင်း၊ စိတ်ဝိညာဏ်ကောင်းတွေ ဖြစ်အောင်လည်း ပင်ပန်းကြီးစွာ လုပ်ကိုင်ပြီး ထမ်းဆောင်နေကြရပါ၏။

**မကျန်းမာသည့်အခါ အိုမင်းသည့်အခါများမှာ ခန္ဓာဝန်လေးကြောင်း ပိုပြီးထင်ရှားသိမြင်တတ်ကြပါ၏။**

**အဲဒီခန္ဓာဝန်ကို ဆောင်ရတာဟာ တစ်ခဏလေးလည်း မဟုတ်ပါ။ ခဏလောက်ချထားချင်၍လည်း မဖြစ်ပါ၊ နားခွင့်လည်းမရပါ၊ သံသရာတစ်လျှောက်လုံး ထမ်းဆောင်လာခဲ့ကြရပါ၏။ ကိလေသာမကင်းသေးလျှင် နောင်ကာလမှာလည်း**

www.thitsarparamisociety.com

www.thitsarparami.org



**အကာန့်အသတ်မရှိ ထမ်းဆောင်သွားရပါမည်၊ အလွန်လေးသော ခန္ဓာဝန်ကြီး ဖြစ်ပါ၏။**

အကျဉ်းချုပ်အားဖြင့် **ကိလေသာ၊ ကံနှင့် ခန္ဓာတွေကို ဝန်ထုပ်ကြီး သုံးခု** ဟု ဆိုခြင်းဖြစ်ပါ၏။ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုသော ဝဋ်သုံးပါးနှင့်လည်း သဘောအားဖြင့် တူပါ၏။

**ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တမဂ်ဖြင့် ကိလေသာကို ပယ်ပြီးဖြစ်သောကြောင့် ကိလေသာဝန်ထုပ်ကို ချထားပြီးဖြစ်နေပါ၏။**

**ကိလေသာမရှိသဖြင့် ကံဟောင်းများလည်း အကျိုးမပေးနိုင်တော့ပါ။ ကံသစ်လည်း မဖြစ်တော့ပါ။**

ထို့ကြောင့် **အဘိသင်္ခါရဝန်ထုပ်ကိုလည်း ချထားပြီး** ဖြစ်နေပါ၏။

ကံဆိုသော အဘိသင်္ခါရဝန်ထုပ်ကို ချထားပြီးဖြစ်သောကြောင့် ဘဝသစ်ခန္ဓာ မဖြစ်နိုင်တော့ပါ။ ထို့ကြောင့် ခန္ဓာဝန်ထုပ်ကိုလည်း ချထားပြီး ဖြစ်နေပါ၏။

ထိုဝန်ထုပ်ကြီးသုံးခုစလုံးကို ပယ်စွန့်ချထားပြီးဖြစ်သောကြောင့် **"ချထားပြီးသော ဝန်ထုပ်ဝန်ပိုး ရှိ၏၊ ဝန်ထုပ်ဝန်ပိုးများကို ချထားပြီးဖြစ်၏"** ဟု ချီးကျူးထားခြင်း ဖြစ်ပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



## ဘဝနှောင်ကြိုးလည်း မရှိတော့ပြီ
## ပရိက္ခီဏဘဝသံယောဇနော

ရဟန္တာမှာ **ဘဝနှောင်ကြိုးလည်း မရှိတော့ပါ**။ ရဟန္တာမှာ ဘဝနှောင်ကြိုး ကင်းသည်ဆိုရာမှာ အလွန်မြင့်မြတ်လှပါ၏။

ဘဝသံယောဇဉ် ဘဝနှောင်ကြိုးရှိနေတဲ့ သတ္တဝါတွေမှာ ဘဝဟောင်းက သေတိုင်းသေတိုင်း ဘဝသစ်မှာ ဖြစ်ဖြစ်နေကြရပါ၏၊ များသောအားဖြင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုသော အပါယ်ဘဝတွေမှာ ဖြစ်ကြရတာက များလှပါ၏။

တစ်ခါတစ်ရံ ကုသိုလ်ကံကြောင့် သုဂတိဘုံဘဝကို ရောက်နေရသော်လည်း ဖြစ်လွယ်ပြုလုပ်သော အကုသိုလ်ကံကြောင့် မကြာခင်ပဲ အပါယ်လေးပါး ပြန်ရောက်နေကြရပြန်ပါ၏။

## ပမတ္တဿ စတ္တာရောအပါယာ
## သကဂေဟသဒိကာ

ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာမှာ **မေ့မေ့လျော့လျော့နေသော ပုထုဇဉ်ပုဂ္ဂိုလ်အား အပါယ်လေးဘုံတို့သည် ကိုယ်ပိုင်အိမ်နှင့် တူကြသည်** ဟု ပြဆိုထားခြင်း ဖြစ်ပါ၏။

ရဟန္တာအရှင်မြတ်များမှာ အဲဒီဘဝနှောင်ကြိုးကို အရဟတ္တမဂ်ဖြင့်ပယ်ပြီး ဖြစ်နေပါ၏။ **ဘဝနှောင်ကြိုးမရှိသဖြင့် ဘဝဆင်းရဲများမှ လွတ်မြောက်ပြီး နိဗ္ဗာန်ရောက်ရပါ၏**။ ထို့ကြောင့် ဘဝနှောင်ကြိုးမရှိခြင်းဆိုသည်မှာ အလွန်တရာပင် မြင့်မြတ်လှပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



ထိုသို့ ဘဝနှောင်ကြိုးကင်းသည်ဆိုရာမှာလည်း အမှန် အတိုင်းသိပြီး လွတ်မြောက်ပါမှ ပြီးစီးခြင်းသို့ ရောက်ရှိပါ၏။

## မှန်စွာသိ၍ လွတ်မြောက်နေပြီ

### သမ္မာဒညာဝိမုတ္တော
### မှန်စွာသိ၍ လွတ်မြောက်ပါပြီ

သင်္ခါရဆင်းရဲငြိမ်းသော နိဗ္ဗာန်ကို အမှန်အတိုင်း အပြည့် အစုံသိပြီးမှ လွတ်မြောက်ပါ၏။ သောတာပန်သည်လည်း နိဗ္ဗာန် ကိုသိပြီး သောတာပတ္တိဖိုလ်ဖြင့် လွတ်မြောက်ပါ၏၊ အပါယ် လေးပါးဆိုင်ရာ ကိလေသာကံများနှင့် ခုနစ်ဘဝထက် ပိုလွန်ပြီး ဖြစ်စေနိုင်သော ကိလေသာကံများမှ လွတ်မြောက်ပါ၏၊ သကဒါ ဂါမ်မှာလည်း တစ်ဘဝအထိ ပိုလွန်ပြီးဖြစ်စေနိုင်သော ကိလေသာ ကံများမှ လွတ်မြောက်ပါ၏။ အနာဂါမ်မှာလည်း ကာမဘဝ ဆိုင်ရာ ကိလေသာနှင့် ကံတွေမှ လွတ်မြောက်ပါ၏။ **ရဟန္တာ မှာတော့ ဘဝသစ်ဖြစ်စေနိုင်သော ကိလေသာများ၊ ကံများမှ လုံးဝလွတ်မြောက်ပါ၏။**

ထို့ကြောင့် **မှန်စွာသိ၍ အပြည့်အစုံ လွတ်မြောက်ပါပြီဟု ရဟန္တာ၏ဂုဏ်ပုဒ်ကို** ချီးကျူးပြဆိုထားခြင်းဖြစ်ပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



## ဣန္ဒြေငါးပါးရှိနေလို့ သုခ ဒုက္ခ ခံစားရ၏

အာသဝေါကိလေသာ ခပ်သိမ်းကုန် ငြိမ်းပေပြီ စသည်ဖြင့် ချီးကျူးအပ်သော ထိုရဟန္တာပုဂ္ဂိုလ်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် အကြည်ဟု ဆိုအပ်သော ဣန္ဒြေငါးပါးတို့သည် တည်လျက် ရှိကုန်သေးသည်သာတည်း၊ ရဟန္တာပုဂ္ဂိုလ်၏သန္တာန်မှာ မျက်စိကလည်း အများနည်းတူ ကြည်လျက်ရှိနေပါ၏။ နား၊ နှာခေါင်း၊ လျှာများလည်း ကြည်လျက် ကောင်းလျက် ရှိနေပါ၏။ ကိုယ်အကြည်သည်လည်း အများနည်းတူ ကောင်းလျက်ရှိနေပါ၏။

**ရဟန္တာမှာ ကိလေသာမဖြစ်နိုင်တာ၊ ကင်းတာသည်သာ ထူးခြားပါ၏၊** မျက်စိအကြည် အစရှိသော ရုပ်တွေမှာပုထုဇဉ် အဖြစ်၊ အနာဂါမ်အဖြစ်ကလိုပင် ရှိမြဲရှိနေပါ၏။

ချမ်းသာဆင်းရဲကိုလည်း ခံစားရပါ၏ ရဟန္တာမှာ ဝေဒနာကလည်းရှိနေသည့်အတွက် အာရုံငါးပါးကိုသိပြီး ချမ်းသာဆင်းရဲကို ခံစားရပါ၏၊ သို့သော် ဒေါသကိလေသာမရှိသည့်အတွက် **စိတ်ဆင်းရဲကို မခံစားရပါ၊ ကိုယ်ဆင်းရဲကိုတော့ ရဟန္တာမှာလည်း ရှိနေပါ၏၊ သို့သော် နှလုံးမသာမှု၊ စိတ်ဆင်းရဲမှု မဖြစ်တော့ပါ။** မည်မျှပင် ကောင်းသည့်အာရုံကို မြင်ရ၊ ကြားရ၊ နံရ၊ စားသိရ၊ ထိသိရသော်လည်း နှစ်သက်သာယာမှု မဖြစ်တော့ပါ၊ အကောင်းအဆိုး အာရုံများနှင့်စပ်ပြီး **လောဘလည်း မဖြစ်ပါ၊ ဒေါသလည်း မဖြစ်ပါ၊ မောဟလည်း မဖြစ်ပါ။**

www.thitsarparamisociety.com

www.thitsarparami.org



# ရာဂ စသည် မဖြစ်ခြင်း ငြိမ်းခြင်းသည် သဥပါဒိသေသ နိဗ္ဗာန်ပင်ဖြစ်၏

ထိုရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ အကြောင်းနှစ်သက်တပ်စွဲမှု ရာဂ၏ ကုန်ခြင်း မဖြစ်ခြင်း ငြိမ်းခြင်းသည် အကြောင်းဒေါသ၏ ကုန်ခြင်း မဖြစ်ခြင်း ငြိမ်းခြင်းသည် အကြောင်းမောဟ၏ ကုန်ခြင်း မဖြစ်ခြင်း ငြိမ်းခြင်းသည် ရှိ၏။

ရဟန္တာ၏ သန္တာန်၌ မြင်သိမှု စသည်ရှိပါလျက် **ရာဂ၊ ဒေါသ၊ မောဟတို့၏ ကုန်ခြင်း မဖြစ်ခြင်း ငြိမ်းခြင်းကို သဥပါဒိသေသနိဗ္ဗာန်ဓာတ် (ခန္ဓာအကြွင်းရှိသော အငြိမ်းဓာတ်နိဗ္ဗာန်)** ဟူ၍ ခေါ်ဆိုအပ်၏။

ဆိုလိုရင်းမှာ ရဟန္တာမှာ မျက်စိ စသော ဣန္ဒြေငါးပါးရှိနေသည့်အတွက် အခြားသူများလိုပင် အကောင်းအဆိုးအာရုံတွေကို မြင်ကြားတွေ့သိနေရပါ၏။ အကောင်းအဆိုးခံစားမှုဝေဒနာလည်း ဖြစ်ပါ၏။

**သို့သော် အရဟတ္တမဂ်၏အစွမ်းကြောင့် ရာဂ၊ ဒေါသ၊ မောဟ အစရှိသော ကိလေသာများ လုံးဝမဖြစ်နိုင်တော့ဘဲ အကုန်ငြိမ်းပါ၏။ ထိုရာဂစသော ကိလေသာမဖြစ်နိုင်တော့ဘဲ ငြိမ်းသည်ကို နိဗ္ဗာန်ဟု ခေါ်ပါ၏။**

ထိုနိဗ္ဗာန်သည် ပရိနိဗ္ဗာန်မစံရသေးမီမှာ ပဋိသန္ဓေမှ ရရှိလာခဲ့သော ရုပ်နာမ်အစဉ် ခန္ဓာအကြွင်းရှိနေသည့်အတွက် ခန္ဓာအကြွင်းရှိနေသည့် သဥပါဒသေသနိဗ္ဗာန်မည်ပါ၏။

**အကျိုးခန္ဓာ အကြွင်းရှိလျက် ကိလေသာငြိမ်းခြင်းသည် သဥပါဒိသေသနိဗ္ဗာန်ပင် ဖြစ်၏။**

www.thitsarparamisociety.com

www.thitsarparami.org



**အရဟတ္တမဂ်ဖိုလ်ရောက်ပြီးသည့်အခါမှစ၍ ပရိနိဗ္ဗာန်မပြုရသေးမီမှာ သဥပါဒိသေသနိဗ္ဗာန်ကို ရောက်နေပါ၏။**

ကိလေသာငြိမ်းသည့်အတွက် ကိလေသာဆင်းရဲ မရှိတော့ဘဲ ချမ်းသာနေပါ၏၊ သို့သော် ခန္ဓာအကြွင်းက ရှိနေသေးသည့်အတွက် ရဟန္တာမှာ ခန္ဓာဝန်ကို ပရိနိဗ္ဗာန်မပြုရသေးမီမှာ ဆောင်နေရပါ၏။

ဗြဟ္မာပြည်က ရဟန္တာများမှာ ကမ္ဘာပေါင်း တစ်ထောင်နှစ်ထောင် စသည် အကြာကြီးဆောင်နေရပါ၏။ သို့သော် ဗြဟ္မာပြည်မှာ ကိုယ်ဆင်းရဲမရှိ၊ အနိဋ္ဌာရုံတွေ မရှိသဖြင့် တော်ပါသေးသည်။ လူ့ပြည်က ရဟန္တာများမှာ ကိုယ်ဆင်းရဲလည်း မကင်းပါ။ အနိဋ္ဌာရုံတွေလည်း တွေ့နေရပါ၏၊ နေ့စဉ် ဆွမ်းကိစ္စအတွက် ကြောင့်ကြစိုက်ရ၏၊ ကိုယ်လက်သုတ်သင်ရ၏၊ မျက်နှာသစ်ရ၊ ရေချိုးရပါ၏၊ ဤနည်းဖြင့် နှစ်သက်သာယာမှုမရှိပါဘဲ ခန္ဓာဝန်ကို ဆောင်နေကြရပါ၏။

သို့သော် ရဟန္တာမှာ ဒေါသကိလေသာ မရှိသည့်အတွက် ခန္ဓာဝန်ဆောင်နေရသော်လည်း စိတ်ဆင်းရဲမှု မရှိပါ။ မြန်မြန်ပရိနိဗ္ဗာန်ပြုပါရစေလို့ တောင့်တခြင်းလည်း မရှိပါ။

သို့သော် ပရိနိဗ္ဗာန်ဝင်စံရတဲ့အခါကျမှ ရုပ်နာမ်ခန္ဓာသင်္ခါရဆင်းရဲများပါ အကုန်ငြိမ်းသည့်အတွက် ပရိနိဗ္ဗာန်ပြုရမည့်ကာလကိုမူ မျှော်လင့်တော်မူပါ၏။

ထိုရုပ်နာမ်ခန္ဓာဆင်းရဲပါ ငြိမ်းခြင်းသည် **အနုပါဒိသေသနိဗ္ဗာန်**ပင် ဖြစ်၏။

www.thitsarparamisociety.com

www.thitsarparami.org



# အနုပါဒိသေသနိဗ္ဗာန်

ရဟန်းတို့

ခန္ဓာအကြွင်းမရှိသော အငြိမ်းဓာတ်နိဗ္ဗာန်သည် အဘယ်ပါနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အရိုအသေ၊ အပူဇော်ခံထိုက်သော ရဟန္တာသည် ဖြစ်၏၊ အာသဝေါ ကိလေသာခပ်သိမ်းကုန်ငြိမ်းလေပြီ၊ အကျင့်မြတ်ကို အပြည့်အစုံ ကျင့်သုံးပြီးလည်း ဖြစ်ပေ၏။ လေးလံသော ဝန်ထုပ်ဝန်ပိုးများကိုလည်း ချထားပြီး ဖြစ်ပေ၏၊ အရဟတ္တဖိုလ်ဟူသော မိမိ၏ အကျိုးအစစ်ကိုလည်း ရောက်ပြီးရပြီး ဖြစ်ပေ၏။ ကုန်ပြီးသော ဘဝနှောင်ကြိုးရှိ၏၊ ဘဝနှောင်ကြိုးလည်း ကုန်ဆုံးကင်းကွာလေပြီ၊ မှန်စွာသိ၍ အပြည့်အစုံ လွတ်မြောက်ပေပြီ။

ထိုရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ အလုံးစုံသော ခံစားမှုဝေဒနာတို့သည် မနှစ်သက်အပ် လက်မခံအပ်ကုန်သည်ဖြစ်၍၊ နှစ်သက်သာယာလျက် သိမ်းပိုက်စွဲလမ်းမှု ကင်းသောကြောင့် ဤမျက်မှောက် လက်ရှိဘဝ၌ပင် အေးငြိမ်းသွားကြပေကုန်လတ္တံ့ဟု မြတ်စွာဘုရား ဟောကြားတော်မူပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



## ရဟန္တာအရှင်မြတ်များ
## ဥဒါန်းကျူးရင့်တော်မူခြင်း

အမြတ်ဆုံးဖြစ်သော အရဟတ္တဖိုလ်စိတ် ဖြစ်သောအခါ အမြတ်ဆုံးဖြစ်သော အငြိမ်းဓာတ်နိဗ္ဗာန်ကိုပင် အာရုံပြုပြီးဖြစ်ပါ၏၊ ထိုအချိန်တွင် သင်္ခါရဆင်းရဲဟူသမျှ အကုန်ငြိမ်းနေသည့် သဘောထဲသို့ ရောက်နေပါ၏၊ အလွန်ပင် အေးငြိမ်းချမ်းသာပါ၏၊ ထို့ကြောင့် ရဟန္တာအရှင်မြတ်တွေသည် **နိဗ္ဗာန်အာရုံပြုသော ဖလသမာပတ်မှထလာသည့်အခါ နိဗ္ဗာန်အရသာကောင်းလွန်းသဖြင့် ယခုကဲ့သို့ ဥဒါန်းကျူးရင့်တော်မူကြပါ၏။**

**သုသုခံ ဝတ နိဗ္ဗာနံ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။**
**အသောကံ ဝိရဇံ ခေမံ၊ ယတ္ထဒုက္ခံ နိရုဇ္ဈတိ။**

**"အကြင်နိဗ္ဗာန်အရပ်၌ ဆင်းရဲဟူသမျှသည် ချုပ်ငြိမ်းကင်းပလျက်ရှိပေ၏၊ စိုးရိမ်ဖွယ်လည်းမရှိ-စိုးရိမ်ခြင်းလည်း မရှိသော ကိလေသာ မြူအညစ်အကြေးလည်းကင်းသော ဘေးခပ်သိမ်းတို့၏ ငြိမ်းရာလည်းဖြစ်သော မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ထိုနိဗ္ဗာန်သည် ဩော်… အလွန်ပင် ချမ်းသာပါပေစွတကား"**

ထိုအရဟတ္တဖိုလ်နှင့် နိဗ္ဗာန်ဆိုသော အကောင်းအမြတ်ဆုံးတရားကိုရတော်မူကြသည့်အတွက် ရဟန္တာအရှင်မြတ်တွေသည် **ရုပ်နာမ်သင်္ခါရချုပ်ငြိမ်းသော အနုပါဒိသေသနိဗ္ဗာန်၌သာ မွေ့လျော်ပျော်ပိုက်နေကြပါ၏။**

www.thitsarparamisociety.com

www.thitsarparami.org



**ကောင်းလည်း သင်္ခါရဆင်းရဲ၊ မကောင်းလည်း သင်္ခါရဆင်းရဲ** ဖြစ်သည့်အတွက် အကောင်းအဆိုး နှစ်မျိုးလုံးကို အတူ ပြု၍ ရှုတော်မူနိုင်ကြပါ၏၊ ထို့ကြောင့် **သင်္ခါရအစဉ်၊ သင်္ခါရဆင်းရဲ အစုမျှသာဖြစ်သော ဘဝဟူသမျှကို နှစ်သက်လက်ခံခြင်း မရှိဘဲ စွန့်တော်မူကြပါ၏။ ထိုသို့ စွန့်တော်မူကြသည့်အတွက် ပရိနိဗ္ဗာန်စုတိမှ နောက်ကာလ၌ ရုပ်နာမ်ခန္ဓာ သင်္ခါရဆင်းရဲ အပေါင်းမျှသာဖြစ်သည့် ဘဝဟူသမျှ မဖြစ်လာတော့ဘဲ လုံးဝ အေးငြိမ်းတော်မူကြပါ၏။**

## မိထွေးတော်ဂေါတမီထေရီ ပရိနိဗ္ဗာန်ပြုပုံ

မိထွေးတော်ဂေါတမီထေရီ ရဟန်းပြုသည့်အချိန်မှာ **အသက်(၉၄)နှစ်ခန့်** ရှိပါ၏။ **ရဟန္တာဖြစ်ပြီး(၂၆)ဝါခန့်** ရှိသော အခါ **အသက်(၁၂၀)ရှိပါ၏။ မြတ်စွာဘုရား၏ အသက်တော်လည်း (၆၆)နှစ်ခန့်** ရှိနေပါမည်၊ ထိုအခါမှာ မြတ်စွာဘုရားသည် ဝေသာလီပြည် ကူဋာဂါရသာလာမှာ သီတင်းသုံးနေတော်မူခိုက် ဖြစ်ပေ၏။

မိထွေးတော်ဂေါတမီသည် ၎င်း၏ အခြွေအရံ ဘိက္ခုနီငါးရာတို့နှင့်အတူ ဝေသာလီမြို့တွင်းက ဘိက္ခုနီကျောင်းတိုက်မှာ နေထိုင်လျက်ရှိကြပါ၏၊ တစ်နေ့သောအခါ မဟာပဇာပတိဂေါတမီသည် ဖလသမာပတ်ဝင်စားပြီး သမာပတ်မှထသည့်အခါ **မိမိ၏ အာယုသင်္ခါရ ကုန်နေသည်ကို မြင်ရပါ၏။**

www.thitsarparamisociety.com

www.thitsarparami.org



ထို့ကြောင့် "မြတ်စွာဘုရားထံသွားပြီး ခွင့်တောင်းမည်၊ ခွင့်တောင်းပြီး သီတင်းသုံးဖော်မထေရ်မြတ်တွေကို ပန်ကြားပြီး **ဘိက္ခုနီကျောင်းတိုက်မှာပင် ပြန်လာပြီး ပရိနိဗ္ဗာန်ပြုမည်"** ဟု ကြံစည်ပါ၏။ သူ့အခြွေအရံ ဘိက္ခုနီမငါးရာတို့သည်လည်း ထိုအချိန်မှာ ထိုအတိုင်းပင် ကြံစည်ကြပါ၏။

မဟာပဇာပတိဂေါတမီသည် အသက်(၁၂၀)ရှိနေပြီဖြစ်သဖြင့်ပရိနိဗ္ဗာန်ပြုချိန်တန်နေပြီ ဖြစ်ပါ၏။ အခြားအခြွေအရံ ဘိက္ခုနီများမှာ အသက်(၁၂၀)ရှိကြပုံမပေါ်သေးပါ၊ သို့သော် **သူတို့လည်း(၆၀)ကျော် (၇၀)ကျော် စသည်ရှိပြီး အာယုသင်္ခါရ ကုန်နေခြင်း ဖြစ်ပါ၏။**

ထို့ကြောင့် သူတို့အကြံအစည်ဖြစ်ပုံကို အချင်းချင်းပြောကြပြီး မြတ်စွာဘုရားထံသွားကြပါ၏၊ ထိုအခါမှာ ၎င်းတို့အား ကြည်ညိုကိုးကွယ်နေကြသော အမျိုးသမီးများသည် မည်သည့်ကိစ္စအတွက်မည်သည့်အရပ်ကို ကြွကြပါမည်နည်းဟု မေးမြန်းကြသည်တွင် ပရိနိဗ္ဗာန်ပြုရန် ဘုရားထံခွင့်ပန်ရန်သွားကြမည်ဖြစ်ကြောင်း ပြောပြကြပါ၏။ ထိုသို့ကြားသိရသဖြင့် ပရိနိဗ္ဗာန်မပြုရန် ငိုယိုပြီး တောင်းပန်ကြပါ၏၊ ထိုသို့ တောင်းပန်ကြသူ အမျိုးသမီးများကိုဂေါတမီထေရီမကြီးက ယခုကဲ့သို့ နှစ်သိမ့်စေသည့်စကားကို ပြောကြားပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



## ငိုသူတို့အား နှစ်သိမ့်စေခြင်း

**ရုဒိတေန အလံပုဗ္ဗာ၊**
**ဟာသကာလော + ယမဇ္ဇဝေါ။**

ချစ်သမီးတို့ ငိုကြွေးခြင်းဖြင့် မသင့်တော်ပါ။

**ယနေ့ ဤအချိန်ကာလသည် သင်ချစ်သမီးတို့၏ ပျော်ရွှင်ရမည့်အချိန်အခါသာ ဖြစ်ပါ၏။**

ခင်မင်ရင်းနှီးသူ သေသည်ဆိုလျှင်လူတွေက ငိုကြပါတော့၏။ အထူးအားဖြင့် အမျိုးသမီးများက ငိုကြပါ၏။ သို့သော် ဖြစ်ရာဖြစ်ရာ ဘဝမှာ မသေဘဲနှင့် အမြဲအသက်ရှင်နေရသည် ဆိုသည်မှာ မည်သည့် နေရာမှာမှ မရှိပါ။ တနေ့ကျလျှင် သေကြရမှာချည်းပင် ဖြစ်ပါ၏။

အရေးကြီးသည်မှာ သေပြီးတဲ့နောက် အပါယ်ဘုံ အစရှိသော ဆင်းရဲသော ဘုံဘဝများဆီသို့ မရောက်ဖို့က အရေးကြီးပါ၏။

ကုသိုလ်မရှိပါဘဲ အကုသိုလ်ကံတွေများပြီး သေသွားလျှင်တော့ သနားစရာ ဝမ်းနည်းစရာ ငိုစရာပင် ဖြစ်ပါ၏။ ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ကုသိုလ်များကို ပွားများပြီးသေလျှင်တော့ ကောင်းမြတ်ရာဘဝရောက်ဖို့ နီးစပ်ပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



အထူးအားဖြင့် သေခါနီးမှာ မတွေဝေပဲ ကြည်ကြည် လင်လင်စိတ်ဖြင့် သေသွားလျှင် ကောင်းရာရောက်ဖို့ သေချာ ပါ၏။ သနားစရာ ဝမ်းနည်းစရာ မဟုတ်ပါ။ သေသေချာချာ သိရလျှင် ဝမ်းသာစရာပင် ဖြစ်ပါ၏။

**အထူးအားဖြင့် ဝိပဿနာတရားကို ထိထိရောက်ရောက် အားထုတ်ထားသူများ သေခါနီးမှာလည်း ရှုမှတ်မှုမကင်းဘဲ သေသွားလျှင် ဝမ်းနည်းစရာ ငိုကြွေးစရာ မဟုတ်ပါ။**

ယခု မိထွေးတော်ဂေါတမီနှင့် ငါးရာသော ဘိက္ခုနီများ သည် ရဟန္တာမတွေပင် ဖြစ်ပါ၏။ **ပရိနိဗ္ဗာန်စံဝင်ကြရန်ပင် ဖြစ် ပါ၏။ ဝမ်းနည်းစရာ ငိုစရာ မဟုတ်ပါ။ ဝမ်းသာစရာသာ ဖြစ်ပါ၏။** ထိုသို့သောအကြောင်းကို ယခုကဲ့သို့ ဆက်ပြီး ပြော ကြားပါ၏–

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဆိုသည့် သစ္စာလေးပါးကို သိပြီး ပွားစေပြီးဖြစ်ကြောင်း၊ ကိလေသာဝဋ်၊ အဘိသင်္ခါရဝဋ်၊ ခန္ဓာဝဋ်ဆိုသည့် ဝဋ်ထုပ်ကြီးများကိုလည်း စွန့်ချ ပြီးဖြစ်ကြောင်း၊ ဘဝနှောင်ကြိုးကိုလည်း ပယ်ဖြတ်ပြီးဖြစ်ကြောင်း များကို ပြောကြားပြီးလျှင်

**ချစ်သမီးတို့၊ ငါအား ဆင်းရဲငြိမ်းရာသို့ သွားခြင်းမှာ အချိန် ကျနေပါပြီ၊ ငါ့ကို မစိုးရိမ်ကြပါနှင့်တော့လို့ ပြောကြားပါ၏။**

www.thitsarparamisociety.com

www.thitsarparami.org



**ထပ်မံပြီး**

**စိရပ္ပဘုတိယံ မယှံ၊ ပတ္တိတံ အဇ္ဇ သိဇ္ဈတေ။**
**အာနန္ဒဘေရိကာလော ယံ၊**
**ကိံ ဝေါ အသဿူဟိပုတ္တိကာ။**

ချစ်သမီးတို့၊ ရှည်မြင့်စွာသော ကာလမှစ၍ အကြင် ဆင်းရဲခပ်သိမ်းငြိမ်းရာ **နိဗ္ဗာန်ဆုကို တောင့်တခဲ့၏။ ငါ၏ ထိုနိဗ္ဗာန် ဆုသည် ယနေ့ယခု ပြီးစီးပြည့်စုံပေ၏။** ထို့ကြောင့် ဤအခါ ကာလသည် **ဝမ်းမြောက်ဝမ်းသာသည့် အထိမ်းအမှတ်စည်ကြီး ကို တီးရမည့်အခါပေတည်း။**

သင်ချစ်သမီးတို့အား မျက်ရည်ယိုစီးငိုကြွေးခြင်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အကျိုးမဲ့သာ ဖြစ်ပါသည် ချစ်သမီးတို့ ဟု ပြောဆိုပါ၏။

## ရတာညှုတေဒဂ်ဆုပန်ခဲ့ခြင်း

မိထွေးတော်ဂေါတမီသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်း ထက်က ပဒုမုတ္တရဘုရားလက်ထက်တော်တွင် အမတ်သမီး ကလေး ဖြစ်ခဲ့ပါသည်။ ပဒုမုတ္တရမြတ်စွာဘုရားထံ သူ့ဖခင်နှင့် သွားရောက်ပြီး တရားနာသောအခါ **မြတ်စွာဘုရားက မိထွေး တော်ဘိက္ခုနီမကြီးကို ရတ္တညှုတေဒဂ်ဖြင့် ချီးကျူးတော်မူပါ၏။** ရတ္တညှုဆိုသည်မှာ ဘိက္ခုနီမအဖြစ်နှင့် ညဉ့်နေ့ကာလတွေကို

www.thitsarparamisociety.com

www.thitsarparami.org



အများဆုံးသိသူဟု ဆိုလိုပါသည်။ အဓိပ္ပာယ်မှာ ဘိက္ခုနီထဲမှာ ဝါအကြီးဆုံးဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ထိုသို့ မိထွေးတော်ဘိက္ခုနီဖြစ်သူကို မြတ်စွာဘုရားက ချီးကျူးပြောဆိုတာကိုမြင်ရ၊ ကြားရသဖြင့် **အမတ်သမီးကလေးက အလွန်သဘောကျပါသည်။ အမျိုးသမီးထဲမှာ ဤဂုဏ်ဟာ အကောင်းအမြတ်ဆုံးပဲဟု** သဘောကျသွားပါသည်။ အကြောင်းမှာ ဘုရားအလောင်း မယ်တော်အရင်းကမွေးဖွားပြီး ခုနစ်ရက်မြောက်မှာကွယ်လွန်သွားရပြီး ဘုရားအလောင်းကို ကောင်းကောင်း မပြုစုရပါ။ ဘုရားဖြစ်လာသည့်အခါမှာလည်း ဘုရားမယ်တော်အနေဖြင့် လူ့လောကမှာ မထင်ရှားပါ။

မိထွေးတော်က ခုနစ်ရက်သား ဘဝကတည်းက ဘုရားအလောင်းတော်ကို ပြုစုစောင့်ရှောက်လာခဲ့ရပြီး ဘုရားမယ်တော်ကြီးအဖြစ်နှင့်လည်း လူအများ၏ လေးစားခြင်းကို ခံယူရပါ၏။ ထို့ကြောင့် အမျိုးသမီးဘဝမှာ ဘုရားလောင်း၏ မိထွေးတော်ဖြစ်ပြီး ဝါအကြီးဆုံး အစဆုံးဘိက္ခုနီမဖြစ်ရခြင်းသည် **အကောင်းအမြတ်ဆုံးပဲဟု သူက သဘောကျသဖြင့် ထိုစဉ်က အဆိုပါ ရတ္တညူဧတဒဂ်ရသော ဘုရား၏မိထွေးတော်ဆုထူးကို ပန်ခဲ့ခြင်းဖြစ်ပါ၏။**

ထိုမိထွေးတော်ဆုထူးကို ဆုပန်ခဲ့သည်မှာ ကြာလှပါပြီ၊ ကမ္ဘာပေါင်း တစ်သိန်းရှိပြီ၊ ထိုကမ္ဘာတစ်သိန်းအတွင်း မရေမတွက်နိုင်အောင် ဘဝများစွာမှာ အိုရခြင်း၊ သေရခြင်း၊ စိုးရိမ်ပူဆွေးရခြင်း အစရှိသော ဆင်းရဲအမျိုးစုံကို ခံစားခဲ့ပြီးပြီ၊ **ယခုနောက်ဆုံးဘဝတွင် ထိုပန်ခဲ့သောဆု ပြည့်စုံပြီးစီးပါ၏။**

www.thitsarparamisociety.com

www.thitsarparami.org



ထိုပန်ခဲ့သောဆုမြတ်အရ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သွားရမည်၊ ဝမ်းမြောက်စရာအကောင်းဆုံးအချိန် ဖြစ်သည်၊ ဝမ်းမြောက်သည့် အထိမ်းအမှတ်စည်ကြီးကို တီးသင့်သည့်အချိန် ဖြစ်သည်၊ စိုးရိမ် ပူဆွေးရ၊ ငိုကြွေးရမည့် အချိန်မဟုတ်ပါ ချစ်သမီးတို့ဟု နှစ်သိမ့် စေသည့်စကားကို ပြောကြားခြင်း ဖြစ်ပါသည်။

ထိုသို့ ပြောကြားပြီးနောက် သမီးတို့က **မယ်တော်ကြီးကို ချစ်ပါသည်၊ သနားပါသည်၊ ကျေးဇူးတင်ပါသည်ဆိုလျှင် ဗုဒ္ဓ သာသနာတော်ဆိုသော သူတော်ကောင်းတရား ရှည်မြင့်စွာ တည်အောင် တရားအားထုတ်မှု လုံ့လဝီရိယကိုသာ မြဲမြံစွာပြုရစ် ကြပါ။**

မယ်တော်ကြီးကတောင်းပန်လို့ မြတ်စွာဘုရားက သာသနာ တော်မှာ အမျိုးသမီးများ၏ ရှင်ရဟန်းပြုခွင့်ကို ပေးတော်မူခဲ့ပါ၏၊ ထိုခွင့်ပြုချက်ကို မယ်တော်ကြီးက နှစ်သက်ဝမ်းမြောက်သကဲ့သို့ သမီးတို့က အတုလိုက်ပြီး ဝမ်းမြောက်ဝမ်းသာနှင့် ကျင့်ကြံရစ် ကြပါဟု ဩဝါဒစကားကို ပြောကြားပြီး မြတ်စွာဘုရားထံသို့ သွားရောက်၍ ရှိခိုးကန်တော့ကြပါ၏။

မြတ်စွာဘုရားကို ရှိခိုးကန်တော့ပြီး မိထွေးတော်ဂေါတမီ လျှောက်ထားသည်မှာ-

www.thitsarparamisociety.com

www.thitsarparami.org



## မြတ်စွာဘုရားအားလျှောက်ထားပုံ

### မြတ်စွာဘုရား

"**လောကအလိုအားဖြင့် တပည့်တော်မသည် အရှင်ဘုရား၏မိခင် ဖြစ်ပါ၏။ တရားတော်အလိုအားဖြင့် အရှင်ဘုရားသည် တပည့်တော်၏ဖခင် ဖြစ်ပါ၏။** အရှင်ဘုရား၏ တရားတော်နယ်အတွင်းမှ တပည့်တော်မသည် အရိယာသူတော်စင်အစစ် ဖြစ်ပါပေ၏၊ တပည့်တော်မသည် **အရှင်ဘုရား၏ ရုပ်ကိုယ်တော်ကို နို့ရည်တိုက်ကျွေးခြင်း စသည်ဖြင့် ကြီးပွားစေခဲ့ပါ၏၊ အရှင်ဘုရားသည် တပည့်တော်မ၏ သတိပဋ္ဌာန် အစရှိသော တရားကိုယ်ကို ပြည့်စုံစေခဲ့ပါ၏။ တပည့်တော်မက အရှင်ဘုရားအား နို့ရည်တိုက်ကျွေးပြီး ဆာလောင်မှုကို တစ်ခဏမျှငြိမ်းခြင်းကို ပြီးစေခဲ့ပါ၏။ အရှင်ဘုရားက တပည့်တော်မအား တရားနို့ရည်ဖြင့် တဏှာဟူသော ဆာလောင်မှု အစဉ်ထာဝရငြိမ်းခြင်းကို ပြီးစေတော်မူခဲ့ပါ၏**" စသည်ဖြင့် လျှောက်ထားပြီး အောက်ပါဂါထာဖြင့်လည်း ထပ်မံလျှောက်ထားပါ၏-

www.thitsarparamisociety.com

www.thitsarparami.org



ရညော မာတာ မဟေသီတိ၊
သုလဘံ နာမ မိတ္တိနံ။
ဗုဒ္ဓမာတာတိ ယံနာမံ၊ တေံ ပရမ ဒုလ္လဘံ။

သားတော်ဘုရား

စကြာဝဠေးမန္တာတ်စသော ဘုရင်မင်းမြတ်၏ မယ်တော်ဖြစ်သော မိဖုရားကြီးဟူသောအမည်ကို မိန်းမတို့သည် ရလွယ်ပါသည်ဘုရား၊ ဘုရား၏ မယ်တော်ကြီးဟူသော အကြင်အမည်သည်ရှိ၏၊ ဘုရားမယ်တော်ကြီးဟူသော ဤအမည်သည် အလွန်ရခဲသော အမည်စင်စစ် ဖြစ်ပါတော့သည် အရှင်ဘုရားဟု လျှောက်ထားပြီး

ပရိနိဗ္ဗာတု မိစ္ဆာမိ၊ ဝိဟာယေမံ ကဠေဝရံ။
အနုဇာနာဟိ မေ ဝီရ၊ ဒုက္ခန္တကရ နာယက။

သံသရာဆင်းရဲကုန်ဆုံးခြင်းကို ပြုတတ်ပေသော၊ ရဲရင့်တော်မူပေသော၊ တစ်လောကလုံး၏ အကြီးအမှူး ရှေ့ဆောင်ဖြစ်ပေသော၊ သားတော်ဘုရား၊

တပည့်တော်မသည် ဤကိုယ်ကောင်ကို ပယ်စွန့်၍ ပရိနိဗ္ဗာန်ဝင်စံခြင်းငှာ အလိုရှိပါ၏၊ တပည့်တော်မအား ခွင့်ပြုတော်မူပါ အရှင်ဘုရားဟု ခွင့်တောင်းပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



ထိုသို့ခွင့်တောင်းပြီး

**စက္ကင်္ကိုသမဓောကိတ္တွေ၊**
**ပါဒေ ကာမလ ကောမလေ။**
**ပသာရေဟိ ပဏာမံ တေ၊**
**ကရိဿံ ပုတ္တ ဥတ္တမေ။**

သားတော်ဘုရား

စက်လက္ခဏာ၊ ချွန်းတောင်းလက္ခဏာ၊ တံခွန်လက္ခဏာတို့ဖြင့် ပြိုးပြွန်းလျက်ရှိကုန်သော ကြာပန်းကဲ့သို့ နူးညံ့ပျော့ပျောင်းကုန်သော **အရှင်ဘုရား၏ ခြေတော်မြတ်တို့ကို ဆန့်တော်မူပါ အရှင်ဘုရား၊ အရှင်ဘုရားအား ရှိခိုးခြင်းကိုပြုပါမည်ဘုရား** ဟု လျှောက်ထား၍ **မြတ်စွာဘုရား၏ ခြေတော်များကို ဦးခေါင်း နဖူးနှင့်တိုက်ပြီး ရှိခိုးကန်တော့ပါ၏။**

မြတ်စွာဘုရားက ခြေတော်များကိုဆန့်ပြီး အကန်တော့ခံပါ၏၊ မိထွေးတော် ဂေါတမီထေရီမကြီးက ဦးခေါင်း နဖူးနှင့် တိုက်ပြီး ရှိခိုးပါ၏။

ထိုသို့ ရှိခိုးကန်တော့ပြီး အလွန်ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသောဂါထာ ၃-ပုဒ်တို့ဖြင့်လည်း ယခုကဲ့သို့ လျှောက်ထားပါ၏-

www.thitsarparamisociety.com

www.thitsarparami.org



## ကျက်သရေမင်္ဂလာရှိလှသည့် ၃-ဂါထာ

(၁) နဒတော ပရိသာယံ ဝေ၊ ဝါဒိတဗ္ဗ ပဟာရိနော။
ယေ တေ ဒက္ခန္တိ ဝဒနံ၊ ဓညာ တေ နရပုင်္ဂဝ။

လူသုံးပါးတို့၏ ရှေ့သွားခေါင်းဆောင်ဖြစ်တော်မူသော သားတော်မြတ်ဘုရား-

တီးသင့်တီးထိုက်သော စည်အမျိုးမျိုးကို အကွက်ကျကျ တီးခတ်ဘိသကဲ့သို့ ပရိသတ်လေးပါးအလယ်၌ ကျူးရင့်ဟော ကြားတော်မူသော ရှင်တော်ဘုရား၏ ရွှေနှုတ်တော် မျက်နှာတော် ကို အကြင်နတ်လူတို့သည် မျက်ဝါးထင်ထင် ဖူးမြင်ကြရပါကုန် လတ့်၊ ရှင်တော်ဘုရား၏ မျက်နှာတော်ကို ဖူးမြင်ရသော ထို နတ်လူတို့သည် ဘုန်းကံကြီးမားကြပေကုန်စွ အရှင်ဘုရား၊

ဆိုလိုသည်မှာ ရှင်တော်မြတ်ဘုရား၏ မျက်နှာတော်ကို ယခု တပည့်တော်မတို့ ဖူးမြင်ရခြင်းသည် နောက်ဆုံး ဖူးမြော်ရ ခြင်း ဖြစ်ပေ၏၊ ဒီကနောက်မှာ ဖူးမြင်ကြရတော့မှာ မဟုတ်ပါ။

အခြားသော နတ်လူတွေမှာ ရှင်တော်ဘုရား တရားဟော နေစဉ် ရွှေနှုတ်တော် မျက်နှာတော်ကို ဖူးမြော်ကြရပါမည်၊ ထိုသို့ ဖူးမြော်ကြရမည့် နတ်လူတွေသည် ဘုန်းကံကြီးမားလှပါပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



**ဘုန်းကံကြီးမားသော နတ်လူတွေမှာ ရှင်တော်မြတ်ဘုရား၏ ရွှေနှုတ်တော် မျက်နှာတော်ကို ဖူးမြော်ရစ်ကြပါမည်၊ တပည့်တော်မတို့မှာ** ယခုနောက်ဆုံး ဖူးမြော်ရခြင်း ဖြစ်ပါတော့သည် အရှင်ဘုရားဟု ဆိုလိုပါသည်။

**(၂) ဒီဃင်္ဂုလီ တမ္ဗနခေ၊ သုဘေ အာယတပဏှိကေ။**
**ယေ ပါဒေ ပဏမိဿန္တိ၊ တေပိ ဧသာ ဂုဏန္ဓရ။**

**အရဟံ အစရှိသော ဂုဏ်ကျေးဇူးတို့ကို ဆောင်တော်မူပေသော သားတော်မြတ်ဘုရား**

**အရဟံ အစရှိသော ဂုဏ်တော်တို့၏ တည်ရာဖြစ်တော်မူပေသော သားတော်မြတ်ဘုရား၊** ရှည်သွယ်သော ခြေချောင်းတော်ရှိကုန်သော၊ နီမြန်းသော ခြေသည်းတော်ရှိကုန်သော၊ ရှည်သော ခြေဖနှောင့်ရှိကုန်သော၊ လှပတင့်တယ်ကုန်သော ရှင်တော်ဘုရား၏ ခြေတော်တို့ကို အကြင်သူတို့သည် ရိုသေမြတ်နိုးဦးနှိမ်လျှိုး၍ ရှိခိုးကန်တော့ကြရပေကုန်လတ္တံ့၊ **ထိုသို့ ရှိခိုးကြရသောသူတို့သည်လည်း ဘုန်းကံကြီးမားကြပါပေကုန်စွ အရှင်ဘုရား။**

ဆိုသည်သည်မှာ တပည့်တော်မတို့ ယခု ရှိခိုးကန်တော့ကြရတာသည် နောက်ဆုံးဖြစ်ပါတော့၏၊ နောင်တွင် ရှိခိုးကန်တော့ကြရမည် မဟုတ်ပါ၊ အသက်ထင်ရှားရှိနေကြသော အခြားသူတွေက ရှင်တော်ဘုရား၏ခြေတော်တို့ကို ရှိခိုးကြရပါလိမ့်မည်။ ထိုသို့ ရှိခိုးကန်တော့ကြသည့်သူတွေသည် ဘုန်းကံကြီးမားကြပါပေ၏။ ဘုန်းကံကြီးသည့်အတွက် နောက်နောက်ကာလတွေမှာ ရှိခိုးကန်တော့ခွင့် ရသွားကြပါလိမ့်မည်။

www.thitsarparamisociety.com

www.thitsarparami.org



(၃) **မဓုရာနိ ပဟဋ္ဌာနိ၊ ဒေါသဃ္ဃါနိ ဟိတာနိစ။**
**ယေ တေ ဝါကျာနိ သောဿန္တိ၊**
**တေပိ ဓညာ နရုတ္တမ။**

**နတ်လူတို့တွင် အမြတ်ဆုံးဖြစ်တော်မူပေသော သားတော်မြတ်ဘုရား၊** အရှင်တော်မြတ်ဘုရား၏ ချိုမြိန်သာယာ ကောင်းလှစွာကုန်သော၊ ကြားနာသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးစေနိုင်ကုန်သော၊ အပြစ်များကို ပယ်ရှားဖျက်ဆီးတတ်ကုန်သော အကျိုးစီးပွားကိုလည်း ဖြစ်စေနိုင်ကုန်သော **ရှင်တော်မြတ်ဘုရား၏ စကားတော်တရားတော်တို့ကို အကြင်သူတို့သည် ကြားနာရကုန်လတ္တံ့။**

ရှင်တော်မြတ်ဘုရား၏ စကားတော်တရားတော်တို့ကို ကြားနာကြရမည့် **ထိုသူတို့သည်လည်း ဘုန်းကံကြီးမားကြပေကုန်စွ အရှင်ဘုရား။**

ဆိုလိုသည်မှာ ယခုနေအခါ မြတ်စွာဘုရား၏တရားတော်များကို ကြားနာနေကြရသူတွေသည် အလွန်ဝမ်းသာစရာဖြစ်ပါ၏၊ မြတ်စွာဘုရားလက်ထက်တော်ကာလမှာ ဘုရားကိုယ်တော်တိုင် ဟောသည့်တရားကို နာကြရသဖြင့် ကံကောင်းပါ၏၊ တရားတော်ကို သိရသဖြင့်လည်းကံကောင်းပါ၏။ နှစ်မျိုးနှစ်ထွေ ကံကောင်းခြင်းဖြစ်ပါ၏၊ ယခုနေအခါ ဘုရားတပည့်များက တစ်ဆင့်ဟောသည့်တရားကို နာကြရသူတွေမှာ **တရားသိရတာ တမျိုးတည်းဖြင့် ကံကောင်းကြပါ၏။ အရေးကြီးသည်မှာ တရားသိရသည်မှာ လိုရင်းပင်ဖြစ်ပါ၏။** တရားကို သိနားလည်ပြီး

www.thitsarparamisociety.com

www.thitsarparami.org



**တရားနှလုံးသွင်း အားထုတ်ပြီး တရားထူးသိမြင်လျှင် အကောင်း မြတ်ဆုံးပင် ဖြစ်ပါ၏။**

ထို့ကြောင့် ယခုနေအခါမှာ မြတ်စွာဘုရား၏တရားတော်ကို နာကြားပြီး တရားအားထုတ်ကြပြီး ဝိပဿနာဉာဏ်များနှင့် ပြည့်စုံကြပါ၏၊ **ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံ၍ အရိယမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်ကြလျှင် ထိုပုဂ္ဂိုလ်သည် အလွန်ကံကောင်းသော ပုဂ္ဂိုလ်တွေပင် ဖြစ်ကြပါ၏၊ အောက်ထစ်အားဖြင့် သောတာပန်ဖြစ်လျှင် ကံကောင်းလှပါပြီ၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာဖြစ်သွားလျှင် အထူးပြောစရာပင်မရှိတော့ပါ၊ အလွန်ကံကောင်းသော ပုဂ္ဂိုလ်တွေပင် ဖြစ်ကြပါ၏။**

ဂါထာရဲ့အစမှာ မြတ်စွာဘုရား၏ အသံတော်သည် (မဓုရာနိ) အလွန်ချိုမြိန်သာယာပါသည်၊ ကောင်းလှပါသည်ဟု ဆိုထားခြင်း ဖြစ်ပါ၏။

ဆက်လက်ပြီး မြတ်စွာဘုရား၏ အသံတရားတော်သည် (ပဟဋ္ဌာနိ) ကြားနာရသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်လင်စေနိုင်သည်ဟုဆိုထားပါ၏။

မြတ်စွာဘုရား၏ တရားတော်သည် (ဒေါသဃ္ဃာနိ) အပြစ်ဒေါသများကို ပယ်ဖျောက်တတ်ပါသည်ဟု ဆက်လက်ဆိုထားပြန်ပါသည်။

ထပ်မံ၍ မြတ်စွာဘုရား၏ တရားတော်သည် (ဟိတာနိ) အကျိုးစီးပွားကိုလည်း ဖြစ်စေတတ်ပါသည်ဟု ဆိုထားပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



ထို့ကြောင့် မဓုရာနိ-ချိုမြိန်သာယာကောင်းလှစွာသော ပဟဋ္ဌာနိ=ကြားနာသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးကြည်လင်စေနိုင်ကုန်သော၊ ဒေါသဃ္ဃါနိ-အပြစ်များကို ပယ်ရှားဖျက်ဆီးတတ်ကုန်သော၊ ဟိတာနိ-အကျိုးစီးပွားကိုလည်း ဖြစ်စေနိုင်ကုန်သော **ရှင်တော်မြတ်ဘုရား၏ စကားတော်၊ တရားတော်တို့ကို ကြားနာကြရမည့် ထိုသူတို့သည်လည်း ဘုန်းကံကြီးမားထူးခြားကြပါပေကုန်စွ အရှင်ဘုရားလို့** မိထွေးတော်ဂေါတမီက လျှောက်ထားပါ၏။

ဆက်လက်ပြီး မိထွေးတော် ဂေါတမီကိုယ်တိုင်လည်း **မြတ်စွာဘုရားအား ပူဇော်ရသည့်အပြင် မြတ်စွာဘုရား၏ တရားတော်ဖြင့် သံသရာခရီးခဲကို ကျော်လွှန်ပြီးဖြစ်သောကြောင့် ဘုန်းကံကြီးမားသူဖြစ်ကြောင်းကို ထပ်မံလျှောက်ထား၏။**

ထိုသို့ မြတ်စွာဘုရားအား လျှောက်ထားတော်မူပြီး သံဃာတော်များကို ကန်တော့ပါ၏။

မြေးတော်အရှင်ရာဟုလာ၊ သားတော်အရှင်နန္ဒနှင့် တူတော်အရှင်အာနန္ဒာတို့ကိုလည်း ရှိခိုးကန်တော့ပြီး ဤသို့ ပန်ကြားလျှောက်ထားပါ၏-

www.thitsarparamisociety.com

www.thitsarparami.org



## သံဝေဂဖြစ်ဖွယ်ဂါထာ – ၂ပုဒ်

အာသီဝိသာလယသမေ၊ ရောဂါဝါသေ ကဠေဝရေ။
နိဗ္ဗိန္နာ ဒုက္ခသမ္မတ္တေ၊ ဇရာမရဏဂေါစရေ။
နာနာကလိ မလာကိဏ္ဏေ၊ ပရာယတ္တေ နိရီဟကေ။
တေန နိဗ္ဗာတု မိစ္ဆာမိ၊ အနုမညထ ပုတ္တကာ။

### သားတော်မြေးတော်တို့

မြွေဆိုးတို့၏ ကိန်းအောင်းရာ တောင်ပို့ကြီးနှင့် အလားတူသော၊ ရောဂါအမျိုးမျိုးတို့၏ဖြစ်ရာ တည်ရာဖြစ်သော၊ ဆင်းရဲအပေါင်းတို့၏ စုဝေးရာဖြစ်သော၊ အိုမင်း သေမင်းတို့၏ ကျက်စားရာ ပိုင်နက်ဖြစ်သော၊ အမျိုးမျိုးသောအပြစ်များနှင့် အမျိုးမျိုးသော အညစ်အကြေးတို့၏ ပြိုးပြွမ်းဖြစ်ရာတည်ရာဖြစ်သော၊ သူတစ်ပါးတို့နှင့်သက်ဆိုင်သော၊ မိမိအလိုလို တစ်စုံတစ်ခုကိုမျှ မပြုလုပ်နိုင်သော ကိုယ်ကောင်ကြီး၌ မပျော်မမွေ့ ငြီးငွေ့လျက် ရှိပါ၏–

ထိုသို့ မပျော်မမွေ့ ငြီးငွေ့နေသောကြောင့် ဘုရားတပည့်မယ်တော်ကြီးသည် ဆင်းရဲခပ်သိမ်းငြိမ်းရန်အလို့ငှာ၊ ပရိနိဗ္ဗာန်ဝင်စံရန်အလို့ငှာ အလိုရှိပါ၏။

### သားတော်မြေးတော်တို့

ဘုရားတပည့် မယ်တော်ကြီးကို အနူးအညွတ် ခွင့်လွှတ်ကြပါကုန် အရှင်ဘုရားတို့။

www.thitsarparamisociety.com

www.thitsarparami.org



# မြွေဆိုးကြီး (၄) ကောင်
# ရုပ်ကိုယ်ကြီးသည် မြွေဆိုးကြီးများ
# ကိန်းအောင်းနေရာ တောင်ပို့ကြီးနှင့်တူပါပေ၏

ရုပ်ကိုယ်ကြီးထဲမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော စသည့် ဓာတ်ကြီးလေးပါး ရှိပါ၏။

ထိုဓာတ်ကြီးလေးပါးသည် မြွေဆိုးကြီးလေးကောင်နှင့် တူပါ၏။

## ကဋ္ဌမုခမြွေဆိုးကြီး

ပထဝီဓာတ်သည် ခက်မာကြမ်းတမ်းသည့်သဘော၊ အစိုင်အခဲသဘောပင် ဖြစ်၏။ လက်နှင့် စမ်းသပ်ကြည့်လျှင် တစ်ကိုယ်လုံးနေရာတိုင်းမှာ ခက်မာကြမ်းတမ်းသည့်သဘော၊ အစိုင်အခဲသဘောကို တွေ့ရပါ၏။ စိတ်ဖြင့် ဉာဏ်နှင့်စိုက်ကြည့်လျှင်လည်း တွေ့ရပါ၏။

နူးညံ့သည်ဆိုသည်မှာလည်း နုံ့သည့်ပထဝီဓာတ် ဖြစ်၏။ ခေါင်းက ဆံပင်တွေသည် ပထဝီဓာတ်၊ တစ်ကိုယ်လုံးမှ အမွေးတွေသည် ပထဝီဓာတ်၊ လက်သည်း ခြေသည်းတွေသည် ပထဝီဓာတ်၊ သွားတွေသည် ပထဝီဓာတ်၊ တစ်ကိုယ်လုံး အပြင်ဘက် အစကအရေတွေသည် ပထဝီဓာတ်၊ အညှို့နှလုံးအသည်းအမြေး အဖျဉ်းအဆုတ်တွေသည် ပထဝီဓာတ်၊ အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက်သည် ပထဝီဓာတ်များပင် ဖြစ်ပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



ခက်မာကြမ်းတမ်းသည့် ပထဝီဓာတ်လွန်ကဲသဖြင့် ပထဝီဓာတ်ဟု ခေါ်၏၊ ပထဝီဓာတ်-၂၀ ရှိပါ၏။

အဆိုပါ ပထဝီဓာတ်သည် **ကဋ္ဌမုခမြွေဆိုးကြီးနှင့် တူပါ၏၊ ကဋ္ဌမုခမြွေဆိုးကြီးကိုက်လျှင် တစ်ကိုယ်လုံး သစ်လုံးလို တောင့်မာပြီး သေပါ၏။ ထိုကဲ့သို့ပင် ပထဝီဓာတ်ဖောက်ပြန်သည့်အခါ တစ်ကိုယ်လုံးတောင့်မာပြီး သေသွားပါတော့၏။**

## ပူတိမုခမြွေဆိုး

ရုပ်ကိုယ်ကြီးထဲမှာရှိသော အာပေါဓာတ်သည် အရည်ဓာတ် အစိုဓာတ်သဘောပင် ဖြစ်၏၊ လက်နှင့် စမ်းသပ်ကြည့်လျှင်လည်း ထင်ရှားပါ၏။ စိတ်နှင့် ဉာဏ်ဖြင့်စိုက်ပြီးရှုလျှင်လည်း ထင်ရှားတွေ့ရပါ၏။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေးချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် စသည့် ၁၂-မျိုးဖြစ်ပါ၏။ ၎င်းတို့သည် အာပေါဓာတ်၊ အရည်ဓာတ်၊ အစိုဓာတ်များဖြစ်ပြီး ထိုအာပေါဓာတ်သည် **ပူတိမုခမြွေဆိုးကြီးနှင့်** တူပါ၏။ **ပူတိမုခမြွေဆိုးကြီးကိုက်လျှင် တစ်ကိုယ်လုံးမှ အရည်များထွက်ပြီး သေပါ၏။ ထိုကဲ့သို့ပင် အာပေါဓာတ်ဖောက်ပြန်လျှင်လည်း တစ်ကိုယ်လုံးမှ ပုပ်ပွအရည်များထွက်ပြီး သေသွားပါတော့၏။**

www.thitsarparamisociety.com

www.thitsarparami.org



## အဂ္ဂိမုခမြွေဆိုးကြီး

ရုပ်ကိုယ်ကြီးထဲမှာ တေဇောဓာတ်လေးမျိုးရှိရာတွင် ပကတိကိုယ်အပူငွေ့၊ ထိုအပူငွေ့က တဖြည်းဖြည်းချင်း အိုမင်းရင့်ရော်စေတတ်သဖြင့် **ဇိရဏတေဇော** ဖြစ်ပါ၏၊ ပကတိအပူငွေ့ထက်လွန်ကဲသော အဖျားရှိန် အပူငွေ့မှာ **သန္တပ္ပနတေဇော** ဖြစ်ပါ၏။ အလွန်မခံသာအောင် ပူလောင်သည့်အပူငွေ့မှာ **ဒါဟတေဇော** ဖြစ်ပါ၏။ အစာကို ကြေစေတတ်သော အပူငွေ့မှာ **ပါစကတေဇော** ဖြစ်ပါ၏။ ထိုတေဇောဓာတ်သည် အဂ္ဂိမုခမြွေဆိုးကြီးနှင့်တူပါ၏။ **အဂ္ဂိမုခမြွေဆိုးကြီးကိုက်လျှင် တစ်ကိုယ်လုံး ပြင်းစွာပူလောင်ပြီး သေပါ၏။ ထိုကဲ့သို့ပင် တေဇောဓာတ်ဖောက်ပြန်လျှင်လည်း တစ်ကိုယ်လုံးပူလောင်ပြီး သေသွားပါတော့၏။**

## သတ္ထမုခမြွေဆိုးကြီး

ရုပ်ကိုယ်ကြီးထဲမှာ ဝါယောဆိုသော လေရုပ်သည်။ (၁) အထက်သို့ ဆန်တက်သည့်လေ၊ (၂) အောက်သို့ စုန်ဆင်းသည့်လေ၊ (၃) ဝမ်းထဲမှာ တည်နေသည့်လေ၊ (၄) အူထဲမှာ တည်နေသည့်လေ၊ (၅) အင်္ဂါကြီးငယ်သို့ လျှောက်သွားနေသည့်လေ၊ (၆) ဝင်သက် ထွက်သက် ရှူရှိုက်သည့်လေဟု (၆) မျိုး ရှိပါ၏။ ထိုဝါယောဓာတ်သည် သတ္ထမုခမြွေဆိုးကြီးနှင့် တူပါ၏။ **သတ္ထမုခမြွေဆိုးကြီးကိုက်လျှင် တစ်ကိုယ်လုံးမှ အဆက်အစပ် သွေး**

www.thitsarparamisociety.com

www.thitsarparami.org



ကြော လေကြောများ ပြတ်ပြီးသောပါ၏။ ထိုကဲသို့ပင် ဝါယော ဓာတ် ဖောက်ပြန်လျှင် အဆက်အစပ် သွေးကြော လေကြောများ ပြတ်ပြီးသောသွားပါတော့၏။

ထိုမြွေဆိုးကြီးလေးကောင်နှင့်တူသည့် ဓာတ်ကြီးလေးပါး တို့၏ တည်ရာဖြစ်၍ ဓာတ်ကြီးလေးပါးဖြင့် တည်ဆောက်ထား သည့် ကိုယ်ကြီးဖြစ်၍

"အာသီဝိသာလယသမေ-မြွေဆိုးကြီးတို့၏ ကိန်းအောင်း ရာ တောင်ပို့ကြီးနှင့်တူသည်" ဟု ဆိုခြင်း ဖြစ်ပါ၏၊ ဆက်လက် ပြီး ရောဂါဝါသေ-အနာရောဂါအမျိုးမျိုးတို့၏ ဖြစ်ရာ တည်နေရာ ရုပ်ကိုယ်ကြီး ဖြစ်ပါ၏၊

ဒုက္ခသယ်ာဇွေ-ဆင်းရဲအပေါင်းတို့၏ စုဝေးရာ ဖြစ်ပါ၏၊ ဇရာမရဏာဂေါစရေ-အိုမင်းသေမင်းတို့၏ ကျက်စားရာ နယ်ပင် ဖြစ်ပါ၏၊

နာနာကလိမလာကိဏ္ဏေ-အမျိုးမျိုးသောအပြစ်၊ အမျိုးမျိုး သောအညစ်အကြေးတို့၏ ပြီးပွမ်းရာ ဖြစ်၏၊

ပရာယတ္တေ-သူတစ်ပါးတို့နှင့်လည်း စပ်ဆိုင်၏၊

နိရီဟကေ-မိမိအလိုမျှဖြင့် တစ်စုံတစ်ခုကိုမျှ မဖြစ်စေ နိုင်ပါ။

ထို့ကြောင့် ဤကိုယ်ကောင်ကြီး၌ မပျော်မမွေ့ ငြီးငွေ့ နေပြီဖြစ်ပါ၍ ပရိနိဗ္ဗာန်ပြုလိုပါ၏။ ငါ့သား၊ ငါ့တူ၊ ငါ့မြေးတို့က သဘောတူခွင့်ပြုကြပါရန် မိထွေးတော်ဂေါတမီက မြေးတော် အရှင်ရာဟုလာ၊ သားတော်အရှင်နန္ဒနှင့် တူတော်အရှင်အာနန္ဒာ တို့ကို ခွင့်တောင်းပန်ကြားပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



ထိုအခါ သားတော်အရှင်နန္ဒနှင့် မြေးတော်အရှင်ရာဟုလာ တို့မှာ အာသဝေါကုန်ခန်း ရဟန္တာဖြစ်နေကြပြီးဖြစ်သဖြင့် တုန်လှုပ်ခြင်း မရှိကြပါ၊ ဓမ္မတာသဘောတရားပင်ဟုသာ ဆင်ခြင်ပြီး အညီအမျှ ရှုနိုင်ကြပါ၏။

သို့သော် အရှင်အာနန္ဒာမှာ ထိုစဉ်က ကျင့်ဆဲ သောတာပန် သေက္ခပုဂ္ဂိုလ်မျှသာ ဖြစ်နေသည်ဖြစ်၍ ရာဂ၊ ဒေါသတွေက မကုန်မကင်းသေးပါ။ ထို့ကြောင့် အရှင်အာနန္ဒာက သောကပွား ပြီး ယခုကဲ့သို့ ငိုယိုမြည်တမ်းပါ၏–

## အရှင်အာနန္ဒာ၏ငိုခြင်း

ဟာ သန္တိံ ဂေါတမီ ယာတိ၊ နူန ဗုဒ္ဓေါပိ နိဗ္ဗုတိံ။
ဂစ္ဆတိ န စိရေနေဝ၊ အဂ္ဂိ ရိဝ နိရိန္ဓနော။

ဘုရားမြတ်စွာ၏ မိထွေးတော်ဂေါတမီသည် ရုပ်နာမ်ဆင်းရဲတို့၏ ငြိမ်းခြင်းသဘောဟု ဆိုအပ်သောနိဗ္ဗာန်သို့ ဩော် သွားတော့မှာပါတကား၊ မြတ်စွာဘုရားသည်လည်း မကြာမီပင် လျှင် လောင်စာမရှိသော မီးငြိမ်းသလိုပင် ငြိမ်းခြင်းသို့ ရောက်လိမ့်မည်တကား။ နိဗ္ဗာန်နန်းသို့ ကြွမြန်းဝင်ရောက်တော်မူလိမ့်မည်တကား။

ဩော် မိထွေးတော်ဂေါတမီကြီး ပရိနိဗ္ဗာန်ဝင်စံတော့မည်၊ မြတ်စွာဘုရားလည်း မကြာမီပင် ပရိနိဗ္ဗာန်ဝင်စံတော့မှာ ကျန်

www.thitsarparamisociety.com

www.thitsarparami.org



**ပင် ဖြစ်ပါ၏။ လောင်စာမရှိသော မီးငြိမ်းသွားသလို ငြိမ်းသွားတော့မည်လို့ အရှင်အာနန္ဒာက ငိုကြွေးမြည်တမ်းပါ၏။**

ထိုအခါ မိတ္ထေးတော်ဂေါတမီက ယခုကဲ့သို့ အားပေးစကားပြောကြားပါ၏-

## အရှင်အာနန္ဒာအားနှစ်သိမ့်စေခြင်း

**သုတ သာဂရ ဂမ္ဘီရ၊ ဗုဒ္ဓေါပဋ္ဌာန တပ္ပရ။**
**န ယုတ္တံ သောစိတုံ ပုတ္တ၊ ဟာသကာလေ ဥပဋ္ဌိတေ။**
**တယာ မေ သရဏံ ပုတ္တ၊ နိဗ္ဗာနံ တမုပါဂတံ။**

သမုဒ္ဒရာသဖွယ် နယ်ကျယ်သည့် သုတနှင့်ပြည့်စုံသည့် ပြင်၊ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးခြင်းလျှင် ပြဒ္ဒါန်းသော အလုပ်ရှိပေသော သားတော်အရှင်အာနန္ဒာ-

**ပရိနိဗ္ဗာန်ဝင်စံသည့်အတွက် ရွှင်ပျဝမ်းသာရမည့် အချိန်ကာလသည် ဖြစ်ပေါ်လျက်ရှိနေစဉ်မှာ စိုးရိမ်ခြင်းငှာ မသင့်ပါ ချစ်သား။**

သားတော်အရှင်အာနန္ဒာ၊ မယ်တော်ကြီး၏ ကိုးကွယ်ရာ အစစ်ဖြစ်သော အကြွင်နိဗ္ဗာန်သည်ရှိ၏၊ **ထိုနိဗ္ဗာန်ကို အသင် ချစ်သား၏ အကူအညီဖြင့် ရောက်ခဲ့ရပါသည် အရှင်ဘုရား။**

ပရိနိဗ္ဗာန်စံတာဟာ ရဟန္တာတို့၏အမြင်ဖြင့် ဝမ်းသာစရာ အကောင်းဆုံးဖြစ်ပါ၏၊ သို့သော် တဏှာမကင်းသေးသူတွေ၏

www.thitsarparamisociety.com

www.thitsarparami.org



အမြင်မှာ ''ပြန်မလာတော့ဘူး၊ ဒီကနောက်မတွေ့ရတော့ဘူး'' စသည်ဖြင့် ကြံဆပြီး လွမ်းဆွတ်ဝမ်းနည်းခြင်း ဖြစ်တတ်၏။

ထို့ကြောင့် အရှင်အာနန္ဒာ ဝမ်းနည်းပြီး ငိုကြွေးမြည်တမ်းခြင်း ဖြစ်ပေ၏။ ထို့ကဲ့သို့ အရှင်အာနန္ဒာ ငိုကြွေးမြည်တမ်းခြင်းကို မိထွေးတော်ဂေါတမီက ''ပျော်ရွှင်ရမည့်အခါပါ၊ စိုးရိမ်ရမည့်အခါမဟုတ်ပါ၊ အရှင်အာနန္ဒာ၏အကူအညီဖြင့် ရဟန်းမဘာဝကို ရပြီး နိဗ္ဗာန်ကို ရောက်ခဲ့ရပါသည်'' ဟု ပြောပြီး ယခုကဲ့သို့ အားပေးစကား ပြောကြားပြန်ပါ၏-

**တယာ တာတ သမဇ္ဈိဋ္ဌော၊ ပဗ္ဗဇ္ဇံ အနုဇာနိနော။**
**မာ ပုတ္တ ဝိမနော ဟောဟိ၊ သဖလော တေ ပရိဿမော။**

သားတော်အရှင်အာနန္ဒာ

**အရှင်ဘုရားက အခွင့်ပြုရန် တောင်းပန်အပ်သောကြောင့် မယ်တော်ကြီးတို့အား ရှင်ရဟန်းအဖြစ်ကို သားတော်ဘုရားက ခွင့်ပြုတော်မူခဲ့ပါ၏။** သားတော်အရှင်အာနန္ဒာ နှလုံးမသာမရှိပါလင့်၊ အရှင်ဘုရား၏ အပင်ပန်းခံ၍ တောင်းပန်ခြင်းသည် အကျိုးများလှပါပေ၏ အရှင်ဘုရား။

ဆက်လက်ပြီး အကျိုးများပုံကို ယခုကဲ့သို့ ထပ်မံပြီး လျှောက်ထားပါ၏-

**ယံ န ဒိဋ္ဌံ ပုရာဏေဟိ၊ တိတ္ထိကာစရိယေဟိပိ။**
**တံ ပဒံ သုကုမာရီဟိ၊ သတ္တဝဿာဟိ ဝေဒိတံ။**

www.thitsarparamisociety.com

www.thitsarparami.org



သားတော်အရှင်အာနန္ဒာဘုရား

ရှေးကာလ၌ဖြစ်ခဲ့ကုန်သော ဈာန်အဘိညာဥ်ရ သရဘင်္ဂ အစရှိသည့် ရသေ့ဂိုဏ်းဆရာကြီးတို့သော်မှလည်း အကြွင်းနိဗ္ဗာန်ကို မမြင်ခဲ့ရပါ။ **ထိုနိဗ္ဗာန်ကို ခုနစ်နှစ်အရွယ်မျှဖြစ်ကုန်သော သူငယ်မကလေးတို့သည်သော်လည်း အရှင်မြတ်တောင်းပန်ပေးသည့် ဘိက္ခုနီသာသနာမှာ ထင်ရှားစွာသိရပါ၏ အရှင်ဘုရား။**

အရှင်အာနန္ဒာတောင်းပန်ပေး၍ မြတ်စွာဘုရားက မာတုဂါမများအား သာသနာတော်မှာရဟန်းပြုရန် ခွင့်ပြုတော်မူသည့်အတွက် မိထွေးတော်ဂေါတမီနှင့်တကွ သာကီဝင်မင်းသမီးငါးရာတို့သည် ရဟန်းပြုပြီး ရဟန္တာထေရီမတွေ ဖြစ်ကြရပါ၏။

လူဝတ်ကြောင်ဘဝနှင့်ဆိုပါက ရဟန္တာထိအောင်ဖြစ်ဖို့ မလွယ်ပါ။ ထိုသာကီဝင်မင်းသမီးငါးရာနှင့် မိထွေးတော်ဂေါတမီ ရဟန်းမအဖြစ်နှင့် ရဟန္တာမ ဖြစ်ကြရတာသည် အရှင်အာနန္ဒာ တောင်းပန်ပေးခြင်း၏ အကျိုးကျေးဇူးပင် ဖြစ်ပါ၏။

ထို့ထက်မက ဘုရားလက်ထက်တော်နှင့် ဘုရားပရိနိဗ္ဗာန်စံပြီးသည်နောက် အမျိုးသမီးများ သိန်းသန်းမကများစွာ ဘိက္ခုနီပြုပြီး အရဟတ္တမ်္ဂဖိုလ်ရောက်ကြရသည်၊ ဤသည်များမှာ အရှင်အာနန္ဒာ တောင်းပန်ပေးခြင်း၏ အကျိုးတွေပင် ဖြစ်ပါ၏။

ယခုကဲ့သို့ အကျိုးများအောင် ဆောင်ရွက်ခဲ့သည့်အတွက် စိုးရိမ်စရာ ဝမ်းနည်းစရာ မရှိပါ၊ ရွှင်လန်းဝမ်းမြောက်စရာသာ ရှိပါသည်ဟု မိထွေးတော်ဂေါတမီသည် အရှင်အာနန္ဒာအား အားပေးစကား ပြောကြားပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



ထိုသို့ ပြောကြားပြီးသည်နောက် ပရိနိဗ္ဗာန်ပြုရန် အချိန်နီးလာသည့်အခါ မြတ်စွာဘုရားက မိထွေးတော်ဂေါတမီအား တန်ခိုးပြခိုင်းပါ၏-

## တန်ခိုးပြစေတော်မူခြင်း

**ထီနံ မွောဘိသမယေ၊ ယေ ဗာလာ ဝိမတိံ ဂတာ။**
**တေသံ ဒိဋ္ဌိပ္ပဟာနတ္ထံ၊ ဣဒ္ဓိံ ဒဿေဟိ ဂေါတမိ။**

မိထွေးတော်ဂေါတမီ၊ အမျိုးသမီးတို့၏ သစ္စာလေးပါး တရားထူးကိုသိခြင်း၌ မသိမလိမ္မာသော အကြင်သူတို့သည် သို့လော သို့လော တွေးတောယုံမှားခြင်းသို့ ရောက်လျက်ရှိကုန်၏။ **ထိုသူတို့၏ မိစ္ဆာအယူကို ပယ်ရန်အတွက် တန်ခိုးပြပါလော့။**

မြတ်စွာဘုရားလက်ထက်တော်အခါက မိစ္ဆာအယူရှိသောသူတွေက မိန်းမတွေ တရားအားထုတ်လို့ မဂ်ဖိုလ်တရားထူးရသည် ဆိုတာကို မယုံကြည်ကြပါ၊ ဈာန်အဘိညာဉ်ရသည် ဆိုတာကို မယုံကြည်ကြပါ၊ ဟုတ်မည် မထင်ပါ၊ ဖြစ်နိုင်မည် မထင်ပါဟု ယုံမှားတွေးတောနေကြပါ၏။ ထိုပုဂ္ဂိုလ်များ၏ ယုံမှားနှင့် မိစ္ဆာအယူများကို ပယ်နိုင်ရန် တန်ခိုးပြပါဦးဟု မြတ်စွာဘုရားက တိုက်တွန်းတော်မူပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



စောစောကတန်ခိုးပြလျှင် တန်ခိုးပြတာအကြောင်းပြုပြီး ကြည်ညိုသူတွေရှိလာမည်။ ကြည်ညိုသူတွေက လှူဒါန်းကြလိမ့်မည်။ ထိုသို့ကြည်ညိုခြင်း၊ လှူဒါန်းခြင်းကိုအကြောင်းပြုပြီး ကဲ့ရဲ့ဖွယ် စသည် အပြစ်တွေဖြစ်နိုင်သည့်အတွက် စောစောပိုင်းမှာ တန်ခိုးအပြမခိုင်းခဲ့ပါ။

ပရိနိဗ္ဗာန်ပြုခါနီးအချိန် နောက်ဆုံးအချိန်မှာ ထိုအပြစ်တွေ မဖြစ်နိုင်တော့၍ မြတ်စွာဘုရားက မိထွေးတော်ဂေါတမီအား တန်ခိုးပြရန် တိုက်တွန်းတော်မူပါ၏။

မြတ်စွာဘုရား၏ တိုက်တွန်းတော်မူချက်အရ မိထွေးတော် ဂေါတမီက **အထွေထွေအမျိုးမျိုးတန်ခိုးပြပြီး မြတ်စွာဘုရားထံ လာရောက်၍ ရှိသေစွာ ရှိခိုးလျက် ဤသို့ ထပ်မံလျှောက်ထားပြန်ပါ၏-**

## ပရိနိဗ္ဗာန်ပြုရန် လျှောက်ထားခြင်း

**သာ ဝိသဝဿသတိကာ၊ ဇာတိယာဟံ မဟာမုနေ။**
**အလမေတ္တာဝတာ ဝီရ၊ နိဗ္ဗာယိဿာမိ နာယက။**

**ရဟန်းမြတ်ဖြစ်တော်မူသော သားတော်မြတ်အရှင်ဘုရား-**

အမျိုးမျိုးအထွေထွေ တန်ခိုးပြခဲ့သည့် ထိုကျွန်ုပ်သည် မွေးဖွားခြင်းဇာတိအားဖြင့် ဖွားမြင်ခဲ့သည်မှစ၍ အနှစ် ၁၂၀ ရှိပါပြီ အရှင်ဘုရား (အသက်အရွယ် ကြီးလှပါပြီဟု ဆိုလိုပါ၏)

www.thitsarparamisociety.com

www.thitsarparami.org



## ရဲရင့်သော လုံ့လရှိတော်မူသော သားတော်ဘုရား

ဤမျှလောက်တန်ခိုးပြခြင်းဖြင့် သင့်တော်လောက်ပါပြီ ဘုရား၊ လူသုံးဦးတို့၏ အကြီးအမှူးဖြစ်တော်မူပေသော သားတော်မြတ်ဘုရား၊ **ဆင်းရဲခပ်သိမ်း ငြိမ်းပါတော့မည်၊ ဆင်းရဲချုပ်ပြတ် နိဗ္ဗာန်ခေါ် အငြိမ်းဓာတ်သို့ ချဉ်းကပ်ဝင်ရောက်ပါတော့မည်ဘုရား** ဟု နောက်ဆုံးစကား လျှောက်ထားပါ၏။

(မဟာပဇာပတိဂေါတမီက အသက် ၁၂၀-ရှိနေသည့် အချိန်တွင် မြတ်စွာဘုရား၏ အသက်တော်ကို ယခုကဲ့သို့ တွက်ချက်နိုင်ပါ၏။ ဘုရားအလောင်းတော် ပဋိသန္ဓေစတည်စဉ်တွင် မယ်တော် မဟာမာယာဒေဝီ၏ အသက်သည် ၅၅-နှစ်(၈)လကျော် (၉)လခန့် ရှိနိုင်ပါ၏။ မယ်တော်မဟာမာယာ အသက် ၅၆-နှစ်နှင့် ၆-လခန့်တွင် ဘုရားအလောင်းတော်ကို ဖွားမြင်သည်ဖြစ်၍ ညီမဖြစ်သူ မဟာပဇာပတိဂေါတမီ၏ အသက်ကို(၂)နှစ် လျှော့တွက်လျှင် ထိုစဉ်က ၅၄-နှစ်ကျော်ကျော် ရှိနိုင်ပါ၏။

သို့ဖြစ်၍ မြတ်စွာဘုရားဖွားမြင်စဉ်က ၅၄-နှစ်ကို မိထွေးတော်ဂေါတမီ၏ အသက် ၁၂၀-ထဲမှ နုတ်လျှင် မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန်စံဝင်သည့်အခါမှာရှိသည့် မြတ်စွာဘုရား၏ အသက်တော်သည် ၆၆ နှစ်ဟု မှတ်ယူရပါ၏။ မြတ်စွာဘုရားက အသက်တော် ၈၀ မှာ ပရိနိဗ္ဗာန်ဝင်စံတော်မူသည်ဖြစ်၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူသည့်နှစ်ထက် မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန်ဝင်စံသည့်နှစ်မှာ ၁၄-နှစ်ခန့် စောသည်ကို မှတ်ယူနိုင်ပါ၏။ ခန့်မှန်းတွက်ချက်ခြင်းဖြစ်သဖြင့် အတိအကျ မဟုတ်ပါ။ ၁-နှစ်၊ ၂-နှစ်ခန့်လောက် အပိုအလိုရှိနိုင်ပါ၏။)

www.thitsarparamisociety.com

www.thitsarparami.org



မိထွေးတော်ဂေါတမီသည် မြတ်စွာဘုရားအား ထိုသို့သော နောက်ဆုံးစကားကို လျှောက်ထားပြီး၊ မြတ်စွာဘုရား ဆိတ်ဆိတ် နေတော်မူခြင်းဖြင့် အခွင့်ပြုတော်မူသည့်အတွက် မိထွေးတော် ဂေါတမီသည် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကန်တော့၍ အခြွေအရံ ဘိက္ခုနီငါးရာနှင့်တကွ ဘိက္ခုနီကျောင်းသို့ ပြန်ကြွပါ၏။

ထိုအခါ သံဃာတော်ပရိသတ်၊ လူပရိသတ်များနှင့်တကွ မြတ်စွာဘုရားကိုယ်တော်တိုင် ကျောင်းတိုက်တံခါးဝအထိ လိုက်ပို့တော်မူပါ၏။

မိထွေးတော်ဂေါတမီ အမှူးပြုသော ဘိက္ခုနီမတွေလည်း ထိုတံခါးပေါက်ဝမှာ နောက်ဆုံးရှိခိုးခြင်းဖြင့် မြတ်စွာဘုရားကို ရှိခိုးကန်တော့၍ ဘိက္ခုနီကျောင်းတိုက်သို့ ပြန်သွားကြပါ၏။

## နောက်ဆုံးပရိနိဗ္ဗာန်စံဝင်ပုံ

သာ သဟ တာဟိ ဂန္တွာန၊ ဘိက္ခုနုပဿယံ သကံ။
အဒ္ဓပလ္လင်္ကံ မာဘုဇ္ဇ၊ နိသီဒိ ပရမာသနေ။

မိထွေးတော်ဂေါတမီထေရီသည် သာကီဝင်မင်းသမီး ဘိက္ခုနီငါးရာတို့နှင့်တကွ မိမိ၏ ဘိက္ခုနီကျောင်းတိုက်သို့ သွားရောက်ပြီး၍ မြတ်သောနေရာ၌ ထက်ဝက်တင်ပလ္လင်ခွေကို ဖွဲ့ခွေ၍ ထိုင်နေလေတော့၏။

www.thitsarparamisociety.com

www.thitsarparami.org



(ရဟန်းမများမှာ ခြေနှစ်ဖက်လုံးအပြည့် တင်ပလ္လင်ခွေ မထိုင်ရပါ။ ခြေတစ်ဖက်သာ ခွေပြီထိုင်ရ၏၊ ထိုသို့ ထိုင်ခြင်းကို **ထက်ဝက်တင်ပလ္လင်ခွေခေါ်ပါ၏**။ ယခု အမျိုးသမီးများ၏ အရိုအသေပြုထိုင်ပုံနှင့် တူတန်သလောက် တူပါလိမ့်မည်။)

**ဘိက္ခုနီငါးရာတို့လည်း သူ့နေရာနှင့်သူ အသီးသီးထက်ဝက် ပလ္လင်ခွေဖြင့် ထိုင်နေကြပါ၏**။ ထိုအခါမှာ သတင်းကြားကြသော တပည့်ဒါယိကာမများ လာရောက်ပြီး ငိုကြပါ၏။ ထိုဒါယိကာမများထဲမှ **သဒ္ဓါတရားအကောင်းဆုံး၊ တရားလည်း အားအထုတ်ဆုံး** ဥပါသိကာမကို မိထွေးတော်ဂေါတမီက ဦးခေါင်းကို ပွတ်သပ်ပြီး ယခုကဲ့သို့ သြဝါဒစကား ပြောကြားပါ၏-

**အလံ ပုတ္တာ ဝိသာဒေန၊ မာရပါသာနုဝတ္တိနာ။**
**အနိစ္စံ သင်္ခတံ သဗ္ဗံ၊ ဝိယောဂန္တံ စလာစလံ။**

ချစ်သမီးတို့၊ **ကိလေသမာရ်၏ ကျော့ကွင်းသို့ အစဉ်လိုက်သော၊ ကိလေသာ၏အလိုသို့ လိုက်လျောသော ငိုယိုပင်ပန်းခြင်းဖြင့် အကျိုးမရှိပါ သမီးတို့**။

ရုပ်နာမ်သင်္ခါရ တရားအားလုံးသည် မမြဲသည်ဖြစ်၍ ကွေကွင်းကွဲကွာရခြင်းလျှင် အဆုံးရှိချေ၏၊ ဘယ်မှမှု မတည်တံ့ မနိုင်မြဲဘဲ အလွန်ပင် ပြောင်းလဲလှုပ်ရှားခြင်း သဘောရှိသည် ချည်းသာဖြစ်သည် သမီးတို့လို့ပြောပြီး ငိုယိုနေကြသူ အမျိုးသမီးများကို ပြန်လွှတ်လိုက်ကြပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



ထိုသို့ လွှတ်လိုက်ပြီး ပထမစျာန်ကို ဝင်စားကြပါ၏၊ ထို့နောက် ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့ကို အစဉ်အတိုင်းဝင်စားကြပါ၏။ ဆက်လက်၍ အရူပသမာပတ်လေးပါးကို အစဉ်အတိုင်းဝင်စားကြပါ၏၊ တစ်ဖန် ပဋိလောမအားဖြင့် ပထမစျာန်တိုင်အောင် ဝင်စားကြပါ၏၊ ဆက်လက်ပြီး စတုတ္ထစျာန်အထိ အစဉ်အတိုင်းဝင်စားပြီး အဲဒီစတုတ္ထစျာန်မှ ထပြီး

''ဒီပစ္စိဝ - မီးစာကုန်ဆီခန်း၍ ငြိမ်းလေသော ဆီမီးတောက်ကဲ့သို့၊

နိရာသဝါ - ရုပ်နာမ်ခန္ဓာအသစ်ဖြစ်ကြောင်း အာသဝေါတရား ကင်းသည်ဖြစ်၍၊

နိဗ္ဗာယိ - စုတိခန္ဓာချုပ်သဖြင့် ရုပ်နာမ်ဆင်းရဲပြတ်စဲချုပ်ငြိမ်းလေတော့၏''

ထိုသို့ မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန်ဝင်စံပြီး သူ့အခြွေအရံဘိက္ခုနီတွေကိုလည်း

''တာယောပိ - ထိုဘိက္ခုနီတို့သည်လည်း

အနုပါဒါနာ - ရုပ်နာမ်ခန္ဓာဖြစ်ကြောင်း ကင်းကြကုန်သည်ဖြစ်၍

ဒီပစ္စိဝိယ - ဆီမီးလျှံငြိမ်းသကဲ့သို့

နိဗ္ဗုတာ - ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းကြလေတော့သည်'' ဟု ပြဆိုထားပါ၏။

မိထွေးတော်ဂေါတမီနှင့်တကွ ထေရီမငါးရာတို့သည် ထိုင်လျက် သမာပတ်ဝင်စားပြီး ပရိနိဗ္ဗာန်ဝင်စံကြခြင်း ဖြစ်ပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



**အမျှားကဲ့သို့ သေခါနီး အလူးအလဲခံစားရသော ဆင်းရဲမျိုး ဘာမှမရှိပါ။ ချမ်းသာစွာ၊ တည်ငြိမ်စွာနှင့်ပင် ပရိနိဗ္ဗာန် ဝင်စံသွားကြသည်မှာ အလွန်တရာ ကြည်ညိုဖွယ်ပင် ဖြစ်ပါ၏။**

ထိုသို့ မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန်စံပြီးသည့်အခါ လူတွေတွင်မက နတ်တွေပါ လာရောက်ပူဇော်ကြသည်ဟု ဆိုပါ၏။ မီးသင်္ဂြိုဟ်ပြီးသည့်အခါ မိထွေးတော်ဂေါတမီ၏ အရိုးဓာတ်တော်များကို သပိတ်ဖြင့်ထည့်၍ အရှင်အာနန္ဒာက မြတ်စွာဘုရားထံ ဆက်ကပ်ပါ၏။

မြတ်စွာဘုရားက ဓာတ်တော်သပိတ်ကို လက်ဖြင့်ကိုင်တော်မူလျက်-

**"ရောမသစ်ပင်ကြီးမှာ အကြီးဆုံးကိုင်းကြီး ကျိုးသွားသကဲ့သို့ ဘိက္ခုနီသံဃာ၏ အကြီးဆုံးဖြစ်သော ဂေါတမီထေရီ ပရိနိဗ္ဗာန်စံသွားလေပြီ၊ မိထွေးတော်ဂေါတမီသည် သံသရာပင်လယ်ကြီးကို ကူးမြောက်ပြီးဖြစ်ပေ၏။** ကိလေသာ အပူအပင်ငြိမ်းပြီး ဖြစ်ပေ၏။ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းသွားလေပြီ၊ ထို့ကြောင့် သူ့အတွက် စိုးရိမ်ဖွယ်မရှိ" စသည်ဖြင့် မိန့်တော်မူပါ၏။

ဆက်လက်ပြီး **"မိထွေးတော်ဂေါတမီသည် ပညာကြီးကြောင်း၊ ဘိက္ခုနီတို့တွင် ရတ္တညူတေဒဂ်ဖြင့် ချီးမွမ်းအပ်သူ** ဖြစ်ကြောင်း၊ ဣဒ္ဓိဝိဓအစရှိသော လောကီအဘိညာဉ်ငါးပါး၌ **နိုင်နင်းကြောင်း၊ လောကုတ္တရာ အာသဝက္ခယအဘိညာဉ်နှင့်လည်း ပြည့်စုံ၍ ပဋိသမ္ဘိဒါပတ္တထေရီဝိသေသ"** ဖြစ်ကြောင်း စသည်များကိုလည်း ထုတ်ဖော်ချီးကျူးတော်မူပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



# ဂေါတမီထေရီ အပဒါန်ပါဠိတော်တွင် နိဂုံးချုပ်အဖြစ် မြတ်စွာဘုရား တိုက်တွန်းတော်မူသော ဥဿျောဇဉ်ဂါထာတစ်ပုဒ်

## ဘုရားရှင်၏ ဥဿျောဇဉ်ဂါထာ

အတ္တဒီပါ ထတော ဟောထ၊ သတိပဋ္ဌာနဂေါစရာ။
ဘာဝေတွာ သတ္တဗောဇ္ဈင်္ဂေ၊ ဒုက္ခဿန္တံ ကရိဿထ။

သမ္မာဝိမုတ္တဖြစ်လျှင် အမြဲတမ်း ချမ်းသာသည့် အငြိမ်းဓာတ်သို့ရောက်လျက် ဂတိငါးပါးမှ ကင်းလွတ်ခြင်းကြောင့် သင် ချစ်သား ချစ်သမီးတို့သည်-

ရှုမှတ်မှု သတိပဋ္ဌာန်လေးပါးလျှင် ကျက်စားစရာရှိကြကုန်သည်ဖြစ်၍ မိမိကိုယ်ဟု ဆိုအပ်သော တရားလျှင် မှီရာကျွန်းမြေသဖွယ် အားကိုးရာရှိကုန်သည် ဖြစ်ကြပါကုန်လော့။

သတိပဋ္ဌာန်လေးပါးကို ပွားသောအားဖြင့် လေ့လာကျက်စားနေကြပါ။ ထိုသို့ လေ့လာကျက်စားနေလျှင် မိမိကိုယ်ကို အားကိုးရာကျွန်းမြေသဖွယ် ပြုနေသည်မည်ပါ၏။ မိမိကိုယ်ဆိုသည်မှာလည်း မိမိသန္တာန်မှာ ဖြစ်ပွားစေသော သတိပဋ္ဌာန်တရားကိုပင် ဆိုလိုပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



ထိုသတိပဋ္ဌာန်တရားကို မှီရာတည်ရာ ကျွန်းမြေသဖွယ် အားကိုးနေကြလျှင် ဗောဇ္ဈင်ခုနှစ်ပါးတို့ကို ပွားစေ၍ ဆင်းရဲ၏ ကုန်ဆုံးရာ အရဟတ္တဖိုလ်နိဗ္ဗာန်ကို ပြီးစီးနိုင်ကြပေလတ္တံ့။

**သတိပဋ္ဌာန်လေးပါးကို ပွားစေလျှင် ဗောဇ္ဈင်ခုနှစ်ပါး ပြည့်စုံပြီး အရဟတ္တဖိုလ်နိဗ္ဗာန်သို့ ရောက်ကြပါလိမ့်မည်။**

သို့ဖြစ်ရာ ဆင်းရဲခပ်သိမ်းကုန်ငြိမ်းရာ **နိဗ္ဗာန်ရောက်လို သော သမ္မာဆန္ဒ အပြည့်အဝရှိသူများသည် သတိပဋ္ဌာန်တရား လေးပါးကို မပြတ်ပွားများနေကြရန်ပင် ဖြစ်ပါ၏။**

www.thitsarparamisociety.com

www.thitsarparami.org

# ရဟန္တာဆိုင်ရာတရားတော်

## အခန်း [ ၃ ]

## ဝိသုဒ္ဓိမြတ်တရား (၇) ပါး
## ရထား (၇) စီး
## ဥပမာတရားတော်

www.thitsarparamisociety.com

www.thitsarparami.org



## စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်း (နိဗ္ဗာန်)ရောက်ရှိရန် အထူးစင်ကြယ်ခြင်း ဝိသုဒ္ဓိတရား (၇) ပါး

❖ သီလဝိသုဒ္ဓိ (သီလအထူးစင်ကြယ်ခြင်း)

❖ စိတ္တဝိသုဒ္ဓိ (စိတ်သမာဓိအထူးစင်ကြယ်ခြင်း)

❖ ဒိဋ္ဌိဝိသုဒ္ဓိ (အမြင်အထူးစင်ကြယ်ခြင်း)

❖ ကင်္ခါဝိတရဏဝိသုဒ္ဓိ (ယုံမှားခြင်းကို လွန်မြောက်သောဉာဏ်အထူးစင်ကြယ်ခြင်း)

❖ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ (မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင်အထူးစင်ကြယ်ခြင်း)

❖ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ (အကျင့်အနုလုံဉာဏ် အမြင်အထူးစင်ကြယ်ခြင်း)

❖ ဉာဏဒဿနဝိသုဒ္ဓိ (မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း)

www.thitsarparamisociety.com

www.thitsarparami.org



# အခန်း(၃)
# ဝိသုဒ္ဓိမြတ်တရား (၇)ပါး၊ ရထား (၇) စင်း
# ဥပမာတရားတော်

အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ **ဘုရားလောင်းမွေးဖွားတော်မူရာအရပ်တွင်** သီတင်းသုံးတော်မူသောရဟန်းတို့သည် ဝါဆိုပြီးသည့်အခါ မြတ်စွာဘုရားထံသို့ ရောက်ရှိလာကြသည်၊ မြတ်စွာဘုရားအား ရှိသေစွာ ရှိခိုးကြပြီးသည့်အခါ ထိုရဟန်းတို့အား မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏-

## အရှင်ပုဏ္ဏအား ချီးမွမ်းတော်မူခြင်း

ရဟန်းတို့

၁။ **မိမိလည်းအလိုနည်း၏** ၊ အလိုနည်းခြင်း၏၊ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။

၂။ **မိမိလည်းရောင့်ရဲ၏**၊ ရောင့်ရဲခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။

www.thitsarparamisociety.com

www.thitsarparami.org



၃။ **မိမိလည်းကင်းဆိတ်၏၊** ကင်းဆိတ်ခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။

၄။ **မိမိလည်း စကားမရောနှော၊** စကားမရောနှောခြင်း၏ ကျေးဇူးကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။

၅။ **မိမိလည်း လုံ့လအားထုတ်၏၊** လုံ့လအားထုတ်ခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။

၆။ **မိမိလည်း အကျင့်သီလနှင့် ပြည့်စုံ၏၊** အကျင့်သီလနှင့် ပြည့်စုံခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။

၇။ **မိမိလည်း တည်တံ့ခြင်းသမာဓိနှင့် ပြည့်စုံ၏၊** သမာဓိနှင့် ပြည့်စုံခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။

၈။ **မိမိလည်း ပညာနှင့် ပြည့်စုံ၏၊** ပညာနှင့် ပြည့်စုံခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။

၉။ **မိမိလည်း လွတ်မြောက်ခြင်း "ဝိမုတ္တိ"နှင့် ပြည့်စုံ၏။** ဝိမုတ္တိနှင့် ပြည့်စုံခြင်း၏ ကျေးဇူးစကားကိုလည်း ရဟန်းတို့အား ပြောဟောတတ်၏။

www.thitsarparamisociety.com

www.thitsarparami.org



၁၀။ **မိမိလည်း လွတ်မြောက်ခြင်း "ဝိမုတ္တိ" ကို သိမြင်ခြင်း "ဝိမုတ္တိဉာဏဒဿန" နှင့် ပြည့်စုံ၏။** ဝိမုတ္တိကို သိမြင်ခြင်းနှင့် ပြည့်စုံခြင်း၏ ကျေးဇူးစကားကို လည်း ရဟန်းတို့အား ဟောပြောတတ်၏။

ထို့ပြင်

သီတင်းသုံးဖော်တို့ကို

- **ဆုံးမတတ်၏၊**
- **အထူးသိစေတတ်၏၊**
- **ကောင်းစွာပြတတ်၏။**
- **ကောင်းစွာဆောက်တည်စေတတ်၏။**
- **ကောင်းစွာအားထုတ်စေတတ်၏။**
- **ကောင်းစွာအပြောအားဖြင့် နှစ်သက်ရွှင်လန်းစေတတ်၏။**

ဟူသည့် **ဘုရားလောင်းမွေးဖွားရာအရပ်** တွင် မည်သည့် ရဟန်းသည် သီတင်းသုံးဖော်ရဟန်းတို့၏ အချီးအမွမ်းကို ခံရသနည်းဟု မေးတော်မူ၏။

မြတ်စွာဘုရားက သီတင်းသုံးဖော် ရဟန်းတို့အတွက် အရကောင်းသော၊ အချီးမွမ်းကိုခံရသော၊ ထိုသို့သော ချီးမွမ်းထိုက်သော ရဟန်းဖြစ်သူကို မေးမြန်းသည့်အခါ ရဟန်းတို့က "အရှင်ဘုရား" ချီးမွမ်းထိုက်သောဂုဏ်တို့ဖြင့် ပြည့်စုံ၍ အချီးမွမ်းခံရသူမှာ **ဘုရားလောင်းမွေးဖွားရာအရပ်၌** နေသော သီတင်းသုံးဖော် ရဟန်းတို့၏ အချီးမွမ်းခံရသူ မန္တာဏီ၏သား အရှင်ပုဏ္ဏဖြစ်ပါသည်ဟု လျှောက်ထားကြပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



# အရှင်သာရိပုတ္တရာအား အကြံအစည်ဖြစ်ပေါ်ခြင်း

မြတ်စွာဘုရားသခင်သည် အရှင်ပုဏ္ဏအား ချီးမွမ်းနေစဉ် အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအနီး၌ ထိုင်နေပါ၏။ ထိုသို့ထိုင်နေစဉ် "အရှင်ပုဏ္ဏအား ပညာရှိကုန်သော သီတင်းသုံးဖော်တို့သည် မြတ်စွာဘုရား၏ မျက်မှောက်၌ စကား (၁၀)မျိုးသို့ သက်ဝင်၍ ကျေးဇူးဂုဏ်ကို ပြောဆိုကုန်၏။ ထိုပြောဆိုသောစကားကိုလည်း မြတ်စွာဘုရားသည် အလွန်ဝမ်းမြောက်တော်မူ၏။ မန္တာဏီ၏သား အရှင်ပုဏ္ဏသည် ကျေးဇူးဂုဏ်ကို ရပေစွ၊ မန္တာဏီ၏**သားအရှင်ပုဏ္ဏသည် အရတော်ပေစွ၊ ငါသည်လည်း တစ်ချိန်ချိန်မှာ အရှင်ပုဏ္ဏနှင့် အတူတွေ့ဆုံနိုင်ကောင်းပါ၏။ တစုံတရာစကား ပြန်လှန်ပြောဆိုခြင်း ဖြစ်နိုင်ကောင်း၏**" ဟု အရှင်သာရိပုတ္တရာအား ဤအကြံအစည်သည် ဖြစ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ မွေ့လျော်တော်မူသရွေ့ နေတော်မူပြီးနောက် သာဝတ္ထိပြည်သို့ ဒေသစာရီ လှည့်လည်ကြွတော်မူ၏။ သာဝတ္ထိပြည် အနာထပိဏ်သူဌေး လှူဒါန်းသော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူခိုက် အရှင်ပုဏ္ဏသည် မြတ်စွာဘုရားထံချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးလျက် သင့်တင့်လျောက်ပတ်သောနေရာ၌ ထိုင်နေ၏။

www.thitsarparamisociety.com

www.thitsarparami.org



မြတ်စွာဘုရားသည် အရှင်ပုဏ္ဏကို **တရားနှင့်စပ်သော စကားဖြင့် ကောင်းစွာပြတော်မူ၏။ ကောင်းစွာဆောက်တည်စေတော်မူ၏။ ကောင်းစွာအားထုတ်စေတော်မူ၏၊ ကောင်းစွာနှစ်သက်ရွှင်လန်းစေတော်မူ၏။**

"အရှင်ပုဏ္ဏသည် မြတ်စွာဘုရား၏ တရားကို လွန်စွာနှစ်သက်ဝမ်းမြောက်လျက် နေရာမှထကာ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးလျက် အရိုအသေပြုပြီးလျှင် အန္ဓဝန်တောဆီသို့ နေ့သန့်စင်ရန်အလို့ငှာ သွား၏။

ထိုအခါ ရဟန်းတပါးသည် အရှင်သာရိပုတ္တရာထံချဉ်းကပ်၍ "အရှင်သာရိပုတ္တရာသည် အရှင်ပုဏ္ဏ၏ကျေးဇူးဂုဏ်ကို မပြတ်ပြောကြားခဲ့၏။ ထိုအရှင်သည် မြတ်စွာဘုရား၏တရားကို လွန်စွာနှစ်သက်ဝမ်းမြောက်ကာ နေရာမှထ၍ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးလျက် အရိုအသေပြုပြီးလျှင် နေ့သန့်စင်ရန် အန္ဓဝန်တောဆီသို့သွား၏" ဟု ပြောဆိုလျှောက်ထားပါ၏။

## အရှင်သာရိပုတ္တရာနှင့် အရှင်ပုဏ္ဏ

ထိုအခါ အရှင်သာရိပုတ္တရာသည် လျင်မြန်စွာ နိသီဒိုင်ကို ယူ၍ အရှင်ပုဏ္ဏထံလိုက်လေ၏။ အရှင်ပုဏ္ဏသည် အန္ဓဝန်တောရှိ တစ်ခုသောသစ်ပင်ရင်း၌ နေ့သန့်စင်ခြင်းငှာ ထိုင်သဖြင့် အရှင်သာရိပုတ္တရာသည်လည်း အန္ဓဝန်တောရှိ တစ်ခုသောသစ်ပင်ရင်း၌ နေ့သန့်စင်ခြင်းငှာ ထိုင်၏။

www.thitsarparamisociety.com

www.thitsarparami.org



ညနေချမ်းအချိန်၌ အရှင်သာရိပုတ္တရာသည် ဖလသမာပတ်မှထလျက် မန္တာဏီ၏သား အရှင်ပုဏ္ဏထံ ချဉ်းကပ်ပြီးလျှင် ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားတို့ကို ပြောဆိုကြပြီးနောက် အရှင်သာရိပုတ္တရာကမေး၍ အရှင်ပုဏ္ဏက ဤသို့ စကားပြန်လှန် ပြောဆိုကြလေ၏။

မေး - ငါ့ရှင် "**မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော**"

ဖြေ - ငါ့ရှင် "မှန်ပါ၏"။

## မေးခွန်း (၇) ခု၊ အဖြေ (၇) ခု

မေး(၁) - ငါ့ရှင် "**သီလ အထူးစင်ကြယ်ခြင်း အကျိုးငှာ**" မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော။

ဖြေ - ငါ့ရှင် "မဟုတ်ပါ"၊

မေး(၂) - ငါ့ရှင် "**စိတ်သမာဓိ အထူးစင်ကြယ်ခြင်း အကျိုးငှာ**" မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော၊

ဖြေ - ငါ့ရှင် "မဟုတ်ပါ"။

မေး(၃) - ငါ့ရှင် "**အမြင် အထူးစင်ကြယ်ခြင်း အကျိုးငှာ**" မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော၊

ဖြေ - ငါ့ရှင် "**မဟုတ်ပါ**"

www.thitsarparamisociety.com

www.thitsarparami.org



မေး(၄) - ငါ့ရှင် **"ယုံမှားခြင်းကို လွန်မြောက်မှု ဉာဏ်အထူး စင်ကြယ်ခြင်း အကျိုးငှာ"** မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော။

ဖြေ - ငါ့ရှင် **"မဟုတ်ပါ"**။

မေး(၅) - **ငါ့ရှင် "မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း အကျိုးငှာ"** မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော၊

ဖြေ - ငါ့ရှင် " မဟုတ်ပါ "

မေး(၆) - **ငါ့ရှင် "အကျင့်အနုလုံဉာဏ်အမြင် အထူးစင်ကြယ်ခြင်း အကျိုးငှာ"** မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော၊

ဖြေ - ငါ့ရှင် " မဟုတ်ပါ "

မေး(၇) - **ငါ့ရှင် "မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း အကျိုးငှာ"** မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော၊

ဖြေ - ငါ့ရှင် " မဟုတ်ပါ "

ထို့ကဲ့သို့ အရှင်သာရိပုတ္တရာ မေးမြန်းသည့်အမေး(၇)ခု စလုံးအပေါ် အရှင်ပုဏ္ဏသည် ငါ့ရှင် "မဟုတ်ပါ" ဟုသာ ဖြေဆိုသည်ဖြစ်၍ အရှင်သာရိပုတ္တရာက အရှင်ပုဏ္ဏအား ဤသို့ ထပ်မံမေးမြန်းပါ၏-

www.thitsarparamisociety.com

www.thitsarparami.org



## စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်း

ငါ့ရှင် ထိုသို့ဖြစ်ပါမူ အဘယ်အကျိုးငှာအတွက် မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးပါသနည်း။

ထိုအခါ အရှင်ပုဏ္ဏက ငါ့ရှင် "**စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်း အကျိုးငှာသာ**" မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးပါ၏ဟု ဆိုလေ၏။

အရှင်ပုဏ္ဏ၏ ဖြေဆိုချက်အပေါ် အရှင်သာရိပုတ္တရာက ဤသို့ ထပ်မံမေးမြန်းပါ၏-

ငါ့ရှင်-

- အကျင့်သီလ အထူးစင်ကြယ်ခြင်း၊
- စိတ်သမာဓိ အထူးစင်ကြယ်ခြင်း၊
- အမြင် အထူးစင်ကြယ်ခြင်း၊
- ယုံမှားခြင်းကို လွန်မြောက်မှုဉာဏ်အမြင် အထူးစင်ကြယ်ခြင်း၊
- မဂ်ဟုတ်သည်မဟုတ်သည်၌ ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း၊
- အကျင့်အနုလုံဉာဏ်အမြင် အထူးစင်ကြယ်ခြင်း
- မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းတို့သည်

"**စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်း**" လောဟု မေးရာ အရှင်ပုဏ္ဏသည် ငါ့ရှင် "**မဟုတ်ပါ**" ဟုပင် ဆိုလေ၏။

www.thitsarparamisociety.com

www.thitsarparami.org



ထိုသို့ဆိုလျှင် "**စွဲယူမှုမရှိသော ထက်ထက်ဝန်းကျင် ငြိမ်းအေးခြင်း**" အတွက် မည်သို့ မှတ်ယူသင့်သည်ကို ပြောကြားရန် အရှင်သာရိပုတ္တရာသည် အရှင်ပုဏ္ဏအား ထပ်မံမေးမြန်းပါ၏။

## ဝိသုဒ္ဓိတရား (၇)ပါး၊ ရထား (၇)စီး ဥပမာ

မြတ်စွာဘုရားလက်ထက်တော်အခါက တရားဓမ္မဟောကြားရာတွင် အသာဆုံးဖြစ်သော ဧတဒဂ်ဘွဲ့ရရှိသူ အရှင်ပုဏ္ဏသည် အရှင်သာရိပုတ္တရာအား ငါ့ရှင် သင့်အား ဥပမာတို့ဖြင့် ပြောပြပါအံ့ဟု ပြောဆိုလျှောက်ထားသည့် ဝိသုဒ္ဓိတရား (၇)ပါး၊ ရထား (၇)စင်း ဥပမာကို ဤသို့ ပြောပြပေ၏-

ငါ့ရှင် ပသေနဒီကောသလမင်းသည် သာဝတ္ထိပြည်၌ နေစဉ် သာကေတမြို့သို့ တစုံတရာ အဆောတလျင်ပြုဖွယ်ကိစ္စသည် ရှိ၏။

ပသေနဒီကောသလမင်းသည် သာကေတမြို့သို့ သွားလိုသည်ဖြစ်၍ သာဝတ္ထိပြည်နှင့် သာကေတမြို့အကြား၌ မြင်းယာဉ်ဖြင့် ရထား(၇)စီးတို့ကို ထားစေ၏။

(၁) ပသေနဒီကောသလမင်းသည် သာဝတ္ထိပြည်မှ စတင်ထွက်ခွာသောအခါ **ပဌမရထား**ကို တက်စီး၏။ ထိုပဌမရထားသည် ဒုတိယရထားရှိရာသို့ ရောက်၏။

www.thitsarparamisociety.com

www.thitsarparami.org



(၂) ဒုတိယရထားရှိရာသို့ရောက်သော ပသေနဒီကောသလမင်းသည် ပဌမရထားကိုစွန့်လွှတ်၍ **ဒုတိယရထား**ကို တက်စီး၏။ ထိုဒုတိယရထားသည် တတိယရထားရှိရာသို့ ရောက်၏။

(၃) တတိယရထားရှိရာသို့ရောက်သော ပသေနဒီကောသလမင်းသည် ဒုတိယရထားကို စွန့်လွှတ်၍ **တတိယရထား**ကို တက်စီး၏။ ထိုတတိယရထားသည် စတုတ္ထရထားရှိရာသို့ ရောက်၏။

(၄) စတုတ္ထရထားရှိရာသို့ရောက်သော ပသေနဒီကောသလမင်းသည် တတိယရထားကိုစွန့်လွှတ်၍ **စတုတ္ထရထား**ကို တက်စီး၏။ ထိုစတုတ္ထရထားသည် ပဉ္စမရထားရှိရာသို့ ရောက်၏။

(၅) ပဉ္စမရထားရှိရာသို့ရောက်သော ပသေနဒီကောသလမင်းသည် စတုတ္ထရထားကိုစွန့်လွှတ်၍ **ပဉ္စမရထား**ကို တက်စီး၏။ ထိုပဉ္စမရထားသည် ဆဋ္ဌမရထားရှိရာသို့ ရောက်၏။

(၆) ဆဋ္ဌမရထားရှိရာသို့ရောက်သော ပသေနဒီကောသလမင်းသည် ပဉ္စမရထားကိုစွန့်လွှတ်၍ **ဆဋ္ဌမ**ရထားကို တက်စီး၏။ ထိုဆဋ္ဌမရထားသည် သတ္တမရထားရှိရာသို့ ရောက်၏။

(၇) သတ္တမရထားရှိရာသို့ရောက်သော ပသေနဒီကောသလမင်းသည် ဆဋ္ဌမရထားကိုစွန့်လွှတ်ပြီး **သတ္တမရထား** ကို တက်စီး၍ ခရီးနှင်လာခဲ့ရာ သာကေတမြို့ နန်းတွင်းတံခါးသို့ ဆိုက်ရောက်တော်မူလာ၏။

www.thitsarparamisociety.com

www.thitsarparami.org



နန်းတွင်းတံခါးသို့ ရောက်တော်မူလာသော ပသေနဒီကောသလမင်းကြီးကို သာကေတမြို့မှ အဆွေခင်ပွန်းများ၊ ချစ်ကျွမ်းဝင်သူများနှင့် ဆွေမျိုးသားချင်းတို့သည် **"မင်းကြီး၊ သင်သည် ဤရထားဖြင့် သာဝတ္ထိပြည်မှ သာကေတမြို့ နန်းတွင်းတံခါးသို့ ဆိုက်ရောက်တော်မူပါသလော"** ဟု မေးမြန်းကြကုန်၏။

ငါ့ရှင်

ဤသို့ မေးလာသည်ကို ပသေနဒီကောသလမင်းကြီးသည် အဘယ်သို့ ဖြေကြားမှသာ **ကောင်းစွာဖြေကြား**သည်ဟု ဆိုနိုင်မည်နည်း။

ငါ့ရှင်

ပသေနဒီကောသလမင်းသည် ဤသို့ ဖြေကြားမှသာ **ကောင်းစွာဖြေကြားသည်** မည်ပေ၏-

ငါသည် သာဝတ္ထိပြည်နှင့် သာကေတမြို့၏ အကြား၌ မြင်းယာဉ်ဖြင့် ရထား(၇)စီးတို့ကို ထားစေ၏။ ငါသည် သာဝတ္ထိပြည်မှထွက်သော် နန်းတွင်းတံခါးမှ **ပဌမရထား**ကို စီးခဲ့၏။ ပဌမရထားဖြင့် ဒုတိယရထားသို့ ရောက်ခဲ့၏။ ပဌမရထားကို စွန့်လွှတ်၍ **ဒုတိယရထား**ကို စီးခဲ့၏။ ဒုတိယရထားဖြင့် တတိယရထားသို့ ရောက်ခဲ့၏။ ဒုတိယရထားကို စွန့်လွှတ်၍ **တတိယရထား**ကို စီးခဲ့၏။ တတိယရထားဖြင့် စတုတ္ထရထားသို့ ရောက်ခဲ့၏။ တတိယရထားကို စွန့်လွှတ်၍ **စတုတ္ထရထား**ကို စီးခဲ့၏။

www.thitsarparamisociety.com

www.thitsarparami.org



စတုတ္ထရထားဖြင့် ပဉ္စမရထားသို့ ရောက်ခဲ့၏။ စတုတ္ထရထားကို စွန့်လွှတ်၍ **ပဉ္စမရထားကို** စီးခဲ့၏။ ပဉ္စမရထားဖြင့် ဆဋ္ဌမရထားသို့ ရောက်ခဲ့၏။ ပဉ္စမရထားကို စွန့်လွှတ်၍ **ဆဋ္ဌမရထားကို** စီးခဲ့၏။ ဆဋ္ဌမရထားဖြင့် သတ္တမရထားသို့ ရောက်ခဲ့၏။ ဆဋ္ဌမရထားကို စွန့်လွှတ်၍ **သတ္တမရထားကို**စီးခဲ့ရာ သာကေတမြို့နန်းတွင်းတံခါးသို့ ဆိုက်ရောက်ခဲ့၏။

ဟု ပသေနဒီကောသလမင်းသည် မေးလာသူတို့ကို ဖြေကြားသော် ကောင်းစွာ ဖြေကြားသည် မည်ပေ၏။

ငါ့ရှင်

ထို့အတူပင်

- **အကျင့်သီလ အထူးစင်ကြယ်ခြင်း**သည် **စိတ်သမာဓိ အထူးစင်ကြယ်ရုံမျှ** အကျိုးရှိ၏။
- စိတ်သမာဓိ အထူးစင်ကြယ်ခြင်းသည် **အမြင်** အထူး**စင်ကြယ်ရုံမျှ** အကျိုးရှိ၏။
- အမြင်အထူးစင်ကြယ်ခြင်းသည် **ယုံမှားခြင်းကို လွန်မြောက်မှုဉာဏ် အထူးစင်ကြယ်ရုံ**မျှသာ အကျိုးရှိ၏။
- ယုံမှားခြင်းကို လွန်မြောက်မှုဉာဏ် အထူးစင်ကြယ်ခြင်းသည် **မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင် အထူးစင်ကြယ်ရုံ**မျှသာ အကျိုးရှိ၏။
- မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းသည် **အကျင့်အနုလုံဉာဏ်အမြင် အထူးစင်ကြယ်ရုံ** မျှသာ အကျိုးရှိ၏။

www.thitsarparamisociety.com

www.thitsarparami.org



❖ အကျင့်အနုလုံဉာဏ်အမြင် အထူးစင်ကြယ်ခြင်းသည် **မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ရုံမျှသာ** အကျိုးရှိ၏။

❖ မဂ်ဉာဏ်အမြင်အထူးစင်ကြယ်ခြင်းသည် **စွဲယူမှု မရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်း** အကျိုးရှိ၏။

ငါ့ရှင်

**စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်း (နိဗ္ဗာန်)** အကျိုးငှာသာ မြတ်စွာဘုရားထံ၌ **မြတ်သောအကျင့်**ကို ကျင့်သုံးပါ၏။

မြတ်စွာဘုရား၏ လက်ယာတော်ရံရဟန္တာ အရှင်သူမြတ် အရှင်သာရိပုတ္တရာနှင့် တရားဓမ္မဟောကြားရာတွင် အသာဆုံးဖြစ်သော ဧတဒဂ်ဘွဲ့ရှိသော ရဟန္တာအရှင်သူမြတ် အရှင်ပုဏ္ဏတို့သည် နိဗ္ဗာန်ရောက်ကြောင်းတရားဖြစ်သော **စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်းအတွက် အထူးစင်ကြယ်ခြင်း (၇)ပါး ဝိသုဒ္ဓိတရားတော်မြတ်(၇)ပါးတို့ကို ရထား(၇)စီး ဥပမာဖြင့်** အပြန်အလှန် တရားစကား ပြောဆိုကြပေ၏။

**ထိုသို့ ဥပမာဖြင့် တန်ဆာဆင်၍ အထူးစင်ကြယ်ခြင်း (ဝိသုဒ္ဓိ) တရား(၇)ပါးတို့ကို ရှင်းလင်းအောင်၊ ရှင်းလင်းပြောဆိုသော အရှင်ပုဏ္ဏကို အရှင်သာရိပုတ္တရာက အလွန်တရာ သဘောကျသဖြင့်** "အရှင်သည် အဘယ်အမည်ရှိသနည်း၊ အဘယ်သို့လျှင် အရှင်ကို သီတင်းသုံးဖော်တို့ သိကြကုန်သနည်း" ဟု အရှင်သာရိပုတ္တရာက မေးမြန်းပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



အရှင်ပုဏ္ဏသည် ၎င်း၏အမည်မှာ အရှင်ပုဏ္ဏဖြစ်ကြောင်း ပြန်လည်လျှောက်ထားသည့်အခါ အရှင်သာရိပုတ္တရာက-

ငါ့ရှင်

**အလွန်တရာပင် အံ့ဩဖွယ်ပင် ဖြစ်ပါ၏၊ မြတ်စွာဘုရားသာသနာကို ကောင်းစွာသိသော၊ အကြားအမြင်ရှိသော တပည့်သာဝကသည် ဖြေကြားသကဲ့သို့ အရှင်ပုဏ္ဏသည် အလွန်ခက်ခဲနက်နဲသော ပြဿနာကို ရှင်းလင်းစွာ ဖြေကြားနိုင်ပေ၏၊**

အကြင်သီတင်းသုံးဖော်တို့သည် အရှင်ပုဏ္ဏကို မြင်ရခြင်းငှာ၊ ဆည်းကပ်ခြင်းငှာ ရသည့်အတွက် ထိုသီတင်းသုံးဖော်တို့မှာ အလွန်အရတော်ပေစွ၊ သီတင်းသုံးဖော်တို့သည် အရှင်ပုဏ္ဏကို ဦးခေါင်းပေါ်တွင် အဝတ်ခေါင်းခု၍ပင် ရွက်ဆောင်ထားခြင်းငှာ ထိုက်၏ဟု ဆို၏။

ထိုအခါ အရှင်ပုဏ္ဏသည် အရှင်သာရိပုတ္တရာကိုလည်း "အရှင်သည် အဘယ်အမည်ရှိပါသနည်း၊ အဘယ်သို့လျှင် အရှင်ကို သီတင်းသုံးဖော်တို့က သိကြကုန်သနည်း" ဟု မေးမြန်းပါ၏။

အရှင်သာရိပုတ္တရာက ငါ့ရှင် "ဥပတိဿ" သည် ကျွန်ုပ်၏အမည် ဖြစ်ပေ၏။ "သာရိပုတ္တရာ" ဟု ကျွန်ုပ်ကို သီတင်းသုံးဖော်တို့က သိကြကုန်၏ဟု ဖြေဆိုရာ

www.thitsarparamisociety.com

www.thitsarparami.org



အရှင်ပုဏ္ဏက–

**မြတ်စွာဘုရားနှင့်တူသော၊ လက်ယာတော်ရံ၊ ဉာဏ်ပညာအရာတွင် မြတ်စွာဘုရားပြီးလျှင် အကြီးဆုံးဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သာဝကနှင့်အတူ တရားဆွေးနွေးနိုးနှော ရပါလျက် အရှင်သာရိပုတ္တရာဟု မသိခဲ့ရပါ။**

အကယ်၍ ရှေးဦးကပင် ဤအရှင်ကို အရှင်သာရိပုတ္တရာဟု သိခဲ့ပါမူ ဤမျှလောက်လည်း ဆွေးနွေးပြောဆိုမှု ပြုနိုင်မည် မဟုတ်ပါ။

ငါ့ရှင်တို့

**အလွန်တရာ အံ့ဩဖွယ်ရာပင် ဖြစ်ပေ၏။**

**မြတ်စွာဘုရား သာသနာတော်ကို ကောင်းစွာသိသော၊ အကြားအမြင်ရှိသော တပည့်သာဝကသည် မေးမြန်းသကဲ့သို့ အရှင်သာရိပုတ္တရာသည် အလွန်နက်နဲကုန်သော နက်နက်နဲနဲ ပြဿနာတို့ကို မေး၏။**

သီတင်းသုံးဖော်တို့သည်လည်း အရှင်သာရိပုတ္တရာကို မြင်ခြင်းငှာ၊ ဆည်းကပ်ခြင်းငှာရခြင်းသည် အလွန်အရတော်လေစွ ဟု အရှင်သာရိပုတ္တရာအား ပြန်လည်၍ ချီးမွမ်းပြောဆိုတော်မူပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



## အဘိဓမ္မာတွင်ပါရှိသော
## ဝိသုဒ္ဓိတရားတော်မြတ် (၇)ပါး

၁။ သီလဝိသုဒ္ဓိ (သီလ အထူးစင်ကြယ်ခြင်း)
၂။ စိတ္တဝိသုဒ္ဓိ (စိတ်သမာဓိ အထူးစင်ကြယ်ခြင်း)
၃။ ဒိဋ္ဌိဝိသုဒ္ဓိ (အမြင် အထူးစင်ကြယ်ခြင်း)
၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ (ယုံမှားခြင်းကို လွန်မြောက်သော ဉာဏ် အထူးစင်ကြယ်ခြင်း)
၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ (မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း)
၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ (အကျင့်အနုလုံဉာဏ်အမြင် အထူးစင်ကြယ်ခြင်း)
၇။ ဉာဏဒဿနဝိသုဒ္ဓိ (မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း)

## သီလဝိသုဒ္ဓိ (သီလအထူးစင်ကြယ်ခြင်း)
## သီလဝိသုဒ္ဓိ (၄)မျိုး

### ၁။ ပါတိမောက္ခသံဝရသီလ

(က) ပါတိမောက်၌လာသော သိက္ခာပုဒ်တော်များကို စောင့်ထိန်းခြင်းသည် ရဟန်းများအတွက် ပါတိမောက္ခသံဝရ သီလ ဖြစ်၏။

(ခ) ရှစ်ပါးသီလစသည်တို့ကို လုံခြုံအောင် စောင့်ထိန်းမှုသည် လူပုဂ္ဂိုလ်များအတွက် အဓိမောက္ခသံဝရသီလ ဖြစ်၏။ **သဒ္ဓါ** ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပာဒ် ရ၏။

www.thitsarparamisociety.com

www.thitsarparami.org



## ၂။ ဣန္ဒြိယသံဝရသီလ

စက္ခုန္ဒြေ၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနိန္ဒြေ အစရှိသော ဣန္ဒြေ(၆)ပါးတို့ကို အကုသိုလ်မဖြစ်အောင် စောင့်စည်းထိန်းသိမ်းခြင်းသည် ဣန္ဒြိယသံဝရသီလဖြစ်၏။

**သတိ** ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပာဒ် ရ၏။

## ၃။ အာဇီဝပါရိသုဒ္ဓိသီလ

ဒါယကာတို့အား ဖြားယောင်းလှည့်ပတ်၍ရသော ပစ္စည်း(၄)ပါးတို့ကို သုံးဆောင်အသက်မွေးမှုမပြုဘဲ စင်ကြယ်စွာတရားသဖြင့် ရှာမှီးရရှိသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်း(၄)ပါးတို့ဖြင့် အသက်မွေးမှုသည် အာဇီဝပါရိသုဒ္ဓိသီလ ဖြစ်၏။

**ဝီရိယ** ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပာဒ် ရ၏။

## ၄။ ပစ္စယသန္နိဿိတသီလ

ရဟန်းများအတွက် တရားသဖြင့် စင်ကြယ်စွာရရှိသော ပစ္စည်း(၄)ပါးတို့ကို ပစ္စဝေက္ခဏာ ဆင်ခြင်သုံးစွဲခြင်းသည် ပစ္စယသန္နိဿိတသီလ ဖြစ်၏။

လူပုဂ္ဂိုလ်များအတွက် အစားအသောက်၊ အသုံးအဆောင်ဝတ္ထုပစ္စည်းတို့၌ အာဟာရပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်တို့ဖြင့် ဆင်ခြင်သုံးသပ်၍ မိန်းမောတွေဝေမှု၊ စုံမက်စွဲလမ်းမှုမရှိဘဲ သုံးဆောင်မှီဝဲလျှင် ပစ္စယသန္နိဿိတသီလ ဖြစ်၏။

**ပညာ** ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပာဒ် ရ၏။

www.thitsarparamisociety.com

www.thitsarparami.org



## စိတ္တဝိသုဒ္ဓိ (စိတ်သမာဓိ အထူးစင်ကြယ်ခြင်း)

ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိတို့သည် စိတ္တဝိသုဒ္ဓိ ဖြစ်၏။

### ၁။ ဥပစာရသမာဓိ

ဘာဝနာကြောင့်ဖြစ်ပေါ်လာသော အာရုံသည် စိတ်၌ငြိမ် သက်စွာတည်၍ စိတ်ထဲ၌ ကောင်းစွာထည့်သွင်းထားနိုင်သည့် အခါ **ပဋိဘာဂနိမိတ်** ဖြစ်၏။

ပဋိဘာဂနိမိတ် ဖြစ်သည့်အခါမှစ၍ သမာဓိ၏ ဘေးရန် ဖြစ်သော နီဝရဏတို့ကို ပယ်ရှားတားမြစ်သော **ကာမာဝစရ သမာဓိ** ဟုခေါ်ဆိုသည့် **ဥပစာရသမာဓိ** ဖြစ်၏။

တစ်နည်းအားဖြင့် ဥပစာရသမာဓိသည် **ပဋိဘာဂနိမိတ်** ဖြစ်သည်မှစ၍ ဂေါတြဘူအထိဖြစ်သော ကာမာဝစရ ကုသိုလ် စိတ်ရှိသော **ကာမာဝစရသမာဓိ**ပင် ဖြစ်၏။

### ၂။ အပ္ပနာသမာဓိ

အပ္ပနာသမာဓိသည် ချာန်၌ရှိသော သမာဓိဖြစ်၏။

www.thitsarparamisociety.com

www.thitsarparami.org



## ရျာန်

ကာမဂုဏ်နှင့် အကုသိုလ်တရားတို့မှကင်း၍ ကြံစည်ခြင်း (ဝိတက်)နှင့် သုံးသပ်ဆင်ခြင်ခြင်း(ဝိစာရ)နှင့်အတူ နီဝရဏများကို ပယ်ရှားသောကြောင့် နှစ်သိမ့်ခြင်း(ပီတိ)နှင့် ချမ်းသာခြင်း (သုခ) ရှိသော **ပဌမဈာန်**ကို ရရှိ၏။

ထိုပဌမဈာန်ကိုရပြီးလျှင် အလိုရှိသလို ပြုနိုင်စွမ်းသော အစွမ်းသတ္တိ(ဝသီဘော်) ငါးပါးတို့ကို ကြိမ်ဖန်များစွာပြု၍ အစဉ်အတိုင်း ဆက်လက်ပွားများအားထုတ်သည့်အခါ ဒုတိယဈာန်စသည်တို့ကို ဆက်လက်ရရှိ၏။

## ဒိဋ္ဌိဝိသုဒ္ဓိ (အမြင်အထူးစင်ကြယ်ခြင်း)

ရုပ်နာမ် ၂ပါး၊ ခန္ဓာ ၅-ပါးတို့ကို ဆင်ခြင်သုံးသပ်၍ ငါ-ငါ ဟူသော အတ္တဒိဋ္ဌိ အစွဲအလမ်းအမြင်မှားမှု ကင်းစင်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်၏။

## ကင်္ခါဝိတရဏဝိသုဒ္ဓိ
## (ယုံမှားခြင်းကို လွန်မြောက်သော ဉာဏ်အထူးစင်ကြယ်ခြင်း)

ရုပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါးတို့၏ အကြောင်းအကျိုးဆက်သွယ်ဖြစ်ပျက်နေပုံကို အထပ်ထပ် သုံးသပ်ဆင်ခြင်ခြင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်၏။

www.thitsarparamisociety.com

www.thitsarparami.org



ရုပ်နာမ် ၂-ပါး၊ ခန္ဓာငါးပါးတို့၏ အကြောင်းအကျိုးဆက်စပ်နေမှုကို ပဋိစ္စသမုပ္ပာဒ်နည်း ပဋ္ဌာန်းနည်းတို့ဖြင့် "ဖြစ်ပျက်" နေမှုတို့ကို ဆင်ခြင်သုံးသပ်ရ၏။

ထိုသို့ ဆင်ခြင်သုံးသပ်နှလုံးသွင်း၍ ရုပ်နာမ်အစဥ်အတန်းမျှသာ၊ ခန္ဓာငါးပါးအစဥ်အတန်းမျှသာဟု သိရှိ၍ ယုံမှားခြင်း ဝိစိကိစ္ဆာ၊ ကင်္ခါတရားကို အတော်ကြာအောင် ဖြတ်တောက်ပယ်ရှားထားနိုင်လျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိ (ယုံမှားခြင်းကို လွန်မြောက်သော ဉာဏ်အထူးစင်ကြယ်ခြင်း) ဖြင့် သောတာပန်နှင့် အလားတူသော စူဠသောတာပန်ဖြစ်၏။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ
## (မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင်အထူးစင်ကြယ်ခြင်း)

ကင်္ခါဝိတရဏဝိသုဒ္ဓိဟု ခေါ်ဆိုအပ်သော ယုံမှားခြင်းကို လွန်မြောက်သော ဉာဏ်အထူးစင်ကြယ်ခြင်း ဖြစ်ပြီးနောက်

၁။ ရုပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါးတို့သည်

- ❖ ကုန်ခန်းပျက်စီးခြင်းသဘောကြောင့် **အနိစ္စ**
- ❖ ကြောက်မက်ဖွယ် ဘေးအတိဖြစ်သောကြောင့် **ဒုက္ခ**
- ❖ အနှစ်သာရ ရှာမရသောကြောင့် **အနတ္တ** ဟူ၍ သမ္မသနဉာဏ်ဖြင့် လက္ခဏာယာဥ်သုံးပါးကို ဆင်ခြင်သုံးသပ်သော (သမ္မသနဉာဏ်ရှင်) ယောဂီနှင့်

www.thitsarparamisociety.com

www.thitsarparami.org



၂။ ဥဒယဗ္ဗယဉာဏ်ဖြင့် **ဖြစ်မှု-ပျက်မှုကို အဖန်ဖန် ဆင်ခြင် သုံးသပ်သောယောဂီတို့**၏ အစ္စျတ္တသန္တာန်၌ ဝိပဿနာ၏ ညစ်ညူးကြောင်း သောရန် ၁၀-ပါးကို ပိုင်ခြားပြီး ဝိပဿနာ လမ်းမှန်-မမှန်ကို ပိုင်ခြားမှတ်သားတတ်၊ ဆုံးဖြတ်တတ်သော ဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ (မဂ်ဟုတ်သည် မဟုတ် သည်၌ ဉာဏ်အမြင်အထူးစင်ကြယ်ခြင်း) ဖြစ်၏။

တစ်နည်းအားဖြင့် **မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ**သည် မဂ် ဖိုလ်ရရာရကြောင်း၊ ရောက်ရာရောက်ကြောင်းလမ်း ဖြစ်၏။ (သို့မဟုတ်) မဂ်ဖိုလ်ရရာရကြောင်း၊ ရောက်ရာရောက်ကြောင်း လမ်းမဟုတ်ဟုသိသော ဉာဏ်အမြင် အထူးစင်ကြယ်ခြင်းပင် ဖြစ်၏။

## ဝိပဿနာ၏ ညစ်ညူးကြောင်း သောရန် (၁၀) ပါး

### ၁။ ဩဘာသ

အလွန်ကြည်လင်သော ဝိပဿနာစိတ်၏အစွမ်းကြောင့် ကိုယ်ရောင်ကိုယ်ဝါ(ဩဘာသ)များသည် မိမိ၏ ထက်ဝန်းကျင် မှာလည်းကောင်း၊ တစ်ခန်းလုံး၊ တစ်ကျောင်းလုံး၊ တစ်တောလုံး အထိ အလင်းရောင်ထွက်ခြင်း။

### ၂။ ပီတိ

ဝိပဿနာစိတ်နှင့်ယှဉ်သော အလွန်ကျေနပ်နှစ်သိမ့်ဖွယ်ရာ ပီတိ ဖြစ်ပေါ်ခြင်း။

www.thitsarparamisociety.com

www.thitsarparami.org



## ၃။ ပဿဒ္ဓိ

ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ စေတသိက်တရား ၂ ပါးကြောင့် ယောဂီ၏ ကိုယ်စိတ်-၂ပါးမှာ အလွန်ထူးထူးခြားခြား ငြိမ်းအေးခြင်း။

## ၄။ အဓိမောက္ခ

ရှုမှတ်သော ကမ္မဋ္ဌာန်းအာရုံ၌ အလွန်စူးစိုက် သက်ဝင်တည်ကြည်သော ယုံကြည်မှုသဒ္ဓါ ဖြစ်ပေါ်ခြင်း။

## ၅။ ပဂ္ဂဟ

ဝိပဿနာလုပ်ငန်းကို မတွန့်မဆုတ် အလွန်အားထုတ်လိုသော တက်ကြွမှု၊ အားပေးမှု ဝီရိယဓာတ် ဖြစ်ပေါ်ခြင်း။

## ၆။ သုခ

မွန်မြတ်သော စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့ဖြင့် တစ်ကိုယ်လုံး ချမ်းသားတုံးကြီး ဖြစ်ပေါ်ခြင်း။

## ၇။ ဉာဏ

သင်္ခါရတရားတို့ကို ကွက်ကွက်ကွင်းကွင်း ထင်ရှားစွာ သိမြင်သော ထက်မြက်သည့် အသိဉာဏ်ဖြစ်ပေါ်ခြင်း။

## ၈။ ဥပဋ္ဌာန

ကမ္မဋ္ဌာန်းအာရုံ၌ ကပ်ရောက်၍ စွဲမြဲစွာတည်တံ့ ခိုင်မြဲသော သတိဖြစ်ပေါ်ခြင်း။

## ၉။ ဥပေက္ခာ

ဥဒယဗ္ဗယသဘောများကို အလွန်ထင်လွယ်မြင်လွယ်ပြီး အားမထုတ်ရဘဲ အသင့်ရှုမှု (တတြမဇ္ဈတ္တတ္တာ) ဖြစ်ပေါ်ခြင်း။

www.thitsarparamisociety.com

www.thitsarparami.org



၁၀။ **နိကန္တိ**

ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်ဖြစ်သည့် **ဩဘာသစသည့် ဘေးရန်နှင့် ရောပြွမ်းနေသော ဝိပဿနာ ဉာဏ်ကို အလွန်ကျေနပ်နှစ်ခြိုက်သောတဏှာ** ဖြစ်ပေါ်ခြင်း။

နိကန္တိဆိုသော ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်သည် **တဏှာဖြစ်သည်အားလျော်စွာ ဝိပဿနာ၏ ညစ်ညူး ကြောင်းဘေးရန်အစစ်** ဖြစ်၏။

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ
## (အကျင့်အနုလုံဉာဏ်အမြင်အထူးစင်ကြယ်ခြင်း)

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဆိုက်ပြီး၊ ဝိပဿနာ၏ ညစ်ညူးကြောင်းဘေးရန်တို့မှ လွတ်မြောက်ပြီးဖြစ်သော ယောဂီ၏ သန္တာန်မှာ ဥဒယဗ္ဗယဉာဏ်မှ အစပြု၍ အနုလောမဉာဏ်အထိ လက္ခဏာယာဉ်သုံးပါးတင်ပြီး ဝိပဿနာဉာဏ်အဆက်အဆက် ဖြင့် အလွန်တရာ ကြိုးပမ်းကျင့်ကြံအားထုတ်၍ ဖြစ်ပေါ်လာသော **၉-ပါးသော ဝိပဿနာဉာဏ်တို့သည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ (အကျင့်အနုလုံဉာဏ်အမြင် အထူးစင်ကြယ်ခြင်း)** ဖြစ်၏။

တစ်နည်းအားဖြင့် **မဂ်သို့ရောက်ကြောင်း စင်ကြယ်သော ဉာဏ်အမြင်အထူးသည်** ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်၏။

www.thitsarparamisociety.com

www.thitsarparami.org



## ၉-ပါးသော ဝိပဿနာဉာဏ်

**၁။ ဥဒယဗ္ဗယဉာဏ်**

ဖြစ်မှုပျက်မှုကို အဖန်ဖန်တလဲလဲ ဆင်ခြင်သုံးသပ်သောဉာဏ်။

**၂။ ဘင်္ဂဉာဏ်**

ဥဒယဗ္ဗယဉာဏ် ရင့်သန်လာသည်နှင့်အမျှ 'အပျက်' ကိုသာ မြင်သည့်ဉာဏ်။

**၃။ ဘယဉာဏ်**

အပျက်တွေကိုသာ မြင်တွေ့နေသော ယောဂီသည် တစ်ပျက်တည်းသာ ပျက်နေသော သင်္ခါရတရားတို့သည် ရှေးကလည်း ပျက်ခဲ့ဘူးပြီ၊ ယခုလည်းပျက်နေကြဆဲ နောင်တွင်လည်း ပျက်ကြဦးမှာပါတကားဟု လွန်စွာကြောက်အားကြီးလှသောဉာဏ်၊ (ဤသို့ ကြောက်အားကြီးလာသည်မှာ ဒေါသ၏အစွမ်းကြောင့်ဖြစ်ပေါ်လာသော ကြောက်အားကြီးခြင်း မဟုတ်ဘဲ ဉာဏ်အမြင်အားဖြင့် ထိတ်လန့်သောသံဝေဂရခြင်းသာဖြစ်၏။)

**၄။ အာဒီနဝဉာဏ်**

ဘယဉာဏ် ထက်သန်လာသည်နှင့်အမျှ ရုပ် နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါး၊ သင်္ခါရတရားတို့၌ အားကိုးစရာမရှိ အပြစ်ချည်းသာဟု ရှုသောဉာဏ်။

**၅။ နိဗ္ဗိဒါဉာဏ်**

ရုပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါး၊ သင်္ခါရတရားတို့၏ အပြစ်များကိုသာ မြင်နေထင်နေရသဖြင့် သင်္ခါရတရားတို့အပေါ် မပျော်မမွေ့ ငြီးငွေ့မုန်းတီး၍လာသောဉာဏ်။

www.thitsarparamisociety.com

www.thitsarparami.org



### ၆။ မုစ္စိတုကမျတာဉာဏ်

ရုပ်နာမ်တို့ကို နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့လွန်းအားကြီးသည့်အခါသင်္ခါရနယ်အတွင်းမှ လွတ်ကင်းလိုသောဉာဏ်။

### ၇။ ပဋိသင်္ခါဉာဏ်

မုစ္စိတုကမျတာဉာဏ်သည် သင်္ခါရနယ်ထဲမှ လွတ်လိုကာ၊ လွတ်ချင်ရုံသာ ရှိသေး၏။ အမှန်တကယ် မလွတ်မြောက်သေးပါ။

ရုပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါးတို့ကို နိစ္စ၊ သုခ၊ အတ္တဟု မှတ်ထင်စွဲလမ်းမှုအားသန်လာခဲ့ရာ၊ **တဖန်ပြန်၍မ စွဲလမ်းနိုင်လောက်အောင်** အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားများကို ထပ်မနားဆင်ခြင်သုံးသပ် နှလုံးသွင်းသောဉာဏ်။

### ၈။ သင်္ခါရုပေက္ခာဉာဏ်

ပဋိသင်္ခါဉာဏ်ရင့်သန်လာသည့်အခါ ရုပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါး၊ သင်္ခါရတရားတို့အပေါ် ချစ်ခြင်းကိုလည်း မပြု၊ မုန်းခြင်းကိုလည်း မပြု၊ လျစ်လျူရှုသောဉာဏ်။

### ၉။ အနုလောမဉာဏ်

အနုလောမ၏အဓိပ္ပာယ်မှာ 'လျော်သည်'ဖြစ်ရာ ဉဒယဗ္ဗယဉာဏ်မှ သင်္ခါရုပေက္ခာဉာဏ်အထိ ဝိပဿနာဉာဏ် ရှစ်ပါးကဲ့သို့ပင် လက္ခဏာရေးသုံးပါးကို ဆင်ခြင်သဖြင့် ထိုဝိပဿနာဉာဏ် (၈)ပါးနှင့်လည်း လျော်ကန်သင့်မြတ်ပေ၏။

ထို့ပြင် အနုလောမဉာဏ်အကျင့်နှင့် ရလဒ်ဖြစ်သော အထက်မဂ်ဉာဏ်နှင့်လည်း လျော်ကန်သင့်မြတ်ပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



ထို့သို့ အောက်ဉာဏ်ရှစ်ပါးနှင့်လည်းကောင်း ရလတ္တံ့ဖြစ်သော အထက်မဂ်ဉာဏ်နှင့်လည်းကောင်း လျော်စွာဖြစ်သော ဉာဏ်သည် အနုလောမဉာဏ် ဖြစ်၏။

## ဝုဋ္ဌာနဂါမိနီဝိပဿနာ

သင်္ခါရုပေက္ခာဉာဏ်နှင့် အနုလောမဉာဏ် ၂-ပါးတို့သည် သံသရာဝဋ်မှ ကျွတ်လွတ်ထမြောက်ကြောင်းဖြစ်၍ **ဝုဋ္ဌာနဂါမိနီဝိပဿနာ** ဟု ခေါ်ဆိုပါ၏။

## ဂေါတြဘူ

အနုလောမဉာဏ်အဆုံးတွင် သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာဘက်သို့ ဉာဏ်သက်ဝင်သွားပြီး ဂေါတြဘူစိတ် ဖြစ်ပေါ်၏။

**ဂေါတြဘူ**သည် သင်္ခါရချုပ်ရာနိဗ္ဗာန်ကို **ပထမ** ယူလိုက်သောဝိပဿနာ၏ **အထွဋ်အထိပ်ဇောစိတ်** ဖြစ်၏။

တစ်နည်းအားဖြင့် ဂေါတြဘူစိတ်သည် နိဗ္ဗာန်ကို အာရုံပြုလျက် **ပုထုဇဉ်အနွယ်ကို** ဖြတ်တောက်လွှမ်းမိုး၍ **အရိယာအနွယ်ကို** ဆိုက်ရောက်စေပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



## ဉာဏဒဿနဝိသုဒ္ဓိ
## (မဂ်ဉာဏ်အမြင်အထူးစင်ကြယ်ခြင်း)

နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှာ ဝိပဿနာဘာဝနာ တရားကို ကျင့်ကြံကြိုးပမ်းအားထုတ်ကြ၍ သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို အာရုံပြုလျက်-

- ❖ ပုထုဇဉ်တို့၏ အနွယ်ဇာတ်ကို
- ❖ ပုထုဇဉ်ဟူသော အမည်ဝေါဟာရကို
- ❖ ပုထုဇဉ်တို့၏ အရာဌာနကို

### လွှန်မြောက်၍

- ❖ အရိယာတို့၏ အနွယ်ဇာတ်သို့
- ❖ အရိယာဟူသော အမည်ဝေါဟာရသို့
- ❖ အရိယာတို့၏ အရာဌာနအဝတ္ထာဘုံသို့

### သက်ဝင်လျက်

- ❖ သောတာပတ္တိမဂ်
- ❖ သကဒါဂါမိမဂ်
- ❖ အနာဂါမိမဂ်
- ❖ အရဟတ္တမဂ် တို့၌ ဖြစ်သောဉာဏ်သည် "ဉာဏဒဿနဝိသုဒ္ဓိ" (မဂ်ဉာဏ်အမြင်အထူးစင်ကြယ်ခြင်း) ဖြစ်၏။

www.thitsarparamisociety.com

www.thitsarparami.org

# ရဟန္တာဆိုင်ရာတရားတော်

## အခန်း [ ၄ ]

## မြတ်စွာဘုရား
## ချီးမွမ်းတော်မူအပ်သော
## လက်ယာတော်ရံ
## ရဟန္တာအရှင်သူမြတ်
## အရှင်သာရိပုတ္တရာ

www.thitsarparamisociety.com

www.thitsarparami.org



## အရှင်သာရိပုတ္တရာသည်

- မြတ်သောသီလ၊ မြတ်သောသမာဓိ၊ မြတ်သော ပညာတို့၌ အလေ့အထများသူ၊ ကမ်းတစ်ဖက်သို့ ရောက်သူဖြစ်၏၊
- မြတ်သောကိလေသာမှ လွတ်ပြီးသူဖြစ်၏၊
- မြတ်စွာဘုရား၏-
    - သားတော်၊
    - ရင်နှစ်တော်၊
    - တရားကြောင့်ဖြစ်ပေါ်လာသူ၊
    - တရားအမွေခံယူသူဖြစ်၏၊
- မြတ်စွာဘုရား
    - ဖြစ်စေ
    - လည်စေအပ်သော အတုမဲ့ မြတ်သော တရားစကြာကို ဘုရားကဲ့သို့ ကောင်းစွာ အတုလိုက်၍
    - ဖြစ်စေ
    - လည်စေနိုင်သူ ဖြစ်၏။

www.thitsarparamisociety.com

www.thitsarparami.org



# ရဟန္တာဆိုင်ရာတရားတော်

## အခန်း(၄)

## မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်သော လက်ယာတော်ရံ ရဟန္တာအရှင်သူမြတ် အရှင်သာရိပုတ္တရာ

မြတ်စွာဘုရားလက်ထက်တော်အခါတွင် ဉာဏ်ပညာအရာ၌ အကြီးဆုံးဖြစ်တော်မူသော လက်ယာတော်ရံအရှင်သာရိပုတ္တရာ ရဟန္တာ အရှင်သူမြတ်ကို မြတ်စွာဘုရားက ရဟန်းသံဃာတော်များ၏ ရှေ့မှောက်တွင် ဤသို့ ချီးမွမ်းတော်မူ၏-

### ပညာရှိခြင်း

ရဟန်းတို့

အရှင်သာရိပုတ္တရာသည်-

❖ အကြောင်းဟုတ်သည် မဟုတ်သည်ကို **သိသောပညာ** ရှိ၏၊

❖ **မြတ်သောပညာ** ရှိ၏၊

❖ မြေကြီးကဲ့သို့ **ကြီးသောပညာ** ရှိ၏၊

❖ **ရွှင်သောပညာ** ရှိ၏၊

www.thitsarparamisociety.com

www.thitsarparami.org



## အရှင်သာရိပုတ္တရာ၏ကျင့်စဉ်

ရဟန်းတို့

အရှင်သာရိပုတ္တရာ၏ကျင့်စဉ်သည် ဤသို့ ဖြစ်၏-

## ပဌမဈာန်

အရှင်သာရိပုတ္တရာသည်-

၁။ ကာမဂုဏ်တို့မှ ကင်းဆိတ်၍၊ အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ **ကြံစည်ခြင်းနှင့် သုံးသပ်ဆင်ခြင်ခြင်းနှင့်အတူ** နီဝရဏတရားများကို ပယ်ရှားသောကြောင့် နှစ်သိမ့်ခြင်း (ပီတိ)နှင့် ချမ်းသာခြင်း (သုခ)ရှိသော **ပဌမဈာန်သို့ ရောက်၍နေ၏။**

## ထိုပဌမဈာန်သမာပတ်အတွင်း၌

အရှင်သာရိပုတ္တရာသည်

- ကြံစည်ခြင်း (ဝိတက်)
- သုံးသပ်ဆင်ခြင်ခြင်း (ဝိစာရ)
- နှစ်သိမ့်ခြင်း (ပီတိ)
- ချမ်းသာခြင်း (သုခ)
- စိတ်တည်ကြည်ခြင်း (ဧကဂ္ဂတာ)
- တွေ့ထိခြင်း (ဖဿ)

www.thitsarparamisociety.com

www.thitsarparami.org



- ❖ ခံစားခြင်း (ဝေဒနာ)
- ❖ မှတ်သားခြင်း (သညာ)
- ❖ တိုက်တွန်းခြင်း (စေတနာ)
- ❖ အာရုံကိုသိခြင်း (စိတ်)
- ❖ ပြုလိုခြင်း (ဆန္ဒ)
- ❖ အာရုံကိုဆုံးဖြတ်ခြင်း (အဓိမောက္ခ)
- ❖ လုံ့လပြုခြင်း (ဝီရိယ)
- ❖ အောက်မေ့ခြင်း (သတိ)
- ❖ လျစ်လျူရှုခြင်း (ဥပေက္ခာ)
- ❖ နှလုံးသွင်းခြင်း (မနသိကာရ)

တို့ကို အစဉ်အတိုင်း ပိုင်းခြား၍သိ၏။

ထိုသဘောတရားတို့သည်အရှင်သာရိပုတ္တရာမှာ
**ထင်ထင်ရှားရှား ဖြစ်ကုန်၏။**
**ထင်ထင်ရှားရှား တည်ကုန်၏။**
**ထင်ထင်ရှားရှား ချုပ်ကုန်၏။**

ထိုအခါ အရှင်သာရိပုတ္တရာသည် ဤသို့ သိ၏ ''ဤသဘောတရားတို့သည် ရှေးက မထင်ရှားခဲ့ဘဲ ယခု အသစ်ဖြစ်ပေါ်လာ၏၊ ဖြစ်ပြီးလျှင်လည်း ခဏအတွင်းမှာပင် ပျက်ကုန်၏''။

ထို့ကြောင့် အရှင်သာရိပုတ္တရာသည် ထိုသဘောတရားတို့၌

www.thitsarparamisociety.com

www.thitsarparami.org



- ❖ ရာဂဖြင့်တပ်မက်ခြင်းမရှိ၊
- ❖ ဒေါသဖြင့်ဖဲခြင်းမရှိ၊
- ❖ တဏှာဒိဋ္ဌိဖြင့်မမှီ၊
- ❖ ဆန္ဒရာဂဖြင့်မဖွဲ့၊
- ❖ ကာမရာဂမှလွတ်၍နေ၏။

အရှင်သာရိပုတ္တရာသည် "**ပဌမစျာန်ထက်အလွန် ထွက်မြောက်ရာရှိ၏**" ဟုသိ၏။

## ဒုတိယစျာန်

ထိုသို့သိခြင်းကို အထပ်ထပ်ပြုခြင်းကြောင်း **ကြံစည်ခြင်းနှင့် သုံးသပ်ဆင်ခြင်ခြင်းမရှိသည့်** "တည်ကြည်ခြင်း(သမာဓိ) ကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း(ပီတိ) ချမ်းသာခြင်း(သုခ) ရှိသော **ဒုတိယစျာန်သို့ ရောက်၍နေ၏။**

အရှင်သာရိပုတ္တရာသည် "**ဒုတိယစျာန်ထက်အလွန် ထွက်မြောက်ရာရှိ၏**" ဟုသိ၏။

## တတိယစျာန်

အရှင်သာရိပုတ္တရာသည် နှစ်သိမ့်ခြင်း (ပီတိ) ကိုပယ်၍ **သတိသမ္ပဇဉ်နှင့်** ပြည့်စုံသည်ဖြစ်ရာ လျစ်လျူရှုလျက်နေ၏။ ချမ်းသာသုခကို ခံစားနေ၏။

www.thitsarparamisociety.com

www.thitsarparami.org



- လျစ်လျူရှုသူ၊
- သတိရှိသူ၊
- ချမ်းသာစွာ နေလေ့ရှိသူဟု အရိယာပုဂ္ဂိုလ်တို့ ပြောကြားသော **"တတိယဈာန်နှင့် ပြည့်စုံသူ"** အဖြစ်ကို အရှင်သာရိပုတ္တရာ ရောက်၍နေ၏။

အရှင်သာရိပုတ္တရာသည် **"တတိယဈာန်ထက်အလွန် ထွက်မြောက်ရာ ရှိ၏"** ဟု သိ၏။

## စတုတ္ထဈာန်

အရှင်သာရိပုတ္တရာသည်

❖ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းတို့ကို ပယ်ခြင်းကြောင့်လည်းကောင်း၊

❖ ရှေးကပင် ဝမ်းသာခြင်းနှင့် နှလုံးမသာခြင်းတို့ ချုပ်ပြီးဖြစ်၍ လည်းကောင်း၊

❖ ဆင်းရဲချမ်းသာ မရှိသည့်၊

❖ လျစ်လျူရှုမှု၊ 'ဥပေက္ခာ' ကြောင့် ဖြစ်သည့်၊

❖ **သတိ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်**သို့ ရောက်၍ နေ၏။

အရှင်သာရိပုတ္တရာသည် **"စတုတ္ထဈာန်ထက်အလွန် ထွက်မြောက်ရာ ရှိ၏"** ဟု သိ၏။

www.thitsarparamisociety.com

www.thitsarparami.org



## အာကာသာနဉ္စာယတနစျာန်

အရှင်သာရိပုတ္တရာသည် ရူပသညာတို့ကို လုံးဝလွန်မြောက်ပြီး ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် "**ကောင်းကင်သည် အဆုံးမရှိ**" ဟု နှလုံးသွင်းလျက် "**အာကာသာနဉ္စာယတန**" စျာန်သို့ ရောက်၍နေ၏။

အရှင်သာရိပုတ္တရာသည် "**ထို့ထက်အလွန်ထွက်မြောက်ရာ ရှိ၏**" ဟု သိ၏။

## ဝိညာဏဉ္စာယတနစျာန်

အရှင်သာရိပုတ္တရာသည် အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "**ပဋိမာရုပ္ပဝိညာဏ်သည် အဆုံးမရှိ**" ဟု နှလုံးသွင်းလျက် "**ဝိညာဏဉ္စာယတနစျာန်** သို့ ရောက်၍နေ၏။

အရှင်သာရိပုတ္တရာသည် "**ထို့ထက်အလွန်ထွက်မြောက်ရာ ရှိ၏**" ဟု သိ၏။

## အာကိဉ္စညာယတနစျာန်

အရှင်သာရိပုတ္တရာသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "**တစ်စုံတစ်ခုမျှ မရှိ**" ဟု နှလုံးသွင်းလျက် "**အာကိဉ္စညာယတန**" စျာန်သို့ ရောက်၍နေ၏။

အရှင်သာရိပုတ္တရာသည် "**ထို့ထက်အလွန်ထွက်မြောက်ရာ ရှိ၏**" ဟု သိ၏။

www.thitsarparamisociety.com

www.thitsarparami.org



## နေဝသညာနာသညာယတနဈာန်

အရှင်သာရိပုတ္တရာသည် အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်၍ **"နေဝသညာနာသညာယတန"** ဈာန်သို့ ရောက်၍နေ၏။

အရှင်သာရိပုတ္တရာသည် **"ထို့ထက် အလွန်ထွက်မြောက်ရာ ရှိ၏"** ဟု သိ၏။

## နိရောဓသမာပတ်

အရှင်သာရိပုတ္တရာသည် နေဝသညာနာသညာယတနဈာန်ကို လုံးဝလွန်မြောက်၍ **သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်** သို့ ရောက်၍နေ၏။

ရဟန်းတို့

အရှင်သာရိပုတ္တရာသည် **မဂ်ပညာဖြင့် သစ္စာလေးပါးတို့ကို မြင်ရခြင်းကြောင့် အာသဝေါတရားတို့သည် ကုန်ခန်းကုန်၏။**

ထိုအခါ အရှင်သာရိပုတ္တရာသည် ထိုနိရောဓသမာပတ်မှ သတိပညာနှင့် ပြည့်စုံ၍ ထ၏။

www.thitsarparamisociety.com

www.thitsarparami.org



အရှင်သာရိပုတ္တရာသည် ထိုနိရောဓသမာပတ်မှ သတိပညာနှင့် ပြည့်စုံ၍ ထပြီးလျှင်-

- ❖ လွန်ကုန်ပြီး၊
- ❖ ချုပ်ကုန်ပြီး၊
- ❖ ဖောက်ပြန်ကုန်ပြီးဖြစ်သော တရားတို့ကို ဤသို့ရှု၏-

**"ဤသို့သာလျှင် ဤသဘောတရားတို့သည် ရှေးက ထင်ရှား မရှိပါဘဲလျက် အသစ်ဖြစ်ပေါ်လာခြင်း ဖြစ်၏၊ ဖြစ်ပြီးလျှင်လည်း ခဏတိုင်းတွင်ပင် ပျက်ကုန်၏" ဟု ရှု၏။**

ရဟန်းတို့
အရှင်သာရိပုတ္တရာသည် ထိုတရားတို့၌

- ❖ **ရာဂဖြင့်တပ်ခြင်းမရှိ**
- ❖ **ဒေါသဖြင့် ဖွဲ့ခြင်းမရှိ**
- ❖ **တဏှာဒိဋ္ဌိဖြင့်မမှီ**
- ❖ **ကာမရာဂမှ လွတ်၏။**

အရှင်သာရိပုတ္တရာသည် "ထို့ထက်အလွန်ထွက်မြောက်ရာသည် ရှိ၏" ဟု သိ၏။

ထိုသို့ သိခြင်းကို အထပ်ထပ်ပြုခြင်းကြောင့် ထို့ထက်အလွန်ထွက်မြောက်ရာရှိသည်သာတည်းဟု မြဲမြံစွာဖြစ်၏။

www.thitsarparamisociety.com

www.thitsarparami.org



# မြတ်သောသူ

ရဟန်းတို့

❖ မြတ်သောသီလ၌ အလေ့အလာများသည့်အဖြစ်သို့ရောက်သူ ကမ်းတစ်ဖက်ခပ်ခြင်းသို့ရောက်သူ၊

❖ မြတ်သောသမာဓိ အလေ့အလာများသည့်အဖြစ်သို့ ရောက်သူ၊ ကမ်းတစ်ဖက်ခပ်ခြင်းသို့ရောက်သူ၊

❖ မြတ်သောပညာ၌ အလေ့အလာများသည့်အဖြစ်သို့ ရောက်သူ၊ ကမ်းတစ်ဖက်ခပ်ခြင်းသို့ရောက်သူ၊

❖ မြတ်သောကိလေသာမှ လွတ်ပြီးသော အရဟတ္တဖိုလ်၌ အလေ့အလာများသည့်အဖြစ်သို့ရောက်သူ၊ ကမ်းတစ်ဖက်ခပ်ခြင်းသို့ရောက်သူဟူ၍ ပြောဆိုလိုကြလျှင် **အရှင်သာရိပုတ္တရာကိုသာလျှင် ကောင်းစွာပြောဆိုရာ၏။**

ရဟန်းတို့

မြတ်စွာဘုရား၏

❖ သားတော်

❖ ရင်နှစ်တော်

❖ တရားကြောင့်ဖြစ်ပေါ်လာသူ

❖ တရားအမွေခံယူသူ ဟူ၍ ပြောဆိုလိုလျှင်လည်း

**"အရှင်သာရိပုတ္တရာကိုသာလျှင် ကောင်းစွာ ပြောဆိုရာ၏။"**

www.thitsarparamisociety.com

www.thitsarparami.org



## မြတ်စွာဘုရားအားအတုလိုက်၍ တရားစကြာကို လည်စေနိုင်သူ

ရဟန်းတို့

အရှင်သာရိပုတ္တရာသည် ငါဘုရား

- ❖ ဖြစ်စေ၊
- ❖ လည်စေအပ်သော အတုမဲ့မြတ်သောတရား စကြာကို၊

ကောင်းစွာသာလျှင် အတုလိုက်၍

- ❖ ဖြစ်စေ၊
- ❖ လည်စေနိုင်၏ဟု

အရှင်သာရိပုတ္တရာအား ချီးမွမ်းစကား မိန့်ဆိုတော်မူပေ၏။

www.thitsarparamisociety.com

www.thitsarparami.org

# ရဟန္တာဆိုင်ရာတရားတော်

## အခန်း [၅]

## အရဟတ္တဖိုလ်အတွက် မေးမြန်းရမည့် ပြဿနာများ

www.thitsarparamisociety.com

www.thitsarparami.org



❖ အရဟတ္တဖိုလ်ကိုရောက်ပြီဟု ပြောသော ရဟန်းအားအမေးပြဿနာ ၅-ရပ်ဖြင့် မေးမြန်းခြင်းအပေါ် ထိုသို့ဖြေကြားခဲ့လျှင်

❖ ရဟန်းတို့သည် ထိုရဟန္တာပုဂ္ဂိုလ်၏ စကားတို့ကို သာဓု၊ သာဓု၊ သာဓု၊ ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွဟု နှစ်သက်ဝမ်းမြောက်ရမည်၊

❖ နှစ်သက်ဝမ်းမြောက်ပြီးလျှင် ''ငါ့ရှင်တို့ ငါတို့အား ထိုသို့သော အရဟတ္တဖိုလ်ကို ရောက်ရှိသူ သီတင်းသုံးဖော် အရှင်ကောင်းကို တွေ့မြင်ရခြင်းသည် အရတော်လေစွ၊ အလွန်တရာပင် အရတော်လေစွ'' ဟု ဝမ်းမြောက်ဝမ်းသာ နှစ်ထောင်းအားရ ပြောဆိုရမည်။

www.thitsarparamisociety.com

www.thitsarparami.org



# ရဟန္တာဆိုင်ရာတရားတော်

## အခန်း(၅)

## အရဟတ္တဖိုလ်အတွက် မေးမြန်းရမည့် ပြဿနာများ

### ပြဿနာများ မေးရမည်

ရဟန်းသည် ဤသာသနာတော်၌

- ပဋိသန္ဓေနေမှုကုန်ပြီ၊
- မြတ်သောမဂ်အကျင့်ကို ကျင့်သုံးပြီးပြီ၊
- ပြုဖွယ်မဂ်ကိစ္စကိုပြုပြီးပြီ၊
- နောက်တဖန် မဂ်ကိစ္စအတွက် ပြုဖွယ်မရှိတော့ပြီဟု အရဟတ္တဖိုလ်ကိုပြောသော ရဟန်းအား ပြဿနာများ မေးရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



## ပထမဦးစွာမေးရမည့်ပြဿနာ

ငါ့ရှင်

မြတ်စွာဘုရားသည် ဤလေးမျိုးသော ပြောဆိုခြင်းတို့ကို ကောင်းစွာဟောကြားတော်မူပေ၏-

- ❖ မြင်သည်၌ 'မြင်၏' ဟု ပြောခြင်း၊
- ❖ ကြားသည်၌ 'ကြား၏' ဟု ပြောခြင်း၊
- ❖ တွေ့သည်၌ 'တွေ့၏' ဟု ပြောခြင်း၊
- ❖ သိသည်၌ 'သိ၏' ဟု ပြောခြင်း၊

ထိုသို့ မြင်၏၊ ကြား၏၊ တွေ့၏၊ သိ၏ ဟု ပြောဆိုရာ၌ အရှင်သည်

- ❖ အဘယ်သို့ သိသည့် မြင်သည် ဖြစ်၍၊
- ❖ အရှင်၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်သနည်း။

ဖြေ-ငါ့ရှင်

ငါသည် မြင်သည် ၌

- ❖ ရာဂဖြင့်တပ်မက်ခြင်းမရှိ၊
- ❖ ဒေါသဖြင့်ဖဲခြင်းမရှိ၊
- ❖ တဏှာဒိဋ္ဌိဖြင့်မမှီ၊
- ❖ ဆန္ဒရာဂဖြင့်မဖွဲ့၊
- ❖ ကာမရာဂသံယောဇဉ်မှ လွတ်၏၊
- ❖ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့နှင့်မယှဉ်၊
- ❖ အပိုင်းအခြားကင်းသောစိတ်ဖြင့် နေ၏။

www.thitsarparamisociety.com

www.thitsarparami.org



ငါသည် ကြားသည် ၌လည်း ။ ပ ။
ငါသည် တွေ့သည် ၌လည်း။ ပ ။
ငါသည် သိသည် ၌လည်း ။ ပ ။

ငါ့ရှင် ငါ၏စိတ်သည် ထိုသို့ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်၏ ဟု ဖြေသည်ရှိသော်

ထိုရဟန္တာပုဂ္ဂိုလ်၏ ဆိုစကားကို "ကောင်း၏" ဟု နှစ်သက်ဝမ်းမြောက်ပြီး တစ်ဆင့်တက်၍ ဒုတိယပြဿနာကို ဆက်လက်မေးရမည်။

## ဒုတိယမေးရမည့်ပြဿနာ

ငါ့ရှင်

မြတ်စွာဘုရားသည် ငါးပါးသော ဉပါဒါနက္ခန္ဓာတို့ကို ကောင်းစွာ ဟောကြားတော်မူပေ၏-

ထိုငါးပါးသော ဉပါဒါနက္ခန္ဓာတို့၌ အဘယ်သို့ သိသည်၊ မြင်သည်ဖြစ်၍ အရှင်၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်သနည်း။

ဖြေ

ငါ့ရှင် ငါသည်

❖ ရုပ်ကို အားမရှိ၊ ပျက်စီးခြင်းသို့ ရောက်ခြင်းသဘောသာ ရှိ၏၊ သက်သာရာ သက်သာကြောင်းမရှိဟု သိခြင်းကြောင့်

www.thitsarparamisociety.com

www.thitsarparami.org



❖ **ရုပ်၌ ကပ်ရောက်စွဲလမ်းတတ်သော တဏှာဒိဋ္ဌိတို့ ကုန်ခြင်း၊ ကင်းခြင်း၊ ချုပ်ခြင်းကြောင့်**
**"ငါ၏စိတ်သည် လွတ်မြောက်ပြီ"** ဟု သိ၏။

ငါ့ရှင် ငါသည် **ဝေဒနာ ကို** ။ ပ ။
ငါ့ရှင် ငါသည် **သညာ ကို** ။ ပ ။
ငါ့ရှင် ငါသည် **သင်္ခါရ ကို** ။ ပ ။
ငါ့ရှင် ငါသည် **ဝိညာဏ် ကို** ။ ပ ။

ငါ့ရှင်-

ထိုငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ ဤသို့ သိသည် မြင်သည် ဖြစ်၍

**"ငါ၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်၏"** ဟု ဖြေသည်ရှိသော် **တတိယပြဿနာကို** ဆက်လက်မေးရမည်။

## တတိယမေးရမည့်ပြဿနာ

ငါ့ရှင်-

မြတ်စွာဘုရားသည် ခြောက်ပါးသောဓာတ်တို့ကို ကောင်းစွာ ဟောကြားတော်မူပေ၏-

**ထိုခြောက်ပါးသောဓာတ်တို့၌ အဘယ်သို့ သိသည် မြင်သည်ဖြစ်၍ အရှင်၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်သနည်း။**

www.thitsarparamisociety.com

www.thitsarparami.org



**ဖြေ**

ငါ့ရှင်-

ငါသည် တည်ရာဖြစ်သော "ပထဝီ" ဓာတ်ကို **အတ္တ ဟူ၍** မယူပါ မကပ်ငြိပါ-

❖ တည်ရာဖြစ်သော "**ပထဝီ**" ဓာတ်ကိုမှီနေသော **ရုပ်နာမ် တရားတို့ကိုလည်း အတ္တဟူ၍ စွဲလမ်းခြင်းမရှိပါ၊** မကပ်ငြိပါ၊

❖ တည်ရာဖြစ်သော "**ပထဝီ**" ဓာတ်ကိုမှီနေသောကပ် ရောက်စွဲလမ်းသည့် **တဏှာဒိဋ္ဌိတို့၏ကုန်ခြင်း၊ ကင်းခြင်း၊ ချုပ်ခြင်းကြောင့်**

**"ငါ၏စိတ်သည် လွတ်မြောက်ပြီဟု သိ၏"**။

ငါ့ရှင် ငါသည် ဖွဲ့စည်းတတ်သော "**အာပေါဓာတ်ကို**

॥ ပ ॥

ငါ့ရှင် ငါသည် ရင့်ကျက်စေတတ်သော "**တေဇောဓာတ် ကို** ॥ ပ ॥

ငါ့ရှင် ငါသည် ထောက်ကန်တတ်သော "**ဝါယောဓာတ် ကို** ॥ ပ ॥

ငါ့ရှင် ငါသည် မတွေ့ထိနိုင်သော "**အာကာသဓာတ်ကို**

॥ ပ ॥

ငါ့ရှင် ငါသည် သိတတ်သော "**ဝိညာဏဓာတ်ကို**

॥ ပ ॥

ငါ့ရှင် ထိုခြောက်ပါးသောဓာတ်တို့၌ ဤသို့ သိသည် မြင် သည်ဖြစ်၍၊

**"ငါ၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့်မစွဲလမ်းဘဲ အာသဝေါ တရားတို့မှ လွတ်မြောက်၏"** ဟု ဖြေသည်ရှိသော် **စတုတ္ထ ပြဿနာကို** ဆက်လက်မေးရမည်။

www.thitsarparamisociety.com

www.thitsarparami.org



## စတုတ္ထမေးရမည့်ပြဿနာ

ငါ့ရှင်-

မြတ်စွာဘုရားသည် အတွင်းအာယာတန(၆)ပါးအပြင်အာယတန(၆)ပါးတို့ကို ကောင်းစွာဟောကြားတော်မူ၏-

ထိုအာယတနတရားတို့၌ အဘယ်သို့ သိသည် မြင်သည်ဖြစ်၍ အရှင်၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲအာသဝေါတရားတို့မှ လွတ်မြောက်သနည်း။

ဖြေ

ငါ့ရှင်

ငါသည်မျက်စိအဆင်း၊ စက္ခုဝိညာဏ်၊ စက္ခုဝိညာဏ်ဖြင့်သိထိုက်ကုန်သောတရားတို့၌

- ❖ လိုချင်ခြင်း (တဏှာဆန္ဒ)
- ❖ တပ်စွန်းခြင်း (တဏှာရာဂ)
- ❖ အလွန်နှစ်သက်ခြင်း (သပ္ပိတိကတဏှာ)
- ❖ ငြိကပ်ခြင်း (တဏှာ)

  တို့၌ မကပ်ငြိပါ။
- ❖ တဏှာဒိဋ္ဌိတို့၏ ကုန်ခြင်း၊ ကင်းခြင်း၊ ချုပ်ခြင်း၊ စွန့်လွှတ်ခြင်းကြောင့် "ငါ၏ စိတ်သည် လွတ်မြောက်ပြီဟု သိ၏"။

www.thitsarparamisociety.com

www.thitsarparami.org



ငါ့ရှင်

**နားအသံ** (သောတဝိညာဏ်) ။ ပ ။

**နှာခေါင်းအနံ့** (ဃာနဝိညာဏ်) ။ ပ ။

**လျှာအရသာ** (ဇိဝှာဝိညာဏ်) ။ ပ ။

**ကိုယ်အတွေ့အထိ** (ကာယဝိညာဏ်) ။ ပ ။

**စိတ်သဘောမွှာရုံ** (မနောဝိညာဏ်) ။ ပ ။

ငါ့ရှင်

ငါသည် ထို(၁၂)ပါးသောတရားတို့၌ ဤသို့ သိသည် မြင်သည်ဖြစ်၍

**"ငါ၏စိတ်သည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်မြောက်၏"** ဟု ဖြေသည်ရှိသော် ပဉ္စမပြဿနာကို ဆက်လက်မေးရမည်။

## ပဉ္စမမေးရမည့်ပြဿနာ

ငါ့ရှင်

အဘယ်သို့ သိသည် မြင်သည်ဖြစ်၍ အရှင်သည်

- **ဝိညာဏ်ရှိသော မိမိကိုယ်ကောင်၌ လည်းကောင်း၊**
- **သူတစ်ပါးကိုယ်ကောင်၌ လည်းကောင်း၊**
- **အလုံးစုံသော ပြင်ပအာရုံတို့၌ လည်းကောင်း၊**
- **ငါဟူသော အခြင်းအရာနှင့်၊**
- **ငါ့ဥစ္စာဟူသော အခြင်းအရာဟု**

**"အထင်မှားခြင်း ကိန်းဝပ်မှု"**

**(အနုသယ)** တို့ကို ပယ်ထားပါသနည်း။

www.thitsarparamisociety.com

www.thitsarparami.org



## ရဟန်းအဖြစ်သည် လွင်ပြင်နှင့်တူ၏

**ဖြေ**

ငါ့ရှင်

❖ ငါသည် လူ့ဘောင်၌ နေစဉ်အခါက **မသိမမြင်ခဲ့ပါ၊** မြတ်စွာဘုရားသည်လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သည်လည်းကောင်း ငါ့အား တရားဟောကြားတော်မူ၏။

❖ ထိုတရားတော်တို့ကို ကြားနာရသောကြောင့် ငါသည် မြတ်စွာဘုရား၌ **ယုံကြည်သက်ဝင်မှုကို ရရှိ၏။**

❖ ထိုယုံကြည်သက်ဝင်မှုတို့နှင့် ပြည့်စုံသည့်အခါ ငါသည် ဤသို့ ဆင်ခြင်ပါ၏-

"လူ့ဘောင်၌ နေရခြင်းသည် **ကျဉ်းမြောင်း၏၊ ကိလေသာမြူထရာလမ်းကြောင်းသာ ဖြစ်၏။**

ရှင်ရဟန်းအဖြစ်သည် **လွင်ပြင်နှင့်** တူ၏။ လူ့ဘောင်၌ နေသူသည် **မြတ်သောအကျင့်**ကို စင်စစ် **ပြည့်စုံစွာ၊** စင်စစ် **စင်ကြယ်စွာ ကျင့်ခြင်းငှာ** မလွယ်၊

အကယ်၍ ငါသည် ဆံမုတ်ဆိတ်တို့ကို ရိတ်ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော အဝတ်တို့ကို ဝတ်ရုံ၍ အိမ်ရာတည်ထောင် လူ့ဘောင်မှ **အိမ်ရာမထောင်ရဟန်းဘောင်သို့** ဝင်ရောက်ရမူ **"ကောင်းလေစွ"** ဟု ဆင်ခြင်၏။

www.thitsarparamisociety.com

www.thitsarparami.org



## ရဟန်း၏ မြတ်သောသီလအစု

ထို့ကြောင့် ငါသည် ဥစ္စာတို့ကိုလည်းကောင်း၊ ဆွေမျိုးတို့ကိုလည်းကောင်း စွန့်၍ ရဟန်းဘောင်သို့ ဝင်၏၊ ငါသည် ရဟန်းဘောင်တွင် ရဟန်းတို့၏-

- ❖ **အဓိသီလသိက္ခာသိက္ခာပုဒ်တို့နှင့် ပြည့်စုံစေလျက်**
- ❖ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊
- ❖ တုတ်ကို ချထားပြီး ဖြစ်၏၊
- ❖ လက်နက်ကို ချထားပြီး ဖြစ်၏၊
- ❖ ရှက်ခြင်း ရှိ၏၊
- ❖ သနားတတ်၏၊
- ❖ ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားလျက်နေ၏၊
- ❖ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏၊
- ❖ ပေးသည်ကိုသာ ယူ၏၊
- ❖ ပေးသည်ကိုသာ အလိုရှိ၏၊
- ❖ မခိုးမဝှက် စင်ကြယ်သောကိုယ်ဖြင့် နေ၏၊
- ❖ မြတ်သောအကျင့်ကို ကျင့်၏၊
- ❖ ယုတ်သောအကျင့်ကို ကျင့်လေ့မရှိ၊
- ❖ မေထုန်အကျင့်မှ ရှောင်ကြဉ်၏၊
- ❖ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်၏၊
- ❖ အမှန်ကိုသာ ဆိုလေ့ရှိ၏၊

www.thitsarparamisociety.com

www.thitsarparami.org



- ❖ အမှန်ချည်းဖြစ်အောင် ဆက်စပ်တတ်၏၊
- ❖ တည်သောစကားရှိ၏၊
- ❖ ယုံကြည်ထိုက်သောစကားရှိ၏၊
- ❖ လောကကို လှည့်စားတတ်သူမဟုတ်၊
- ❖ ကုံးစကားကိုရှောင်ကြဉ်၏၊
- ❖ ဤသူတို့ထံမှ နားထောင်၍ ထိုသူတို့ထံ မပြောတတ်၊
- ❖ ထိုသူတို့ထံမှ နားထောင်၍ ဤသူတို့ထံ မပြောတတ်၊
- ❖ ကွဲပြားသူတို့ကိုလည်း စေ့စပ်တတ်၏၊
- ❖ ညီညွတ်သူတို့ကိုလည်း အားပေးတတ်၏၊
- ❖ ညီညွတ်ခြင်း၌ မွေ့လျော်၏၊ ပျော်ပိုက်၏၊
- ❖ ညီညွတ်ခြင်းကို နှစ်သက်၏၊
- ❖ ညီညွတ်ခြင်းပြုသော စကားကိုသာ ဆိုလေ့ရှိ၏၊
- ❖ ကြမ်းသောစကားမှ ရှောင်ကြဉ်၏၊
- ❖ အပြစ်ကင်းသော၊ နားချမ်းသာသော၊ နှစ်လိုဖွယ်ရှိသော၊ နှလုံးသို့သက်ဝင်သော၊ ယဉ်ကျေးသော၊ လူအများနှစ်သက်သော၊ နှစ်ခြိုက်သောစကားကိုသာ ဆိုလေ့ရှိ၏၊
- ❖ ပြိန်ဖျင်းသောစကားမှ ရှောင်ကြဉ်၏၊
- ❖ သင့်သောအခါ၌သာ စကားဆိုလေ့ရှိ၏၊
- ❖ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊
- ❖ အကျိုးနှင့်စပ်သည်၊ တရားနှင့်စပ်သည်၊ အဆုံးအမနှင့်စပ်သည်တို့ကိုသာ ဆိုလေ့ရှိ၏၊
- ❖ သင့်သောအခါ၌ အကျိုးအကြောင်းနှင့်တကွသော၊ အပိုင်းအခြားရှိသော၊ အစီးအပွားနှင့်စပ်သော၊ မှတ်သားလောက်သောစကားတို့ကိုသာ ဆိုလေ့ရှိ၏။

www.thitsarparamisociety.com

www.thitsarparami.org



ငါ့ရှင်

ငါသည် ကိုယ်ကို မှုတာစေနိုင်ရုံလောက်သော သင်္ကန်းဖြင့်လည်းကောင်း၊ ဝမ်းကိုမှုတာစေနိုင်ရုံသော ဆွမ်းဖြင့်လည်းကောင်း၊ ရောင့်ရဲ၏၊ သွားလေရာရာသို့ ကိုယ်နှင့်အတူပါမြဲ ပရိက္ခရာမျှဖြင့်သာလျှင် သွား၏။

ငါသည် ဤမြတ်သောသီလအစု တို့နှင့် ပြည့်စုံသည် ဖြစ်၍ မိမိအတွင်းသန္တာန်၌ **အပြစ်ကင်းသောချမ်းသာကို** ခံစားရ၏။

## မြတ်သော ဣန္ဒြိယသံဝရသီလ

ငါ့ရှင်

ငါသည်

- ❖ မျက်စိဖြင့်အဆင်းရူပါရုံကို မြင်သော်ယောကျာ်း၊ မိန်းမ စသော သဏ္ဌာန်နိမိတ်ကို စွဲယူလေ့မရှိ၊
- ❖ လက်ခြေ စသော အင်္ဂါ၊ ပြုံးဟန်၊ ရယ်ဟန် စသည့်အမှတ်လက္ခဏာတို့ကိုလည်း စွဲယူလေ့မရှိ၊ ''အကယ်၍'' စက္ခုန္ဒြေကို ထိုသို့ မစောင့်စည်းပါက-
- ❖ မက်မောခြင်း (အဘိဇ္ဈာ)၊
- ❖ နှလုံးမသာခြင်း (ဒေါမနဿ) ဟူသော **ယုတ်မာသော အကုသိုလ်တရားတို့သည် ထိုသို့မစောင့်စည်းသောသူကို အစဉ်လိုက်၍ နှိပ်စက်၏**၊ ထို့ကြောင့် ငါသည်
- ❖ စက္ခုန္ဒြေကို စောင့်စည်း၏။

www.thitsarparamisociety.com

www.thitsarparami.org



- ❖ နားဖြင့် **အသံကို** ကြားသော်။ ပ ။
- ❖ နှာခေါင်းဖြင့် **အနံ့ကို** နမ်းသော် ။ ပ ။
- ❖ လျှာဖြင့် **အရသာကို** လျက်သော် ။ ပ ။
- ❖ ကိုယ်ဖြင့် **အတွေ့ကို** တွေ့ထိသော် ။ ပ ။
- ❖ စိတ်ဖြင့် **သဘောကို** ထိသော် ။ ပ ။

ငါ့ရှင်

ဤသည် **ဤမြတ်သော** **ဣန္ဒြိယသံဝရသီလနှင့်** ပြည့်စုံသည်ဖြစ်၍ မိမိအတွင်းသန္တာန်၌ **ကိလေသာနှင့် မရောထွေးသော ချမ်းသာကို** ခံစားရ၏။

## မြတ်သောအောက်မေ့ခြင်း 'သတိ' နှင့် ဆင်ခြင်ခြင်း 'သမ္ပဇဉ်'

ငါ့ရှင်

ငါသည် ရှေ့သို့လှမ်းရာ၊ နောက်သို့ဆုတ်ရာတို့၌ ဆင်ခြင်လျက်သာပြုလေ့ရှိ၏။ တူရူကြည့်ရာ၊ တစ်စောင်းကြည့်ရာ၌လည်း ဆင်ခြင်လျက်သာပြု၏။ ကွေးရာ၊ ဆန့်ရာ၌လည်း ဆင်ခြင်လျက်သာပြု၏။ ဒုကုဋ်နှစ်ထပ်သင်္ကန်းနှင့် သပိတ်သင်္ကန်းတို့ကို ဆောင်ရာ၌လည်း ဆင်ခြင်လျက်ပြု၏၊ စားရာ၊ သောက်ရာ၊ လျက်ရာ၌လည်း ဆင်ခြင်လျက်ပြု၏၊ ကျင်ကြီး ကျင်ငယ်စွန့်ရာ၌လည်း ဆင်ခြင်လျက်ပြု၏။ သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊ အိပ်ရာ၊ နိုးရာ၊ စကားပြောရာ၊ ဆိတ်ဆိတ်နေရာတို့၌လည်း ဆင်ခြင်လျက်သာ ပြု၏။

www.thitsarparamisociety.com

www.thitsarparami.org



## မြတ်သောအကျင့်

ငါ့ရှင်

ငါသည်

- မြတ်သောသီလအစုနှင့်လည်း ပြည့်စုံသည်ဖြစ်၍၊ (မြတ်သောစောင့်ရဲခြင်းနှင့်လည်း ပြည့်စုံသည်ဖြစ်၍)
- မြတ်သောဣန္ဒြိယသံဝရသီလနှင့်လည်း ပြည့်စုံသည် ဖြစ်၍၊
- မြတ်သောအောက်မေ့ခြင်း(သတိ)နှင့် ဆင်ခြင်ခြင်း (သမ္ပဇဉ်)နှင့်လည်း ပြည့်စုံသည်ဖြစ်၍သာလျှင်၊
- ဆိတ်ငြိမ်သော ကျောင်းအိပ်ရာနေရာကို မှီဝဲ၏၊
- တောကို၊ သစ်ပင်ရင်းကို၊ တောင်ကို၊ ချောက်ကို၊ တောင်ခေါင်းကို၊ သချိုင်းကို၊ တောအုပ်ကို၊ လွင်ပြင်ကို၊ ကောက်ရိုးပုံတို့ကို မှီဝဲ၏၊
- ငါသည် ဆွမ်းခံရာမှ ပြန်ခဲ့ပြီးလျှင် ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ ဝိပဿနာတရားကိုရှေးရှု သတိကို ဖြစ်စေလျက် တရား ထိုင်၏။

www.thitsarparamisociety.com

www.thitsarparami.org



## နီဝရဏာများကိုပယ်၍ စိတ်စင်ကြယ်ခြင်း

ငါ့ရှင်

ထို့ကြောင့် ငါသည်

❖ ဥပါဒါနက္ခန္ဓာငါးပါးဟူသော လောက၌-

❖ မက်မောခြင်း (အဘိဇ္ဈာ) ကင်းသောစိတ်ဖြင့် နေရ၏၊ **မက်မောခြင်းကင်း၍ စိတ်သည်စင်ကြယ်၏။**

❖ မပျက်စီးစေလိုသော စိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းသော သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလား၍နေ၏၊ ပျက်စီးလိုသော **ဒေါသကင်း၍ စိတ်သည်စင်ကြယ်၏။**

❖ လေးလံထိုင်းမှိုင်းခြင်း (ထိနမိဒ္ဓ) ကင်း၍ အောက်မေ့ဆင်ခြင်လျက်သာ အလင်းရောင်ကို မှတ်ခြင်းဖြင့်နေ၏၊ **စိတ်သည်စင်ကြယ်၏။**

❖ ပျံ့လွင့်ခြင်း (ဥဒ္ဓစ္စ)၊ တစ်ဖန်ပူပန်ခြင်း၊ (ကုက္ကုစ္စ) **ကင်း၍** မိမိသန္တာန်၌ ငြိမ်းအေးသောစိတ်ဖြင့် မပျံ့လွင့်သည်ဖြစ်၏ **စိတ်သည်စင်ကြယ်၏။**

❖ ယုံမှားခြင်း **(ဝိစိကိစ္ဆာ)ကင်း၍** ကုသိုလ်တရားတို့၌ တွေးတောယုံမှားခြင်း မရှိသည်ဖြစ်၏၊ **စိတ်သည်စင်ကြယ်၏။**

www.thitsarparamisociety.com

www.thitsarparami.org



## ဈာန်လေးပါး

ထိုသို့ ငါသည် စိတ်၏ညစ်ညူးကြောင်းဖြစ်သော ပညာကို အားနည်းအောင်ပြုသော၊ တရားရရာရကြောင်းကို ဖျက်ဆီးတတ်သော **ထိုနီဝရဏငါးပါး** တို့ကို ပယ်၍

❖ ကာမဂုဏ်တို့မှ ကင်းဆိတ်၍ အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ ကြံစည်ခြင်း၊ သုံးသပ်ဆင်ခြင်ခြင်းနှင့်အတူ နီဝရဏတို့ကို ပယ်ရှားသောကြောင့် **နှစ်သိမ့်ခြင်း(ပီတိ) ချမ်းသာခြင်း (သုခ) ရှိသော ပဌမဈာန်သို့** ရောက်၍ နေ၏။

❖ ဆက်လက်၍ တည်ကြည်ခြင်း (သမာဓိ)ကြောင့်ဖြစ်သော **နှစ်သိမ့်ခြင်း (ပီတိ) ချမ်းသာခြင်း (သုခ) ရှိသော ဒုတိယဈာန်သို့** ရောက်၍နေ၏။

❖ ဆက်လက်၍ နှစ်သိမ့်ခြင်း(ပီတိ)ကို ပယ်၍ **သတိသမ္ပဇဉ်နှင့် ပြည့်စုံသော တတိယဈာန်သို့** ရောက်၍နေ၏။

❖ ဆက်လက်၍ **သတိ၏ စင်ကြယ်ခြင်းနှင့်** ပြည့်စုံသော **စတုတ္ထဈာန်သို့** ရောက်၍နေ၏။

www.thitsarparamisociety.com

www.thitsarparami.org



## အာသဝေါတရားတို့ချုပ်ရာ နိဗ္ဗာန်

ငါ့ရှင်

ထိုသို့ တည်ကြည်နေသော ငါ၏ စိတ်သည်-

- ❖ စင်ကြယ်ပြီဖြစ်၍၊
- ❖ ဖြူစင်ပြီဖြစ်၍၊
- ❖ အညစ်အကြေးမရှိပြီဖြစ်၍၊
- ❖ ညစ်ညူးခြင်းကင်းပြီဖြစ်၍၊
- ❖ နူးညံ့ပြီဖြစ်၍၊

**အာသဝေါတရားတို့ကို ကုန်ခမ်းစေသော "အာသဝက္ခယ" ဉာဏ်**သို့ စိတ်ညွှတ်နေ၏။

ထို့ကြောင့် ငါသည်

- ❖ ဤကား **ဆင်းရဲ**ဟု ဟုတ်မှန်သောအတိုင်း သိ၏၊
- ❖ ဤကား **ဆင်းရဲဖြစ်ပေါ်ခြင်းအကြောင်း**ဟု ဟုတ်မှန်သောအတိုင်း သိ၏၊
- ❖ ဤကား **ဆင်းရဲချုပ်ရာ နိဗ္ဗာန်**ဟု ဟုတ်မှန်သောအတိုင်း သိ၏၊
- ❖ ဤကား **ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်**ဟု ဟုတ်မှန်သောအတိုင်း သိ၏၊
- ❖ ဤသည်တို့ကား **အာသဝေါတရား** ဟု ဟုတ်မှန်သောအတိုင်း သိ၏၊
- ❖ ဤကား **အာသဝေါတရားတို့ ဖြစ်ပေါ်ခြင်းအကြောင်း** ဟု ဟုတ်မှန်သောအတိုင်း သိ၏၊

www.thitsarparamisociety.com

www.thitsarparami.org



❖ ဤကား **အာသဝေါတရားတို့ ချုပ်ရာနိဗ္ဗာန်** ဟု ဟုတ်မှန်သောအတိုင်း သိ၏၊

❖ ဤကား **အာသဝေါတရားတို့ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်**ဟု ဟုတ်မှန်သောအတိုင်း သိ၏။

ဤသို့ သိမြင်သော ငါ၏စိတ်သည်-

❖ **ကာမာသဝ**မှလည်း လွတ်မြောက်ပြီ ဖြစ်၏၊

❖ **ဘဝါသဝ**မှလည်း လွတ်မြောက်ပြီ ဖြစ်၏၊

❖ **အဝိဇ္ဇာသဝ**မှလည်း လွတ်မြောက်ပြီ ဖြစ်၏၊

ထိုသို့ လွတ်မြောက်ပြီးဖြစ်သော ငါ၏ အသိဉာဏ်သည် **လွတ်မြောက်လေပြီ**ဟု သိ၏။ ထို့ကြောင့် ငါသည်

❖ ပဋိသန္ဓေနေမှုကုန်ပြီ၊

❖ မြတ်သောမဂ်အကျင့်ကို ကျင့်သုံးပြီးပြီ၊

❖ ပြုဖွယ်မဂ်ကိစ္စကို ပြုပြီးပြီ၊

❖ မဂ်ကိစ္စအလို့ငှာ တစ်ပါးသော ပြုဖွယ်သည် မရှိတော့ပြီဟု သိခဲ့ပြီ။

ငါ့ရှင်

❖ ဝိညာဏ်ရှိသော မိမိကိုယ်၌ လည်းကောင်း၊

❖ သူတပါးကိုယ်၌ လည်းကောင်း၊

ဤသို့ သိမြင်သည်ဖြစ်၍-

www.thitsarparamisociety.com

www.thitsarparami.org



ငါသည်

❖ ငါဟူသော အခြင်းအရာ
❖ ငါ့ဥစ္စာဟူသော အခြင်းအရာ

တို့အပေါ် အထင်းမှားခြင်းတို့ကို ကောင်းစွာပယ်ပြီး ဖြစ်၏။

မြတ်စွာဘုရားက ရဟန်းတို့ကို

ရဟန်းတို့-

အရဟတ္တဖိုလ်ကိုပြောသော ရဟန်းအား မေးရမည့် ပြဿနာ ငါးချက်ကို မေးသဖြင့် အမေးပြဿနာများအပေါ် ထိုသို့ ဖြေကြားလာခဲ့လျှင် ရဟန်းတို့သည် **ထိုရဟန္တာပုဂ္ဂိုလ်၏ စကားတို့ကို သာဓု၊ သာဓု၊ သာဓု၊ ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ ဟု နှစ်သက်ဝမ်းမြောက်ရမည်။**

နှစ်သက်ဝမ်းမြောက်ပြီးလျှင်လည်း ရဟန်းတို့အား-"ငါ့ရှင်တို့ ငါတို့အား ထိုသို့သော **သီတင်းသုံးဖော် အရှင်ကောင်းကို တွေ့မြင်ရခြင်းသည် အရတော်ပေစွ၊ အလွန်တရာပင် အရတော်ပေစွ** ဟု ဆိုရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူပေ၏။

www.thitsarparamisociety.com

www.thitsarparami.org

# ရဟန္တာဆိုင်ရာတရားတော်

## အခန်း [ ၆ ]

## ပြန်လည်စုစည်းခြင်း

www.thitsarparamisociety.com

www.thitsarparami.org



ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည်–

ဝိပဿနာ ဘာဝနာတရားများကို ကျင့်ကြံ ရှုမှတ် ကြိုးပမ်းအားထုတ်ခြင်းဖြင့် "နိဗ္ဗာန်ကို အာရုံပြု၍ ပုထုဇဉ်အနွယ်ကို ဖြတ်တောက်ပြီး အဆင့်ဆင့်သော အရိယာပုဂ္ဂိုလ်များအဖြစ်မှ နောက်ဆုံးအဆင့် အမြတ်ဆုံးသော အရဟတ္တဖိုလ်သို့ရောက်သူ" အဖြစ်သို့ ရောက်ရှိသဖြင့် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော၊ မအိုရာ၊ မနာရာ၊ မသေရာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ကြပါစေ။

www.thitsarparamisociety.com

www.thitsarparami.org



# ရဟန္တာဆိုင်ရာတရားတော်

# အခန်း(၆)
# ပြန်လည်စုစည်းခြင်း

## အရိယာပုဂ္ဂိုလ်များ

၁။ **သတ္တက္ခတ္တုပရမသောတာပန်**
ဘဝခုနစ်ကြိမ်သာဖြစ်ပြီး အရဟတ္တဖိုလ်သို့ရောက်သူ၊

၂။ **ကောလံကောလသောတာပန်**
အလွန်ဆုံး သုံးဘဝသာဖြစ်ပြီး အရဟတ္တဖိုလ်သို့ရောက်သူ၊

၃။ **ဧကဗီဇီသောတာပန်**
တစ်ဘဝသာဖြစ်ပြီး အရဟတ္တဖိုလ်သို့ရောက်သူ၊

၄။ **သကဒါဂါမ်**
တစ်ဘဝသာဖြစ်ပြီး အရဟတ္တဖိုလ်သို့ရောက်သူ၊

၅။ **ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ်**
အထက်ဘုံသို့ အစဉ်အတိုင်းတက်၍ အကနိဋ္ဌဘုံ၌
အရဟတ္တဖိုလ် သို့ရောက်သူ၊

၆။ **သသင်္ခါရပရိနိဗ္ဗာယီအနာဂါမ်**
လုံ့လနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်သူ၊

www.thitsarparamisociety.com

www.thitsarparami.org



၇။ **အသင်္ခါရ ပရိနိဗ္ဗာယီအနာဂါမ်**

လုံ့လမပါဘဲ အရဟတ္တဖိုလ်သို့ရောက်သူ၊

၈။ **ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ်**

အသက်တမ်း၏ထက်ဝက်ကိုလွန်၍ အရဟတ္တဖိုလ်သို့ ရောက်သူ၊

၉။ **အန္တရာပရိနိဗ္ဗာယီအနာဂါမ်**

အသက်တမ်း၏အလယ်၌ အရဟတ္တဖိုလ်သို့ရောက်သူ၊

၁၀။ **ရဟန္တာ**

အရဟတ္တဖိုလ်သို့ရောက်သူ၊

မြတ်စွာဘုရားရှာဖွေတွေ့ရှိပြီး၍ ထားခဲ့သော ကောင်းမြတ်သည့် အကျင့်တရားကို ကျင့်ကြံကြိုးပမ်းအားထုတ်သူများသည် အဆင့်ဆင့်သောအရိယာပုဂ္ဂိုလ်များအဖြစ်သို့ ရောက်ရှိပြီး လိုလားအပ်၊ တောင့်တအပ်သော **နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ပြီ ဖြစ်၏။**

ထို့ကြောင့်ပင် မြတ်စွာဘုရားသည် နိဗ္ဗာန်ချမ်းသာကို ရှာဖွေနေကြသူများ၊ ကျင့်ကြံကြိုးပမ်းအားထုတ်နေကြသူများကို **"အနွယ်အဆက်ကောင်းသူများဖြစ်သည့်အားလျော်စွာ ကောင်းမြတ်သည့် ကျင့်ဝတ်တရားတို့ကို ကျင့်ကြံကြရန်"** တိုက်တွန်းအားပေးတော်မူခဲ့၏။

**"အနွယ်အဆက် ကောင်းသူများဖြစ်ကြသော်လည်း ကောင်းမြတ်သည့် ကျင့်ဝတ်တရားတို့ကို ကျင့်ကြံခြင်း မပြုသော အဆုံးစွန်သောသူများ"** မဖြစ်ရန် သတိပေးဆုံးမတော်မူခဲ့၏။

www.thitsarparamisociety.com

www.thitsarparami.org



# နောက်ဆုံးအဆင့် အမြတ်ဆုံး
# အရိယာပုဂ္ဂိုလ်–ရဟန္တာ

မြတ်စွာဘုရားရှင်တို့၏ မဟာကရုဏာတော်ဉာဏ် သက်ရောက်တော်မူသည်နှင့်အညီ ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည့် အဆင့်ဆင့်သော အရိယာပုဂ္ဂိုလ်များအဖြစ်သို့ ရောက်ရှိရန် ကျင့်ကြံကြိုးပမ်းအားထုတ်ကြလျက်ရှိကြပေ၏။

ထိုသို့ ကျင့်ကြံကြိုးပမ်းအားထုတ်ကြခြင်း၏ နိဗ္ဗာန်ရည်မှန်းချက်ပန်းတိုင်အတွက် နောက်ဆုံးအဆင့် အရိယာပုဂ္ဂိုလ်မှာ **ရဟန္တာပုဂ္ဂိုလ်ပင်** ဖြစ်လေ၏။

ရဟန္တာပုဂ္ဂိုလ်တို့၏–

- ထူးမြတ်လှသောဂုဏ်၊
- ကိလေသာကင်းစင်ပုံ၊
- ပြုမူနေထိုင်ပုံ၊
- ဝိပဿနာရှုပြီးမှ ရဟန္တာဖြစ်ပုံ၊
- သေရေး၊ နေရေး မတောင့်တပုံ၊
- တဏှာမရှိသဖြင့် ဘဝသစ်မဖြစ်ပုံ၊
- ဆီမီးတောက်ကဲ့သို့ငြိမ်းပုံ၊

www.thitsarparamisociety.com

www.thitsarparami.org



❖ ဝန်ထုပ်များကို ပယ်ချပြီးဖြစ်ပုံ၊
❖ ဘဝနှောင်ကြိုးမရှိပုံ၊
❖ မှန်စွာသိ၍လွတ်မြောက်နေပုံ၊
❖ သဉပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုပုံ၊
❖ အနုပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုပုံ၊
❖ ဉဒါန်းကျူးရင့်တော်မူပုံ၊

စသည့် ရဟန္တာဆိုင်ရာ တရားတော်တို့ကို စံနမူနာယူ၍ မိမိတို့သည်လည်း လိုက်နာကျင့်ကြံ ကြိုးပမ်းအားထုတ်နိုင်ရန် ဖော်ပြခြင်း ဖြစ်ပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



# စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်း (နိဗ္ဗာန်)

ဝိသုဒ္ဓိတရား(၇)ပါး၊ ရထား(၇)စင်း ဥပမာတရားတော်တွင် **"စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်း" (နိဗ္ဗာန်)** အတွက် ကျင့်ကြံကြိုးပမ်းအားထုတ်ကြရာ၌ **အထူးစင်ကြယ်ခြင်း တရား(၇)ပါး** ပြည့်စုံသည်အထိ ကျင့်ကြံကြိုးပမ်း အားထုတ်နိုင်ကြရန် ဖြစ်ပါ၏။

## ဝိသုဒ္ဓိတရား (၇)ပါး

၁။ သီလဝိသုဒ္ဓိ (**သီလ** အထူးစင်ကြယ်ခြင်း)

၂။ စိတ္တဝိသုဒ္ဓိ (**စိတ်** သမာဓိအထူးစင်ကြယ်ခြင်း)

၃။ ဒိဋ္ဌိဝိသုဒ္ဓိ (**အမြင်** အထူးစင်ကြယ်ခြင်း)

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ (**ယုံမှားခြင်းကို လွန်မြောက်သော ဉာဏ်** အထူးစင်ကြယ်ခြင်း)

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ (**မဂ်ဟုတ်သည် မဟုတ်သည်၌ ဉာဏ်အမြင်** အထူးစင်ကြယ်ခြင်း)

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ (**အကျင့်အနုလုံဉာဏ်အမြင်** အထူးစင်ကြယ်ခြင်း)

၇။ ဉာဏဒဿနဝိသုဒ္ဓိ (**မဂ်ဉာဏ်အမြင်**အထူးစင်ကြယ်ခြင်း)

www.thitsarparamisociety.com

www.thitsarparami.org



## ဝိပဿနာ၏ ညစ်ညူးကြောင်းဘေးရန် ၁၀-ပါး

စွဲယူမှုမရှိသော ထက်ဝန်းကျင်ငြိမ်းအေးခြင်း (နိဗ္ဗာန်) အတွက် အထူးစင်ကြယ်ခြင်းတရား(၇)ပါးတို့ ဖြည့်ဆည်းကျင့်ကြံရာတွင် ဝိပဿနာ၏ ညစ်ညူးကြောင်းဘေးရန် ၁၀-ပါးကိုလည်း ရှောင်ရှား ပယ်ရှား သွားကြရန် ဖြစ်၏-

၁။ ဩဘာသ၊
၂။ ပီတိ၊
၃။ ပဿဒ္ဓိ၊
၄။ အဓိမောက္ခ၊
၅။ ပဂ္ဂဟ၊
၆။ သုခ၊
၇။ ဉာဏ၊
၈။ ဥပဋ္ဌာန၊
၉။ ဥပေက္ခာ၊
၁၀။ နိကန္တိ၊

www.thitsarparamisociety.com

www.thitsarparami.org



# ၉-ပါးသော ဝိပဿနာဉာဏ်

၆-ပါးမြောက်ဖြစ်သော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ (အကျင့်အနုလုံဉာဏ်အမြင် အထူးစင်ကြယ်ခြင်း) သို့ ရောက်ရှိရန် **၉-ပါးသော ဝိပဿနာဉာဏ်တို့** သက်ရောက်ရန် ကျင့်ကြံကြိုးပမ်းအားထုတ်ကြရပေမည်-

၁။ ဥဒယဗ္ဗယဉာဏ်
၂။ ဘင်္ဂဉာဏ်
၃။ ဘယဉာဏ်
၄။ အာဒီနဝဉာဏ်
၅။ နိဗ္ဗိဒါဉာဏ်
၆။ မုစ္စိတုကမျတာဉာဏ်
၇။ ပဋိသင်္ခါဉာဏ်
၈။ သင်္ခါရုပေက္ခာဉာဏ်
၉။ အနုလောမဉာဏ်

www.thitsarparamisociety.com

www.thitsarparami.org



## ဉာဏဒဿနဝိသုဒ္ဓိ
## (မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း)

စွဲယူမှုမရှိသော ထက်ဝန်းကျင် ငြိမ်းအေးခြင်း(နိဗ္ဗာန်)ကို မျက်မှောက်ပြုရန် ၇-ပါးမြောက်ဖြစ်သော အထူးစင်ကြယ်ခြင်း တရားသည် **ဉာဏဒဿနဝိသုဒ္ဓိ (မဂ်ဉာဏ်အမြင်အထူးစင်ကြယ်ခြင်း)** ပင် ဖြစ်၏။

၆-ပါးမြောက်ဖြစ်သော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ (အကျင့်အနုလုံဉာဏ်အမြင် အထူးစင်ကြယ်ခြင်း)ကို ၉-ပါးသော ဝိပဿနာဉာဏ်တို့နှင့် ပြည့်စုံစေပြီး၍ ၉-ပါးမြောက် ဝိပဿနာဉာဏ်သည် **အနုလောမဉာဏ် ဖြစ်၏။**

ထိုအနုလောမဉာဏ်အဆုံးတွင် ယောဂီသူတော်စင်တို့သည် သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာဘက်သို့ ဉာဏ်သက်ဝင်ပြီး **ဂေါတြဘူစိတ်** ဖြစ်ပေါ်လာ၏။

**ဂေါတြဘူ**သည် သင်္ခါရတို့၏ ချုပ်ရာနိဗ္ဗာန်ကို **ပထမ** ယူလိုက်သော ဝိပဿနာ၏ **အထွဋ်အထိပ်ဖောစိတ်** ဖြစ်၏။

**ဂေါတြဘူ** စိတ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ **ပုထုဇဉ်အနွယ်ကို ဖြတ်တောက်လိုက်ပြီ**ဖြစ်ရာ ယောဂီသူတော်စင်သည် အရိယာ **အနွယ်သို့ ရောက်ရှိသက်ဝင်ပါ၏။**

ထိုသို့ အရိယာအနွယ်ဇာတ်သို့ သက်ဝင်ပြီဖြစ်၍

- ❖ သောတာပတ္တိမဂ်၊
- ❖ သကဒါဂါမိမဂ်၊
- ❖ အနာဂါမိမဂ်၊

www.thitsarparamisociety.com

www.thitsarparami.org



❖ အရဟတ္တမဂ်တို့၌ ဖြစ်သောဉာဏ်သည် သူတော်ကောင်း၊ သူတော်စင်တို့ **လိုလားအပ်၊ တောင့်တအပ်သော ဉာဏဒဿန ဝိသုဒ္ဓိ** (မဂ်ဉာဏ်အမြင် အထူးစင်ကြယ်ခြင်း) ပင် ဖြစ်ပေ၏။

## ဆယ်ပါးသောတရားတို့နှင့် ပြည့်စုံသောရဟန်း

### ရဟန်း(၂)မျိုး

၁။ ရဟန်းအဖြစ်ကို သိမ်တွင် ဥပဇ္ဈာယ်ဆရာတော်နှင့် ကမ္မဝါဆရာတော်၊ ကာရကသံဃာတော်များက ရဟန်းအဖြစ်သွတ်သွင်းပေးသောရဟန်း၊

၂။ "ကိလေသေဘိန္ဒတီတိဘိက္ခု" ဆိုသည်နှင့်အညီ ကိလေသာများကို ဖောက်ထွင်းဖြိုခွဲဖယ်ရှားနေသည့် အကျင့်ကိုကျင့်ကြံနေသူ၊ ကိလေသာခေါင်းပါးကြောင်း ကိလေသာငြိမ်းအေးကြောင်း အကျင့်ကို ကျင့်ကြံနေသူများ၊

**သံသရာမှလွတ်မြောက်ရန်အတွက် ကိလေသာခေါင်းပါးကြောင်း၊ ငြိမ်းအေးကြောင်း အကျင့်ကို ကျင့်ကြံနေသည့် သိမ်မှာဖြစ်သည့် ရဟန်းဖြစ်စေ၊ "ကိလေသာဘိန္ဒတီတိဘိက္ခု" အရ ယောဂီသူတော်စင်များဖြစ်စေ၊ "ရဟန်း" များပင် ဖြစ်ကြပေ၏။**

www.thitsarparamisociety.com

www.thitsarparami.org



ထိုသို့ သံသရာမှ လွတ်မြောက်ရန် ကျင့်ကြံနေကြသည့် ရဟန်းများသည် **ဆယ်ပါးသောတရား** တို့နှင့် ပြည့်စုံရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏-

၁။ သာသနာတော်၌ရဟန်းသည် **ရဟန္တာတို့၏ဥစ္စာဖြစ်သော ကောင်းသောဉာဏ်အမြင်** နှင့် ပြည့်စုံရ၏၊

၂။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော **ကောင်းသောအကြံ** နှင့် ပြည့်စုံရ၏၊

၃။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော **ကောင်းသောစကား** နှင့် ပြည့်စုံရ၏၊

၄။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကောင်းသော **အမှုပြုခြင်း** နှင့် ပြည့်စုံရ၏၊

၅။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော **ကောင်းသောအသက်မွေးခြင်း** နှင့် ပြည့်စုံရ၏၊

၆။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော **ကောင်းသောအားထုတ်ခြင်း** နှင့် ပြည့်စုံရ၏၊

၇။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော **ကောင်းသောသတိ** နှင့် ပြည့်စုံရ၏၊

၈။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော **ကောင်းသောတည်ကြည်မှု သမာဓိ** နှင့် ပြည့်စုံရ၏၊

၉။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော **ကောင်းသောဉာဏ်အမြင်** နှင့် ပြည့်စုံရ၏၊

၁၀။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော **လွတ်မြောက်ခြင်း(ဝိမုတ္တိ)** နှင့် ပြည့်စုံရ၏။

www.thitsarparamisociety.com

www.thitsarparami.org



နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်မည့် ဝိပဿနာတရားများကို ကျင့်ကြံကြိုးပမ်းအားထုတ်သူများသည် အရဟတ္တဖိုလ်သို့ ရောက်ရှိသူ ရဟန္တာအရှင်သူမြတ်များတို့၏ ဥစ္စာ (၁၀) ပါးတို့ကို မိမိတို့သန္တာန်တွင်လည်း ပြည့်စုံသထက်ပြည့်စုံလာအောင် ကြိုးပမ်းခြင်းဖြင့် ရှည်လျားလှစွာသော သံသရာမှလွတ်မြောက်သည်အထိ အပတ်တကုတ် အားထုတ်ရပေမည်။

## နိဗ္ဗာန်ချမ်းသာ

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့သည် မိမိတို့အားလုံး၏ အန္တိမရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် နိဗ္ဗာန်ကို အရောက်လှမ်းကြရာတွင် **အဆင့်ဆင့်သော အရိယာပုဂ္ဂိုလ်များအဖြစ်မှ နောက်ဆုံးအဆင့် ရဟန္တာဖြစ်အောင် ကြိုးပမ်းအားထုတ်ကြရန် ဖြစ်ပေ၏။**

ထိုသို့ ကြိုးပမ်းအားထုတ်ကြရာတွင် ဤရဟန္တာဆိုင်ရာ တရားတော်တွင် ဖော်ပြပါရှိသော တရားတော်များနှင့်အတူ လက်ယာတော်ရံ ရဟန္တာအရှင်သူမြတ် အရှင်သာရိပုတ္တရာနှင့် ရဟန္တာအရှင်သူမြတ် အရှင်ပုဏ္ဏတို့ကို မြတ်စွာဘုရားကိုယ်တော်တိုင် ထုတ်ဖော်ချီးမွမ်းအပ်သော ချီးမွမ်းထိုက်သော ဂုဏ်များကိုပါ အစဉ်နှလုံးသွင်း ကျင့်ကြံကြိုးပမ်း အားထုတ်နိုင်ကြပါစေ။

အရဟတ္တဖိုလ်သို့ ရောက်သူ ရဟန္တာအရှင်သူမြတ် ဖြေကြားသော ပြဿနာ (၅)ခု၏ အဖြေများသည် ကိလေသာငြိမ်းအေးရာ၊ ငြိမ်းအေးကြောင်းအဖြစ်သို့ ရောက်ရန်အတွက်

www.thitsarparamisociety.com

www.thitsarparami.org



ကြိုးပမ်းအားထုတ်ကျင့်ကြံမှုများ ဖြစ်သဖြင့်လည်း အလွန်တရာ တန်ဖိုးရှိလှသော ကျင့်စဉ်များ ဖြစ်ပါပေ၏။

အလွန်တရာ တန်ဖိုးရှိလှသော ကျင့်စဉ်များကို အပတ်တကုတ် ကြိုးပမ်းအားထုတ်ကျင့်ကြံကြခြင်းဖြင့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်များသည် **"နိဗ္ဗာန်ကို အာရုံပြု၍ ပုထုဇဉ်အနွယ်ကို ဖြတ်တောက်ပြီး အဆင့်ဆင့်သော အရိယာပုဂ္ဂိုလ်များအဖြစ်မှ နောက်ဆုံးအဆင့် အရဟတ္တဖိုလ်သို့ ရောက်သူ"** အဖြစ်သို့ရောက်ရှိ၍ **မိမိတို့အလိုရှိအပ်၊ တောင့်တအပ်သော၊ မအိုရာ၊ မနာရာ၊ မသေရာ၊ နိဗ္ဗာန်ချမ်းသာကို** မျက်မှောက်ပြုနိုင်ကြပါစေသတည်း။

အရှင်နေမိန္ဒ
၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ

www.thitsarparamisociety.com

www.thitsarparami.org



# ကောက်နုတ်မှီငြမ်းကိုးကားသော ကျမ်းစာအုပ်များ

၁။ မူလပဏ္ဏာသ ပါဠိတော်မြန်မာပြန်၊
၂။ မဇ္ဈိမပဏ္ဏာသ ပါဠိတော်မြန်မာပြန်၊
၃။ ဥပရိပဏ္ဏာသ ပါဠိတော်မြန်မာပြန်၊
၄။ မဟာဝဂ္ဂသံယုတ် ပါဠိတော်မြန်မာပြန်၊
၅။ ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်မြန်မာပြန်၊
၆။ ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော "နိဗ္ဗာနပဋိသံယုတ္တကထာ နိဗ္ဗာန်ဆိုင်ရာတရားတော်"။
၇။ ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ ပြန်ဆိုရေးသားသော "ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ" မြန်မာပြန် တတိယတွဲ၊
၈။ အဂ္ဂမဟာပဏ္ဍိတ၊ သပြေကန်ဆရာတော်အရှင် ဝါသေဋ္ဌာဘိဝံသ၏"ဗောဓိရှင်ခုနှစ်ပါးတရားမြတ် ရတနာ"
၉။ ကျေးဇူးတော်ရှင် သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ကဆုန်လပြည့်ဗုဒ္ဓနေ့ တရားတော် (၂၀၀၁-ခုနှစ်၊ ဇူလိုင်လထုတ် အပ္ပမာဒမဂ္ဂ ရသမဂ္ဂဇင်း)
၁၀။ ရွှေပါရမီတောရ၊ အရှင်ဆန္ဒာဓိက၏ "ရဟန်းဘာကြောင့်ပြုရတယ်"၊
၁၁။ သာသနဓဇ သီရိပဝရဓမ္မာစရိယပါဠိပါရဂူဆရာကြီး ဦးကံသာ စီစဉ်ရေးသားသည့် "အဘိဓမ္မာသင်တန်း"

www.thitsarparamisociety.com

www.thitsarparami.org

# ကမ္ဘာ (၂) ပုဒ်

www.thitsarparamisociety.com

www.thitsarparami.org



## ယူတတ်မှ

ခဏလာကြ ၊ လူ့ဘဝ
မှချမြတ်ပါမှ၊

ကိုယ်တွင်းကိုယ်ပ၊ ဖြစ်သမျှ
တရားအဓိက၊

ဖြစ်ပျက်ဒုက္ခ၊ ပေါ်သမျှ
ခါမလပ်မှတ်ကြ၊

ကုသိုလ်ဓမ္မ၊ လူ့ဘဝ
မရရအောင် ယူကြ။

အရှင်နေမိန္ဒ
(၁၉-၉-၂၀၀၆)

www.thitsarparamisociety.com

www.thitsarparami.org



# ရေကြည် ပြာ၏ အဆုံးသတ်နိဂုံး

ရေကြည် ပြာ
ငါးပါး ခန္ဓာ
အရိုးစု ခန္ဓာ
အသုဘ ခန္ဓာ
ဒုက္ခ သစ္စာ
ဝိပဿနာ ဘာဝနာ
အကြိမ်ကြိမ်အခါခါ
ရှုမှတ်ပွားများကာ
အဆုံးသတ်ခန္ဓာ
ရုပ်သိမ်းချုပ်ငြိမ်းရမည်သာ။

## ရေကြည် ပြာ

ရေကြည် = ပဋိသန္ဓေစိတ်၏ အစဖြစ်သော ကလလရေကြည်။

ပြာ = စုတိစိတ်၏ အဆုံးဖြစ်သော အရိုးပြာ။

အရှင်နေမိန္ဒ
(၂၇-၄-၂၀၀၉)

www.thitsarparamisociety.com

www.thitsarparami.org

# ဆောင်းပါး

# ကိုယ်စိတ်ဝန်ကျပြီမို့
# သာသနာ့ဝန် ထမ်းကြပါစို့

www.thitsarparamisociety.com

www.thitsarparami.org



# ကိုယ်စီတာဝန်ကျေပြီမို့ သာသနာ့ဝန် ထမ်းကြပါစို့

(ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အဆုံးအမများကြောင့် အန္ဓပုထုဇဉ်မှသည် ကလျာဏပုထုဇဉ် အဆင့်ဖြင့်ရတနာ သုံးပါးကို ကြည်ညိုကိုင်းရှိုင်း သဒ္ဓါတရားပွားများနေကြကုန်သော အသက် (၆၀)ကျော် ဗုဒ္ဓဘာသာဝင်အမျိုးသားသူတော်ကောင်း သူတော်စင်များကို ရည်ညွှန်းအပ်ပါသည်။)

မိမိတို့ မှီတင်းနေထိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အသက်(၆၀)ကျော်အထိ ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်ခဲ့ပြီး ထပ်မံ၍ အသက်(၇၅)နှစ် (၈၀)နှစ်အထိ စသည်ဖြင့် ဆက်လက် ရှင်သန်ကြသူ ဦးရေမှာ မများလှပေ။

သေခြင်းတရားဟူသည် ကြီးငယ်မဟူ ကံ၊ စိတ်၊ ဥတု၊ အာဟာရကပေးသော သက်တမ်းအရသာလျှင် လူ့ဘဝကို ရရှိကြရာတွင် ယခုကဲ့သို့ အသက်(၆၀)ကျော်အထိ ကျန်းမာရွှင်လန်းစွာ လူ့ဘဝကို ရရှိနေကြသူများမှာ အလွန်တရာပင် ကုသိုလ်ထူးမြတ်လှပေသည်ဟု ဆိုရပေမည်။

ထိုသို့ အသက်(၆၀)ကျော်အထိ ယခုကဲ့သို့ ကျန်းမာရွှင်လန်းစွာ နေထိုင်ကြသည့်အပြင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အဆုံးအမများကြောင့် အန္ဓပုထုဇဉ်မှသည် ကလျာဏပုထုဇဉ်အဖြစ် ကောင်းမှုကုသိုလ်တရားများဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာများကို ကျင့်ကြံပွားများ အားထုတ်နေနိုင်သည်မှာလည်း ထူးမြတ်လှစွာသော ကုသိုလ်ပင် ဖြစ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



ရခဲလှစွာသော လူ့ဘဝကို ယခုကဲ့သို့ အသက်(၆၀)ကျော် အထိ ကျော်လွန်ဖြတ်သန်းခဲ့ကြရာတွင် လူတိုင်းလိုလိုပင် လောကဓံ ရှစ်ပါး တရားများဖြင့် ဆင်းရဲဒုက္ခ၊ ချမ်းသာသုခတို့ကို ရင်ဆိုင် တွေ့ခဲ့ကြဖူးသည်ပင် ဖြစ်ပေ၏။

အသက်(၅)နှစ်မှ (၇)နှစ်ခန့်အထိ ကလေးသူငယ်ဘဝဖြင့် လူ့ဘဝကို ဘာမှန်းမသိဘဲ ဘာကိုမျှ သိပ်မမှတ်မိနိုင်ဘဲ ဖြတ်သန်း ခဲ့ရပြီးပြီ။ အသက်(၈)နှစ် (၉)နှစ်မှ အသက်(၂၀)နှစ် (၂၅)နှစ်ခန့် အထိ ကာလကိုလည်း ကျောင်းပညာ၊ အသက်မွေးဝမ်းကျောင်းမှု ပညာတို့အတွက် လုံးပမ်းကြိုးပမ်းခဲ့ကြရပြီး ဖြစ်ပါသည်။

ဆက်လက်၍ အသက်(၂၅)နှစ်ခန့်မှ ယခုအသက် (၆၀) ကျော်အထိ မိသားစု စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့် အရေးကိစ္စများကို နှစ်ပေါင်းများစွာ လူ့ သက်တမ်း၏ (၄)ပုံ (၃)ပုံခန့်အတွင်း ကိုယ်စီတာဝန်ထမ်းဆောင် ခဲ့သည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင် ကလျာဏပုထုဇဉ် သူတော်စင်တို့ သည် လောကီရေးရာဆိုင်ရာ တာဝန်များအတွက် တာဝန်ကိုယ်စီ ကျေကြပါပြီ။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ လူ့သက်တမ်းအရ အသက် (၆၀)ကျော်အထိ ယခုကဲ့သို့ ကျန်းမာရွှင်လန်းစွာ နေထိုင်နိုင်သည် မှာလည်း ကုသိုလ်ထူးလို့ဟူ၍ပင် မှတ်ယူရပါမည်။ သို့သော် အသက် (၆၀)ကျော်လာပြီး (၆၅)၊ (၇၀)၊ (၇၅) နှစ် စသည့် အားဖြင့် ဆက်လက်ရှင်သန်ဦးမည် ဆိုသည်မှာ သေချာရေရာ သည့် အခြေအနေတွင် မရှိတော့ပါ။

www.thitsarparamisociety.com

www.thitsarparami.org



သေချာရေရာသည်မှာ အသက်(၆၀)ကျော်လာလျှင် မိမိ၏ နောက်ဆုံးအချိန်သည် အလွန်တရာပင် နီးကပ်လာပေပြီ။ မိမိ၏ ကျန်းမာရေး အခြေအနေတို့သည်လည်း ဆေးဝါး၊ ဓာတ်စာ၊ အာဟာရမျိုးစုံတို့ဖြင့် မည်သို့ပင် ကျားကန်ထားစေကာမူ ယခင်ကာလများနှင့် မတူနိုင်တော့ပြီ။

ကလျာဏပုထုဇဉ်နွယ်ဝင် အသက်(၆၀)ကျော် သူတော်ကောင်းတို့သည် မိမိတို့၏ နောက်ဆုံး နေဝင်ချိန်ကို ဗုဒ္ဓမြတ်စွာ ဟောကြားညွှန်ပြခဲ့သည့် တရားဓမ္မဒေသနာတော်များနှင့်အညီသာ တန်ဖိုးရှိစွာ၊ မြင့်မြတ်စွာ၊ ဂုဏ်ကျက်သရေရှိစွာ၊ အကျိုးရှိစွာ အသုံးချဖို့ရာ အလွန်တရာပင် အရေးကြီးလှပေပြီ။

ဗုဒ္ဓမြတ်စွာ ဟောကြားညွှန်ပြဆုံးမခဲ့သည့် တရားဓမ္မများကို နာကြားခဲ့ရ၊ နှလုံးသွင်းခဲ့ရသဖြင့် ယခုကဲ့သို့ အန္ဓပုထုဇဉ်ဘဝကို လွန်မြောက်၍ သဒ္ဓါတရားထက်သန်စွာဖြင့် ဒါန၊ သီလ၊ ဘာဝနာများကို ထိုက်သည့်အားလျော်စွာ ဆောင်ရွက်ခဲ့ကြသဖြင့်လည်း သူတော်ကောင်းတို့သည် ကလျာဏပုထုဇဉ်အဆင့်သို့ ရောက်ရှိနေခြင်း ဖြစ်ပါသည်။

သူတော်ကောင်း သူတော်စင်တို့သည် လက်ရှိအနေအထားမှ ဆက်လက်၍ လောကုတ္တရာ တရားတော်မြတ်ကိုးပါးဖြစ်သည့် မဂ်ဖိုလ်နိဗ္ဗာန်ကို အမြဲတမ်း တောင်းဆုပတ္ထနာ ပြုနေသည်နှင့် အညီ အမှန်တကယ် မလွဲမသွေရရှိရန် ဆောင်ရွက်ဖို့ အလွန်ပင် အချိန်အခါသင့်ပြီ ဖြစ်ပါသည်။

အရှည်လျားဆုံးသည် 'သံသရာ' ဖြစ်သလို ကြောက်စရာ အကောင်းဆုံးသည် 'တဏှာ' ဖြစ်သည့်အတိုင်း အလွန်တရာ

www.thitsarparamisociety.com

www.thitsarparami.org



ရှည်လျားထွေပြားခဲ့ပြီဖြစ်သည့် ဘဝသံသရာတစ်လျှောက်လုံးတွင် ယခုရရှိထားသောဘဝ၊ ကလျာဏပုထုဇဉ်အဖြစ်သည် အမြင့်မြတ်ဆုံးသော ဆုလာဘ်တစ်ခုပင် မဟုတ်ပါလား။

ထိုအမြင့်မြတ်ဆုံးသော ဆုလာဘ်မှသည် အပါယ်တံခါးလုံးဝပိတ်ပြီး နောက်ဆုံး အရဟတ္တမဂ်၊ အရဟတ္တဖိုလ်အထိ ပေါက်မြောက်ခရီးရောက်ဖို့ ပထမဦးစွာ နိဗ္ဗာန်၏ ပထမအဆင့်ဖြစ်သည့် သောတာပတ္တိဖိုလ်အတွက် အပတ်တကုတ် ကြိုးပမ်းအားထုတ်သင့်ကြပါသည်။

သောတာပန်ဖြစ်ရန် အင်္ဂါလေးပါးဖြစ်သည့်-

သူတော်ဆည်းကပ်၊

မြတ်တရားနာ၊

လျှော်စွာနှလုံး၊

ကျင့်သုံးဖွဲ့သန်ဆိုသည်နှင့်အညီ-

**သပ္ပုရိသသံသေဝေါ** = သူတော်ကောင်းနှင့် ပေါင်းသင်းဆည်းကပ်ရမည်။

**သဒ္ဓမ္မဿဝနံ** = သစ္စာတရားများကို နာကြားရမည်။

**ယောနိသောမနသိကာရော** = တရားကို မှန်ကန်စွာ ကြံဆ၊ ဆင်ခြင်နှလုံးသွင်းရမည်။

**ဓမ္မာနုဓမ္မပဋိပတ္တိ** = တရားရနိုင်လောက်အောင် ဖွဲ့သန်စွာဖြင့် အားထုတ်ရမည်။

သူတော်စင်တို့သည် သူတော်ကောင်းနှင့် ပေါင်းသင်းဆည်းကပ်ခြင်း၊ ဗုဒ္ဓမြတ်စွာ၏ နိဗ္ဗာန်ရောက်ကြောင်း သစ္စာလေးပါး တရားများကို နာကြားခြင်းတို့ကြောင့် ကလျာဏ

www.thitsarparamisociety.com

www.thitsarparami.org



ပုထုဇဉ်အဆင့်သို့ ရောက်ရှိနေကြပြီ။ ဆက်လက်၍ မိမိတို့ နာကြားခဲ့ရသော၊ နာကြားဆဲဖြစ်သောတရား ဓမ္မများကို မှန်ကန်စွာကြံဆ၊ ဆင်ခြင်နှလုံးသွင်းပြီး တရားရနိုင်လောက်အောင်၊ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ် ရရှိအောင် ဖွဲ့သန်သန်ဖြင့် အပတ်တကုတ် ကြိုးစားရန်သာ လိုပါတော့သည်။

ထိုသို့ ခန္ဓာဉာဏ်ရောက် တရားတော်များကို မိမိတို့သန္တာန်တွင် ကိလေသာကြားမခိုစေဘဲ အချိန်များများ နှလုံးသွင်းနိုင်လေလေ၊ ဖွဲ့သန်သန်ဖြင့် အပတ်တကုတ် ကြိုးစားနိုင်လေလေ၊ သူတော်ကောင်းတို့ မျှော်မှန်းတောင့်တအပ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ချမ်းသာကို မလွဲမသွေ ဧကန်မုချ မျက်မှောက်ပြုနိုင်မည်ပင် ဖြစ်ပေသည်။

ကိလေသာကြားမခိုစေဘဲ နေ့စဉ် အချိန်များများတရားဓမ္မများကို ဆင်ခြင်နှလုံးသွင်းရန်၊ တရားဓမ္မကိုအပတ်တကုတ် ရှုမှတ်ပွားများ ကျင့်ကြံရာတွင် သူတော်ကောင်းတို့၏ နေအိမ်သည် 'သင့်တင့်လျောက်ပတ်သောနေရာ' ဟု မဆိုနိုင်တော့ပါ။

အသက်(၆၀)ကာလအထိ နေထိုင်ခဲ့သည့် နေအိမ်သည် မိမိအတွက် သင့်တင့်လျောက်ပတ်သောနေရာအဖြစ် သတ်မှတ်နေထိုင်ခဲ့ကြပြီးဖြစ်၏။ မိမိ၏ နောက်ဆုံးအချိန်ကို တန်ဖိုးမဖြတ်နိုင်အောင် မြင့်မြတ်စွာ၊ တန်ဖိုးရှိစွာ၊ ဂုဏ်ကျက်သရေရှိစွာ၊ အကျိုးရှိစွာကုန်ဆုံးစေဖို့ တစ်မဂ်၊ တစ်ဖိုလ်ရရှိရန် တရားဓမ္မများကို တစ်ဆက်တစ်စပ်တည်း နှလုံးသွင်းနေနိုင်ဖို့၊ အပတ်တကုတ် ရှုမှတ်ပွားများ ကျင့်ကြံအားထုတ်ရန်အတွက် သင့်တင့်လျောက်ပတ်သောနေရာမှာ တရားရိပ်သာ တည်ရှိရာကျောင်း၊ တောရကျောင်းတို့ပင် ဖြစ်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



တရားရိပ်သာရှိသောကျောင်း၊ တောရကျောင်းတွင် တရားအားထုတ်ပွားများကျင့်ကြံ ကြိုးပမ်းရာမှာလည်း လူဝတ်ကြောင် ဘဝနှင့်ဆိုပါက သံယောဇဉ် အမျှင်တန်းမပြတ်နိုင်ဘဲ နေအိမ်ကို သတိရသည့်အခါ လူဝတ်ကြောင်ဖြစ်သဖြင့် လွယ်လင့်တကူ ပြန်ချင်သည့်အခါ ပြန်လိုသည့်စိတ်ဆန္ဒဖြင့် နေအိမ်သို့ မကြာခဏ ပြန်ရောက်တတ်ပါသည်။

ထိုသို့ဆိုလျှင် မိမိကျင့်ကြံပွားများ အားထုတ်နေသော ဝိပဿနာတရားသည် တစ်ဆက်တည်း တစ်စပ်တည်း မဖြစ်ဘဲ ပြတ်တောင်းပြတ်တောင်းဖြင့် လိုရာခရီး ပေါက်မြောက်ရောက်ရှိရန် ကြန့်ကြာတတ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် မဟာသတိပဋ္ဌာန်တရားကို ရှုမှတ်ကျင့်ကြံပွားများသူသည် ဉာဏ်အလွန်ထက်သူဖြစ်ပါမူ (၇)ရက်အတွင်း၊ ဉာဏ်ထက်သူဖြစ်ပါမူ(၇)လအတွင်း သို့မဟုတ် အလွန်ဆုံး (၇)နှစ်အတွင်း မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှာဖြစ်ကြောင်း ဟောကြားထားပါသည်။

သို့ဖြစ်၍ သူတော်ကောင်း သူတော်စင်တို့သည် မိမိ၏ တန်ဖိုးကြီးမားလှသော နောက်ဆုံးအချိန်တွင် အလွန်ဆုံး (၇)နှစ် အတွင်း ပထမဦးစွာသော သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ် အတွက် ကြိုးပမ်းရန် ဗုဒ္ဓမြတ်စွာ၏သာသနာတော်၌ အလွန်တရာ ရခဲလှစွာသော မြင့်မြတ်သော ရဟန်းဘဝဖြင့်သာလျှင် ခွဲသန်သန် ဖြင့် ဝိပဿနာတရားများကို အပတ်တကုတ် အားထုတ်သင့်လှ ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



သန္တိကျောင်းက ဓမ္မသံ
အေးအေး ကြည်ကြည်ညံ၊
ဓမ္မသံ ငါတို့ကြား
ရဟန်းပြုစို့လား။
ရဟန်းဘာကြောင့်ပြုရတယ်၊
မဂ်ဖိုလ်ရဖို့ကွယ်။

ဆရာတော် အရှင်ဆန္ဒာဓိကာ၏ 'ရဟန်းဘာကြောင့် ပြုရတယ်' တရားစာအုပ်ထဲမှ 'မဂ်ဖိုလ်ရဖို့အတွက် ရဟန်းပြုစို့လား' ဟု အားပေးတိုက်တွန်းထားသော ကဗျာ ဖြစ်ပါသည်။

အလွန်တရာ ရခဲလှစွာသော မြင့်မြတ်သည့် ရဟန်းဘဝ၏ ထူးခြားချက်များကိုလည်း ထိုစာအုပ်တွင် ဖော်ပြထားပါသည်။

## (၁) ဥပဂတော သော သမဏလိင်္ဂ။

ဥပဂတော သော သာမဏလိင်္ဂံ ဆိုသည့် ငြိမ်းအေးသည့် အသွင်အပြင် ရှိတော်မူသော ရဟန်းဖြစ်ခြင်း။

ဦးခေါင်းတွင် ဆံပင်များကို ရိတ်ထားခြင်း၊ ဖန်ရည်စွန်းသောသင်္ကန်းကိုသာ ဆင်မြန်းထားသည့် ရဟန်းသည် ငြိမ်းအေးသည့် အသွင်အပြင်ရှိသူ ဖြစ်ပါသည်။

လူဝတ်ကြောင့်တို့သည် ဦးခေါင်းတွင် ဆံပင်နှင့် ကိုယ်ပေါ်တွင် အင်္ကျီ၊ လုံချည်နှင့်ဖြစ်ရာ ငြိမ်းအေးသည့် အသွင်အပြင်ကို မမြင်တွေ့နိုင်ပါ။

www.thitsarparamisociety.com

www.thitsarparami.org



## (၂) ဗုဒ္ဓါဓိပ္ပါယေ ဌိတော။

ငြိမ်းအေးသည့် အသွင်အပြင်သည် ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ အလိုတော်ကျ အသွင်အပြင် ဖြစ်ပါသည်။ လူ့အဝတ်၊ လူ့အသွင်သည် ဘုရားအလိုတော်ကျသည့် အသွင်အပြင်၊ ဘုရားသဘောကျတော်မူသည့် အသွင်အပြင် မဟုတ်ပါ။

ဦးခေါင်းတွင် ဆံပင်များရိတ်ထားသော၊ ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်ရုံဆင်မြန်းထားသော အသွင်အပြင်သည်သာ ဘုရားအလိုတော်ကျသည့် ဘုရားသဘောကျတော်မူသည့် အသွင်အပြင် ဖြစ်ပေသည်။

## (၃) ခီဏာသဝေဟိ သော သာမည်း ဥပဂတော။

ထိုအသွင်အပြင်သည် ရဟန္တာပုဂ္ဂိုလ်များ၏ အသွင်အပြင်နှင့်လည်း တူပါပေသည်။

## (၄) အဂ္ဂပရိသံ သော ဥပဂတော။

ရဟန်းဘဝကို ရရှိပြီးဖြစ်ရာ မြင့်မြတ်လှသည့် ပရိသတ်ဖြစ်သည့် ရဟန္တာပရိသတ်ထဲကိုလည်း ဝင်လို့ရသွားပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



## (၅) လာဘတိ သော ပါတိမောက္ခုဒ္ဒေသံ သောတုံ။

ဗုဒ္ဓမြတ်စွာဘုရားရှင် ဆုံးမတော်မူသည်နှင့်အညီ လပြည့်၊ လကွယ်နေ့တိုင်း ရဟန်းများ သက်ဆိုင်ရာ သိမ်တွေမှာ ဥပုသ်ပြုကြသည့်အခါ ရဟန်းသည် ထိုပရိသတ်ထဲ ဝင်လို့ရပါသည်။ မထေရ်မြတ်ကြီးများပြသော ပါတိမောက်ကို နားထောင်ရပေသည်။

## (၆) အပ္ပမာဏေသု သော သိက္ခာပဒေသု သမတ္တကာရီ။

အတိုင်းအရှည်မရှိ၊ မရေတွက်နိုင်အောင်များပြားလှသော ရဟန်းတစ်ပါး စောင့်ထိန်းရမည့် သိက္ခာပုဒ်တွေကိုလည်း အထူး သန့်ရှင်းစင်ကြယ်စွာ စောင့်ထိန်းရန် အပြည့်အစုံရယူနိုင်ပေသည်။

## (၇) ဘိက္ခု သိက္ခာပကော ဝံသစရော။

ရဟန်း သာမဏေများသည် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်နိုင်ကြပေသည်။ သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာသုံးပါးကို ဖြည့်ဆည်းနိုင်ကြပြီး သာသနာတော်ကြီး အဆက်ပြတ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ပေသည်။

www.thitsarparamisociety.com

www.thitsarparami.org



ရဟန်းဘဝဟူသည်မှာ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ အမွေတော်ခံ မြင့်မြတ်လှစွာသော သားတော်ဘဝပင်တည်း၊ ရဟန်းစောင့်ထိန်းရသည့် သီလသည် အကျဉ်းအားဖြင့်ပင် (၂၂၇) သွယ်သော သိက္ခာပုဒ်ကို စောင့်ထိန်းရသည့်သီလ ဖြစ်ပါသည်။

လူဝတ်ကြောင်အနေဖြင့် အလွန်ဆုံး (၁၀)ပါးသီလကိုသာ စောင့်ထိန်းနိုင်သည့်အတွက် **ရဟန်းဘဝဖြင့် သိက္ခာပုဒ် (၂၂၇) သွယ်သော သီလကို စောင့်ထိန်းပြီး တရားရှုမှတ်သောရဟန်းသည် လူဝတ်ကြောင်ထက် မဂ်ဖိုလ်နိဗ္ဗာန်အရ မြန်ပါသည်။**

ရဟန်းဘဝတွင် ရဟန်းသည် ကိလေသာငြိမ်းကြောင်း တရားများကို ကောင်းစွာ ကျင့်ကြံရ၏။ သာမဏေမာယာ ကင်းကွာ၍ ဖြောင့်မတ်စွာ၊ ဖြောင့်မှန်စွာလည်း ကျင့်ကြံရ၏။ နိဗ္ဗာန်အကျိုးကို မျှော်ကိုးရည်သန်၍လည်း ကျင့်ကြံရ၏။ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကိုလည်း တုပ်ဝပ်ရိုသေလျော်ကန်စွာ ကျင့်ကြံရ၏။ ရဟန်းသည် အဝေးမှ ဆောင်ယူသော ပစ္စည်းကိုလည်း ခံယူထိုက်၏။ ဧည့်သည်ဖို့ရာ ဆောင်ထားသော ပစ္စည်းများကိုလည်း ခံယူထိုက်၏။ ရိုသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးပူဇော်ခြင်းကိုလည်း ခံယူထိုက်၏။ ရဟန်းသည် နတ်လူအများ ကောင်းမှုပွားရန် ကြဲထားပျိုးချ၊ တုမရသည့် ကောင်းလှသည့် လယ်မြေယာမြေပမာပင် ဖြစ်ပေတော့သည်။

ထိုသို့ နတ်လူအများ ကောင်းမှုပွားဖို့ ကြဲထား၊ ပျိုးချ၊ တုမရသည့် ကောင်းလှလယ်မြေယာမြေပမာ ဖြစ်တော်မူသော ရဟန်းသည် အလှူခံပုဂ္ဂိုလ်အဖြစ် **အများကလှူဒါန်းသော ဆွမ်း၊**

www.thitsarparamisociety.com

www.thitsarparami.org



ကျောင်း၊ သင်္ကန်း၊ ဆေး စသည့် ပစ္စည်းလေးပါးကို သုံးဆောင်ရာတွင် မက်မောတော်မမူဘဲ ရှိသေသောအားဖြင့်သာ ဆင်ခြင်သုံးစွဲခြင်းဖြင့်လည်း တရားရှုမှတ်ရာတွင် မဂ်၊ ဖိုလ်နိဗ္ဗာန် အရမြန်ပါသည်။

လောကီတာဝန်များကို ကိုယ်စီတာဝန်ကျေပြီဖြစ်ကြသော သူတော်ကောင်း သူတော်စင်တို့သည် လောကုတ္တရာတာဝန်၊ သာသနာ့တာဝန်ကို ထမ်းဆောင်ပြီး သာသနာတော်ကို စောင့်ရှောက်ရင်း မဂ်၊ ဖိုလ်၊ နိဗ္ဗာန် အကျိုးအတွက် အလွန်တရာ ရခဲလှစွာသော မြင့်မြတ်သော ရဟန်းဘဝကို ရယူထိုက်ပေသည်။

မင်းယုနိုင် (မင်းတုန်း)၏ 'ဝတ်ကြောင်ကို လွတ်အောင်ရှန်းမယ်၊ ထွဋ်ခေါင်ဘုန်းထံဝယ်' (၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်၊ အပ္ပမာဒဓမ္မရသမဂ္ဂဇင်း) ဆောင်းပါး၌ စာရေးသူသည် မင်းတုန်းမင်း လက်ထက်အခါက ယောဂီအများအပြား မှီခိုရလောက်အောင် သာသနာပြုနိုင်သူ 'ထွဋ်ခေါင်ဆရာတော်' ၏ စွမ်းဆောင်တော်မူမှုများကို ဖော်ပြထားပါသည်။ ဆောင်းပါးပါ 'ထွဋ်ခေါင်ဆရာတော်' ၏ အဆုံးအမတစ်ခုဖြစ်သော ကမ္မဋ္ဌာန်းသံပေါက်လင်္ကာကို ဖော်ပြအပ်ပါသည်-

၁။ သဗ္ဗေသတ္တာ၊ ဝေနေယျာ၊ သံသာရှည်လှပြီ။
၂။ အတည်ကျကျ၊ ဘယ်ဘဝ၊ ရကြမရှိပြီ။
၃။ ရအံ့နီးနီး၊ လောဘမျိုး၊ အကျိုးယုတ်လှပြီ။
၄။ ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနည်းလှပြီ။
၅။ သင့်ကိုယ်သင်အား၊ မသနား၊ သင်မှားရှာတော့မည်။

www.thitsarparamisociety.com

www.thitsarparami.org



၆။ လူဖြစ်ကျိုးမှ၊ မခံရ၊ ရှုံးလှချေ၏မင်း။

၇။ ယခုဘဝ၊ မသိကြမူ၊ အမတမည်ခေါ်၊ ရွှေပြည်တော်၊ အစော်မနံလျှင်းတည်း။

(အပိုဒ်-၅တွင် နှင် အစား သင် ဟု ပြောင်းလဲသုံးစွဲထား ပါသည်။)

သူတော်ကောင်း၊ သူတော်စင်များသည်- ''ဓမ္မသံ ငါတို့ကြား၊ ရဟန်းပြုစို့လား'' ဆိုသည်နှင့်အညီ၊ 'အမတမည်ခေါ်၊ ရွှေပြည်တော်၊ အစော်မနံလျှင်းတည်း' မဖြစ်စေဘဲ **'အမတမည်ခေါ် နိဗ္ဗာန်ရဖို့' အတွက် တစ်နည်းအားဖြင့် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်အတွက် 'ဝတ်ကြောင်ကို လွတ်အောင် ရုန်းပြီး'** မြင့်မြတ်လှစွာသော ရဟန်းဘဝကို ရယူထိုက်ပေပြီ။

သူတော်ကောင်း သူတော်စင်များအားလုံး **'သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာနှလုံး၊ ကျင့်သုံးဖွဲ့သန်'** ဆိုသည့်အတိုင်း ဝိပဿနာတရားကို အပတ်တကုတ် ကြိုးပမ်းအားထုတ်နိုင်ကြ၍ ယခုဘဝတွင်ပင် တရားထူး၊ တရားမြတ်များ ရရှိနိုင်ကြပါစေ။

(ရဟန်းဝတ်လျှင် ကောင်းမှာပဲဟု အချိန်ယူ စဉ်းစားနေသူများ မြင့်မြတ်သော ရဟန်းဘဝကို ခံယူနိုင်ကြပါစေ)

**အရှင်နေမိန္ဒ**
**(၂၀၁၀-ပြည့်နှစ် ဖွန်လထုတ် အပ္ပမာဒ ဓမ္မရသမဂ္ဂဇင်း)**

www.thitsarparamisociety.com

www.thitsarparami.org

# စိတ်ဝယ်ထုံထား
# ပွားများအပ်သော
# ဂုဏ်တော်များ

www.thitsarparamisociety.com

www.thitsarparami.org



# မဟာကရုဏာရှင် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါး

၁။ **အရဟံဂုဏ်တော်**

(က) ကိလေသာရန်သူ (၁၀) မျိုးကို ပယ်တော်မူပြီး ဖြစ်ခြင်း၊

(ခ) ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုပြုတော် မမူခြင်း၊

(ဂ) ပူဇော်အထူးကို ခံယူတော်မူထိုက်ခြင်း။

၂။ **သမ္မာသမ္ဗုဒ္ဓဂုဏ်တော်**

သစ္စာလေးပါးတရားနှင့် ဉေယျခံတရားငါးပါးတို့ကို မဖောက်မပြန် သိတော်မူခြင်း။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်**

ဝိဇ္ဇာဉာဏ် အကျင့်စရဏနှင့် ပြည့်စုံတော်မူခြင်း။

၄။ **သုဂတဂုဏ်တော်**

ကောင်းသောစကားကို ဆိုတော်မူခြင်း။

၅။ **လောကဝိဒူဂုဏ်တော်**

လောကအားလုံးကို အကုန်အစင် သိတော်မူခြင်း။

၆။ **အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်**

ဆုံးမထိုက်သော သတ္တဝါများကို ဆုံးမမှုဝယ်အတုမရှိ၊ အသာဆုံး ဖြစ်တော်မူခြင်း။

၇။ **သတ္ထာဒေဝမနုဿာနံဂုဏ်တော်**

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့၏ ဆရာ ဖြစ်တော် မူခြင်း။

www.thitsarparamisociety.com

www.thitsarparami.org



၈။ **ဗုဒ္ဓဂုဏ်တော်**

နိဗ္ဗာန်ရောက်ကြောင်း သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင်သိ၍ သူတစ်ပါးတို့အားလည်း သိစေတော်မူတတ်၊ ဟောကြားတော်မူအပ်ခြင်း။

၉။ **ဘဂဝါဂုဏ်တော်**

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူခြင်း။

www.thitsarparamisociety.com

www.thitsarparami.org



# တရားဂုဏ်တော်ခြောက်ပါး

၁။ **သွာက္ခာတော ဘဂဝတာဓမ္မော**

နာစဉ်ချမ်းသာ၊ ကျင့်စဉ်ချမ်းသာ၍ ချမ်းသာမြတ်မွန် အေး နိဗ္ဗာန်ဟုသုံးတန်ကောင်းခြင်း ပြည့်စုံလျှင်းအောင်ရှင်းလင်း ဟောကြားတော်မူအပ်သော တရားမြတ် ဖြစ်ပါပေ၏။

၂။ **သန္ဒိဋ္ဌိကောဘဂဝတာဓမ္မော**

သူတစ်ပါးပြောကြားစကားနှင့်မျှ မယုံရဘဲ ကျနုကိုယ်တိုင် သိမြင်နိုင်သော တရားတော်မြတ် ဖြစ်ပါပေ၏။

၃။ **အကာလိကော-ဘဂဝတာဓမ္မော**

အချိန်မလင့် မဖင့်မဒွေး ချက်ချင်းအကျိုးပေးသော တရားတော်မြတ် ဖြစ်ပါပေ၏။

၄။ **ဧဟိပဿိကောဘဂဝတာဓမ္မော**

လာခဲ့ပါ ရှုလှည့်ပါဟု ဝမ်းသာရွှင်လိုက် ဖိတ်ခေါ်ထိုက် သော တရားတော်မြတ် ဖြစ်ပါပေ၏။

၅။ **ဩပနေယျိကောဘဂဝတာဓမ္မော**

စိတ်ထဲရောက်အောင် ကပ်ဆောင်ထိုက်သော တရားတော် မြတ် ဖြစ်ပါပေ၏။

၆။ **ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိဘဂဝတာဓမ္မော**

မြတ်စွာဘုရားဟောကြားသည့် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာတရားတော် မြတ်သည် အရိယာများသည်သာလျှင် သိရခံစားရသော တရားတော်မြတ် ဖြစ်ပါပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



# သံဃာ့ဂုဏ်တော်(၉)ပါး

၁။ **သုပ္ပဋိပန္နော**

ကိလေသာငြိမ်းကြောင်း ကောင်းစွာ ကျင့်ကြံတော်မူပါပေ၏။

၂။ **ဥဇုပ္ပဋိပန္နော**

သာသွေမာယာ ကင်းစင်ကွာ၍ ဖြောင့်စွာကျင့်ကြံတော်မူပါပေ၏။

၃။ **ဉာယပဋိပန္နော**

နိဗ္ဗာန်အကျိုးမြော်ကိုးရည်သန် ကျင့်ကြံတော်မူပါပေ၏။

၄။ **သာမိစိပ္ပဋိပန္နော**

မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကြောင့် တုပ်ဝပ်ရှိသေလျှော်ကန်စွာ ကျင့်ကြံတော်မူပါပေ၏။

ယဒိဒံစတ္တာရိပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော

(အစုံလေးပါး သီးခြားရှစ်ဖော် မြတ်ဘုရား၏ တပည့်သားမော် အရိယာသံဃာတော်)

၅။ **အာဟုနေယျော**

အဝေးမှဆောင်ယူပစ္စည်းကိုမူလည်း ပေးလှူခြင်းငှာ ထိုက်တော်မူပါပေ၏။

၆။ **ပါဟုနေယျော**

ဧည့်သည်ဖို့ရာ ဆောင်ထားပစ္စည်းများပင် ပေးလှူခြင်းငှာ ထိုက်တော်မူပါပေ၏။

www.thitsarparamisociety.com

www.thitsarparami.org



၇။ **ဒက္ခိနေယျော**

တမလွန်စခန်းကောင်းဖို့ ရည်မှန်း၍လှူဒါန်းခြင်းငှာ ထိုက်တော်မူပါပေ၏။

၈။ **အဉ္ဇလိကရဏီယော**

ရိုသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးခြင်းငှာ ထိုက်တော်မူပါပေ၏။

၉။ **အနုတ္တရံပုညခေတ္တံလောကဿ**

နတ်လူအများကောင်းမှုပွားဖို့ ကြဲထားပျိုးချ တုမရသည့် ကောင်းလှ လယ်မြေ ယာမြေပမာ ဖြစ်တော်မူပါပေ၏။

www.thitsarparamisociety.com

www.thitsarparami.org

# စိတ်ဝယ်ထုံထား
# ဆောက်တည်အပ်သော
# သရဏဂုံ (၃၀)

www.thitsarparamisociety.com

www.thitsarparami.org



## သရဏဂုံ(၃၀)

၁။ ကျွန်ုပ်သည် ဇာတိ၊ ပဋိသန္ဓေ ကုန်ဆုံးသည်တိုင်အောင် မြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၂။ ကျွန်ုပ်သည် ဇာတိ၊ ပဋိသန္ဓေ ကုန်ဆုံးသည်တိုင်အောင် တရားတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၃။ ကျွန်ုပ်သည် ဇာတိ၊ ပဋိသန္ဓေ ကုန်ဆုံးသည်တိုင်အောင် သံဃာတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၄။ ကျွန်ုပ်သည် စည်းစိမ်ဥစ္စာကုန်ဆုံးသည်တိုင်အောင် မြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၅။ ကျွန်ုပ်သည် စည်းစိမ်ဥစ္စာကုန်ဆုံးသည်တိုင်အောင် တရားတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၆။ ကျွန်ုပ်သည် စည်းစိမ်ဥစ္စာ ကုန်ဆုံးသည်တိုင်အောင် သံဃာတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၇။ ကျွန်ုပ်သည် အသက်ကုန်ဆုံးသည့်တိုင်အောင် မြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၈။ ကျွန်ုပ်သည် အသက်ကုန်ဆုံးသည့်တိုင်အောင် တရားတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၉။ ကျွန်ုပ်သည် အသက်ကုန်ဆုံးသည့်တိုင်အောင် သံဃာတော်မြတ်အားကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၁၀။ ကျွန်ုပ်သည် အသက်ထက်ဆုံး မြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၁၁။ ကျွန်ုပ်သည် အသက်ထက်ဆုံး တရားတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



၁၂။ ကျွန်ုပ်သည် အသက်ထက်ဆုံး သံဃာတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၁၃။ ကျွန်ုပ်သည် သေခါနီးကာလတိုင်အောင် မြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၁၄။ ကျွန်ုပ်သည် သေခါနီးကာလတိုင်အောင် တရားတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၁၅။ ကျွန်ုပ်သည် သေခါနီးကာလတိုင်အောင် သံဃာတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၁၆။ ကျွန်ုပ်သည် သေသည့်ကာလတိုင်အောင် မြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၁၇။ ကျွန်ုပ်သည် သေသည့်ကာလတိုင်အောင် တရားတော်မြတ်အားကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၁၈။ ကျွန်ုပ်သည် သေသည့်ကာလတိုင်အောင် သံဃာတော်မြတ်အားကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၁၉။ ကျွန်ုပ်သည် အရဟတ္တမဂ်ရသည့်တိုင်အောင် မြတ်စွာဘုရား အားကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၂၀။ ကျွန်ုပ်သည် အရဟတ္တမဂ်ရသည့်တိုင်အောင် တရားတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၂၁။ ကျွန်ုပ်သည် အရဟတ္တမဂ်ရသည့်တိုင်အောင် သံဃာတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၂၂။ ကျွန်ုပ်သည် အရဟတ္တဖိုလ် ရသည့်တိုင်အောင် မြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၂၃။ ကျွန်ုပ်သည် အရဟတ္တဖိုလ်ရသည့်တိုင်အောင် တရားတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

www.thitsarparamisociety.com

www.thitsarparami.org



၂၄။ ကျွန်ုပ်သည် အရဟတ္တဖိုလ်ရသည့်တိုင်အောင် သံဃာတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၂၅။ ကျွန်ုပ်သည် ပရိနိဗ္ဗာန်ဝင်စံခါနီးတိုင်အောင် မြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၂၆။ ကျွန်ုပ်သည် ပရိနိဗ္ဗာန်ဝင်စံခါနီးတိုင်အောင် တရားတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၂၇။ ကျွန်ုပ်သည် ပရိနိဗ္ဗာန်ဝင်စံခါနီးတိုင်အောင် သံဃာတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၂၈။ ကျွန်ုပ်သည် ပရိနိဗ္ဗာန်ဝင်စံသည့်တိုင်အောင် မြတ်စွာဘုရားအား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၂၉။ ကျွန်ုပ်သည် ပရိနိဗ္ဗာန်ဝင်စံသည့်တိုင်အောင် တရားတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

၃၀။ ကျွန်ုပ်သည် ပရိနိဗ္ဗာန်ဝင်စံသည့်တိုင်အောင် သံဃာတော်မြတ်အား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

**ဗုဒ္ဓဘာသာဝင်သူတော်စင်များသည် ရတနာသုံးပါးတို့၌ ယုံကြည်သက်ဝင်သော သဒ္ဓါတရား ပြည့်စုံနိုင်မြဲသည်နှင့်အမျှ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သည့် ဝိပဿနာတရားနှင့် မွေ့လျော်ပျော်ပိုက်နိုင်ကြပြီး တရားထူး တရားမြတ်ရရှိ၍ အရိယာအဆင်ဆင့်သို့ တက်လှမ်းပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။**

www.thitsarparamisociety.com

www.thitsarparami.org



# အထူးတလည် ကျေးဇူးတင်ရှိခြင်း

ဗုဒ္ဓဘာသာဝင် သူတော်ကောင်း သူတော်စင်တို့ လေ့လာဖတ်ရှုကျင့်ကြံနိုင်ရန် **ရဟန္တာဆိုင်ရာတရားတော်** စာအုပ်ကို ပြုစုထုတ်ဝေနိုင်ခဲ့ပါပြီ၊ စာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ တိုက်တွန်းအားပေးကူညီကြကုန်သော သက်ဆိုင်ရာ အသီးသီးသော သံဃာတော်အရှင်သူမြတ်များ၊ သီလရှင် ဆရာကြီး ဆရာလေးများနှင့် ဒါယကာ၊ ဒါယိကာမများအားလုံး စာရှုသူအားလုံးတို့ကို အထူးတလည် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အရှင်နေမိန္ဒ
၂၀၁၁-ခုနှစ်၊ စက်တင်ဘာလ

www.thitsarparamisociety.com

www.thitsarparami.org



# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလုံးစုံသော အလှူဒါနတို့တွင် တရားတော်ကို ပူဇော်လှူဒါန်းရခြင်းသည် အမြတ်ဆုံး ဖြစ်ပေ၏။

**နိဗ္ဗာန်ရှာပုံတော်ခရီးစာအုပ်နှင့် ရဟန္တာဆိုင်ရာတရားတော်** စာအုပ်အား နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန်၊ ဝိပဿနာတရားကျင့်ကြံကြိုးပမ်း အားထုတ်သော သူတော်ကောင်း သူတော်စင်များ ဖတ်ရှုနိုင်ကြရန် ပူဇော်လှူဒါန်းကြသော ကုသိုလ်ရှင် သူတော်ကောင်းအပေါင်းတို့သည် **တရားတော်ကို ပူဇော်လှူဒါန်းခြင်း ဖြစ်၍ အမြတ်ဆုံးသော ဒါန** ဖြစ်ပေ၏။

ဤသို့ လှူဒါန်းရသော ကုသိုလ်စေတနာတို့သည် မိမိတို့အလိုရှိအပ်၊ တောင့်တအပ်သော **မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း၏ အကြောင်းအထောက်အပံ့သည်** ဖြစ်ပါစေသတည်း။

အရှင်နေမိန္ဒ
၂၀၁၁-ခုနှစ်၊ စက်တင်ဘာလ

www.thitsarparamisociety.com

www.thitsarparami.org



# အလှူရှင်စာရင်း

| စဉ် | အလှူရှင်အမည် | အလှူငွေ(ကျပ်) |
|---|---|---|
| ၁။ | အရှင်ယုဇနေ၊ မဟာသန္တိသုခတောရ၊ ဝယ်ဝမ်ရပ်၊ ကမာဝက်တိုက်နယ် | ၁၀၀၀၀ |
| ၂။ | အရှင်နေမိန္ဒအား အမှူးထား၍ ရန်ကုန်မြို့နေ ဒေါ်ငြိမ်းမြတ်မိသားစု ဒေါက်တာမင်းလဝီဌွန်း၊ မင်းလဝီချမ်းနှင့် ဒေါ်စန္ဒာလင်း၊ ဦးနန္ဒကျော်ထင်နှင့် ဒေါက်တာမိယဉ်စနိုင်း။ | ၁၅၀၀၀၀ |
| ၃။ | ဦးလှစိုး (ညွှန်ကြားရေးမှူး-ငြိမ်း) နှင့် ဇနီး ဒေါ်ခင်မျိုးသူ၊ သမီး မနီလာစိုး၊ သား-မောင်ပြည့်ဇာနည်ထွန်း၊ မောင်ရဲကုဋေကျော်၊ မောင်ကောင်းကုဋေကျော် မိသားစု၊ ရန်ကုန်မြို့။ | ၃၅၀၀၀၀ |
| ၄။ | နိုင်ကျော်အေးနှင့် (ဇနီးဒေါ်ရင်အုံး) မိသားစု၊ စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၁၅၀၀၀၀ |
| ၅။ | ဦးမင်းစိုး (ဒုတိယညွှန်ကြားရေးမှူး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန) နှင့် ဇနီးဒေါ်ယဉ်ယဉ်ဌွေး၊ သမီး-မချမ်းငြိမ်းသူ၊ သား-မောင်ခန့်စည်သူ မိသားစု၊ ရန်ကုန်မြို့။ | ၁၅၀၀၀၀ |
| ၆။ | နိုင်ထွန်းသိန်းနှင့် ဇနီးဒေါ်မေရီ မိသားစု စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၁၀၀၀၀၀ |
| ၇။ | နိုင်ချစ်ထုံးနှင့် ဇနီးဒေါ်ခင်ဝေ မိသားစု။ စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၁၀၀၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org



| စဉ် | အလှူရှင်အမည် | အလှူငွေ(ကျပ်) |
|---|---|---|
| ၈။ | (နိုင်အုံးဘွားနှင့် ဇနီးဒေါ်ကွန်ပီ) သားနိုင်ဆန်း ညွန့်ကြည်နှင့် ဒေါ်ချိုမွန် မိသားစု၊ ကျိုက္ကော်ရွာ၊ သထုံမြို့နယ်။ | ၁၀၀၀၀၀ |
| ၉။ | နိုင်ကျော်ငွေနှင့် ဇနီးဒေါ်အိမ်ပြင် မိသားစု၊ ရန်ကုန်မြို့။ | ၁၀၀၀၀၀ |
| ၁၀။ | နိုင်ပီးနှင့် ဇနီးဒေါ်ကွန်တင် မိသားစု၊ စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၈၀၀၀၀ |
| ၁၁။ | နိုင်သန်းညွန့် မိသားစု၊ သိမ်ကုန်းရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၆၀၀၀၀ |
| ၁၂။ | (နိုင်ရွှေအိုးနှင့် ဇနီးဒေါ်ဖွားမေ) မိသားစု၊ ကမာဝက်ရွာ၊ မုဒုံမြို့နယ်။ | ၅၀၀၀၀ |
| ၁၃။ | ဦးလှဝေနှင့်ဇနီး ဒေါ်ကျင်ရွှေ သမီး ဒေါ်လီလီယံလှဝေ၊ ဒေါ်ရီစလင်းလှဝေ မိသားစု။ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၅၀၀၀၀ |
| ၁၄။ | ဦးစံရွှေမိသားစု၊ ဦးစံရွှေသစ်ခွဲစက်၊ ငန်းတေးရွာ၊ မော်လမြိုင်မြို့နယ်။ | ၅၀၀၀၀ |
| ၁၅။ | ဖခင် ဦးသိန်းဟန်နှင့် မိခင် ဒေါ်ငယ်ငယ်အား ရည်စူး၍ ဒေါ်ချိုချိုဝေ (ဌာနခွဲမှူး-စီမံ/ဘဏ္ဍာ) မြိတ်တက္ကသိုလ်၊ မြိတ်မြို့။ | ၅၀၀၀၀ |
| ၁၆။ | နိုင်ကျော်ထွန်းနှင့် ဇနီးဒေါ်ယု မိသားစု စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၅၀၀၀၀ |
| ၁၇။ | နိုင်သိပ်နှင့် ညီမ ဒေါ်ကင်အန်း၊ စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၄၀၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org



| စဉ် | အလှူရှင်အမည် | အလှူငွေ(ကျပ်) |
|---|---|---|
| ၁၈။ | ဒေါ်အေးချစ်၊ ဒုတိယညွှန်ကြားရေးမှူး၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ နေပြည်တော်။ | ၃၀၀၀၀ |
| ၁၉။ | ဒေါ်ဝေလာစာရီ၊ ဒေါ်မေဓာရီနှင့် ဒေါ်သောရီ၊ သီလရှင်ဇရပ် ခြသေ့်ကျောင်းတိုက်၊ ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၃၀၀၀၀ |
| ၂၀။ | ဦးလှငွေးနှင့် ဇနီးဒေါ်ဝေဝေမော် (မာစတာ တေးသံသွင်းမိသားစု) | ၃၀၀၀၀ |
| ၂၁။ | (ဒေါက်တာဦးကိုလေး)နှင့် ဇနီးဒေါ်အုန်းရီ မိသားစု၊ ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၃၀၀၀၀ |
| ၂၂။ | ဦးလှကြီးနှင့် ဇနီးဒေါ်တင်ထူး မိသားစု၊ ရန်ကုန်မြို့။ | ၂၅၀၀၀ |
| ၂၃။ | ဒေါ်နှင်းအေး (လက်ထောက်ညွှန်ကြားရေးမှူး)၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ ရန်ကုန်မြို့။ | ၂၀၀၀၀ |
| ၂၄။ | ဦးကျော်ထွဋ်နှင့် ဇနီးဒေါ်အေးအေးကြည် မိသားစု၊ မော်လမြိုင်မြို့။ | ၂၀၀၀၀ |
| ၂၅။ | ဦးတင်အောင်နှင့် ဇနီးဒေါ်သန်းသန်းနု ရန်ကုန်မြို့။ | ၂၀၀၀၀ |
| ၂၆။ | နိုင်ချစ်ဆိုင်နှင့် ဇနီးဒေါ်အုန်းရီ မိသားစု ရန်ကုန်မြို့။ | ၂၀၀၀၀ |
| ၂၇။ | နိုင်ဘစန်းနှင့် ဇနီးဒေါ်မြင့်ကြည် မိသားစု ရန်ကုန်မြို့။ | ၂၀၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org



| စဉ် | အလှူရှင်အမည် | အလှူငွေ(ကျပ်) |
|---|---|---|
| ၂၈။ | နိုင်အုန်းမြိုင်နှင့် ဇနီး ဒေါ်အိမ်မှီ မိသားစု၊ ရန်ကုန်မြို့။ | ၁၅၀၀၀ |
| ၂၉။ | ကောင်းသန့်ကွန်ပျူတာ၊ ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၁၅၀၀၀ |
| ၃၀။ | နိုင်သာရွှေနှင့် ဇနီး ဒေါ်တင်မေ မိသားစု၊ ထောင်ကေးရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ် | ၁၅၀၀၀ |
| ၃၁။ | ဒေါက်တာဌေးဝင်း (ပါမောက္ခ၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)နှင့် ဇနီးဒေါ်ခင်ဆွေဦး မိသားစု | ၁၅၀၀၀ |
| ၃၂။ | နိုင်စံညိမ်းနှင့် ဇနီးဒေါ်ရင် မိသားစု။ စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၁၂၀၀၀ |
| ၃၃။ | ဒေါ်သုန္ဒရီ၊ သီလရှင်ဇရပ်၊ ခြသေ့်ကျောင်းတိုက်၊ ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ်၊ မွန်ပြည်နယ်။ | ၁၀၀၀၀ |
| ၃၄။ | ဒေါ်ခင်အေးနှင့် ဒေါ်မွေးတင်၊ ကိုးနဝင်းရပ်၊ သံဖြူဇရပ်မြို့။ | ၁၀၀၀၀ |
| ၃၅။ | ဒေါ်မြထွေး (ဒုတိယညွှန်ကြားရေးမှူး)၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အောက်မြန်မာပြည် ရန်ကုန်မြို့။ | ၁၀၀၀၀ |
| ၃၆။ | ဒေါ်စောကြူကြူ (တွဲဖက်ပါမောက္ခ-ငြိမ်း) ရန်ကုန်မြို့။ | ၁၀၀၀၀ |
| ၃၇။ | နိုင်ငွေအိမ်နှင့် ဇနီးဒေါ်ဝင်းစိန် မိသားစု။ သံဖြူဇရပ်မြို့။ | ၁၀၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org




| စဉ် | အလှူရှင်အမည် | အလှူငွေ(ကျပ်) |
|---|---|---|
| ၃၈။ | နိုင်ပန်းမောင်နှင့် ဇနီးဒေါ်ခင်နီ မိသားစု ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၃၉။ | ဒေါ်ဝနှင့် ဒေါ်မှီ မိသားစု စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၁၀၀၀၀ |
| ၄၀။ | CAP ဦးလှဝေနှင့် ဇနီးဒေါ်တင်တင်မွန် မိသားစု၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | ၅၀၀၀ |
| ၄၁။ | ဦးတင့်လွင်မိသားစု၊ သံဖြူဇရပ်မြို့။ | ၅၀၀၀ |
| ၄၂။ | ဒေါ်ရင်ရွှေမိသားစု၊ သံဖြူဇရပ်မြို့။ | ၅၀၀၀ |
| ၄၃။ | နိုင်အောင်စုနှင့် ဇနီးဒေါ်တင်ကြည်မိသားစု ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၅၀၀၀ |
| ၄၄။ | ဒေါ်ကီးမိသားစု စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်။ | ၅၀၀၀ |
| ၄၅။ | ဒေါ်ဝေဝေနိုင် (ဌာနခွဲစာရေးကြီး) အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်) | ၃၀၀၀ |
| ၄၆။ | သားဖြစ်သူ ကိုတင်ဦးကြိုင်အားရည်စူး၍ မိခင်ဒေါ်အေးသိန်း မိသားစု ရန်ကုန်မြို့ | ၂၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org

# ဆံတော်ရှင် ကျိုက်တမော့စေတီတော် တောင်ပေါ်တက်ကားလမ်းပေါ်ရှိ စေတီများပြမြေပုံ




www.thitsarparamisociety.com

www.thitsarparami.org



## ကျိုက်မဟာ မောစိပက္ခိယစေတီ

ကျိုက်တမော့တောင်တန်းပေါ် ကမာဝက်တိုက်နယ်၊
မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

- သာသနာ ၂၅၅၅
၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ (ဗုဒ္ဓဟူးနေ့)

### မော်ကွန်းတင် သမိုင်းမှတ်တမ်းအကျဉ်း

ဆံတော်ရှင် ကျိုက်တမော့စေတီတော်သည် မွန်သမိုင်းမှတ်တမ်းများအရ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါ လွန်ခဲ့သော နှစ်ပေါင်း ၂၅၈၂ ခန့်ကပင် မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကမာဝက်တိုက်နယ်ရှိ ကျိုက်တမော့တောင်ထိပ်ပေါ်တွင် တည်ရှိခဲ့ပါသည်။

ဆံတော်ရှင်ကျိုက်တမော့စေတီတော်ကို ရဟန်းရှင်လူပြည်သူအများ လွယ်လင့်တကူ အချိန်အခါမရွေး တက်ရောက်ကြည်ညိုဖူးမြော်နိုင်ကြရန် ယခုအခါ တောင်ပေါ်တက်ကားလမ်းကိုလည်း ဖောက်လုပ်ထားပြီး ဖြစ်ပါသည်။

ဆံတော်ရှင်ကျိုက်တမော့စေတီတော်သို့ သွားရောက်နိုင်ကြရန် ဖောက်လုပ်ထားသော မော်တော်ကား လမ်းတလျှောက်တွင် ဘုရားဖူးသူများ ကြည်ညိုဖူးမြော်နိုင်ကြရန် စေတီများကိုလည်း တည်ထားကြပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



ထိုသို့ ကြည်ညိုအားထားရန် တည်ထားကိုးကွယ်ကြသော စေတီများမှာ-

## ပထမဦးစွာသောစေတီ

ကျိုက်တမော့တောင်ပေါ်တက်ကားလမ်း၏ လမ်းဦးထိပ်မှ (၁)ဖာလုံ အကွာအဝေးကို ထိန်းသိမ်းရန် တာဝန်ယူထားသော ခမရ-၂၀၉ တပ်ရင်းမိသားစု တည်ထားသော တောင်ခြေရင်းရှိ **ညီနောင်ဘုရား** ဖြစ်ပါသည်။

## ဒုတိယစေတီ

တောင်ခြေရင်းရှိ ညီနောင်ဘုရားနှင့် မလှမ်းမကမ်း ကော့လှာကျောင်းမှ ထိန်းသိမ်းရန် တာဝန်ယူထားသော တောင်ခြေရင်းမှ (၂)ဖာလုံ အကွာအဝေးအတွင်းရှိ ရှုခင်းသာ (view point) နေရာတွင် ဆရာတော် ဘဒ္ဒန္တဝါယာမနှင့် အများဒါယကာ၊ ဒါယိကာမများတည်ထားသော **ဆုတောင်းပြည့်စေတီ** ဖြစ်ပါသည်။

## တတိယစေတီ

အောင်တော်မူကျောင်းမှ ထိန်းသိမ်းရန် တာဝန်ယူထားသော တောင်ခြေရင်းမှ (၃)ဖာလုံ အကွာအဝေးအတွင်းရှိ တောင်ကုန်းတွင် ဆရာတော် ဘဒ္ဒန္တဝါယာမနှင့် အများဒါယကာ၊ ဒါယိကာမများမှ ဒုတိယစေတီတည်ထားသော **အဓိဋ္ဌာန်စေတီ** ဖြစ်ပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



## ကျော်မဟာဗောဓိပက္ခိယစေတီ

အောင်စေတီကျောင်းနှင့် ဂါတ်တဲကျောင်းတို့မှ ထိန်းသိမ်းရန် တာဝန်ယူထားသော နယ်နိမိတ်အစပ် အနီးရှိ တောင်ခြေရင်းမှ (၆)ဖာလုံခန့်အကွာ ဘန့်ဘွေးပင်တောင်ကုန်းတွင် ကျော်မဟာဗောဓိပက္ခိယစေတီကို စတုတ္ထစေတီအဖြစ် ဆရာတော်ဘဒ္ဒန္တဝါယာမ၏ ဩဝါဒကို ခံယူ၍ ကျိုက်တမော့တောင်ခြေရင်းရှိ ဘုရားကိုးဆူကျောင်းတိုက်မှ အရှင်နေမိန္ဒနှင့် အများ ဒါယကာ၊ ဒါယိကာမများက တည်ထားကြပါသည်။

## ပဉ္စမစေတီ

တောင်ခြေရင်းမှ (၁)မိုင် (၇)ဖာလုံခန့် အကွာအဝေးတွင် တည်ရှိသော ရသေ့တောင်တွင် ရှေးကာလကပင်တည်ထားသော ရှေးဟောင်း **ရသေ့တောင်စေတီ** ဖြစ်ပါသည်။

## ဆဋ္ဌမစေတီ

ဓာတ်တော်ကျောင်းတိုက်မှ ထိန်းသိမ်းရန် တာဝန်ယူထားသော ရသေ့တောင်တန်း ဧရိယာအတွင်း ကမာဝက်တိုက်နယ်၊ စိန်တောင်ရွာ၊ ဓာတ်တော်ကျောင်းတိုက်ကြီး၏ ပဓာန၊ နယကဆရာတော်ဖြစ်တော်မူသော ကျိုက်တမော့ ကျိုက်ဇယ်စေတီတော်များ၏ ဩဝါဒစရိယဆရာတော်၊ နိုင်ငံတော် ဩဝါဒစရိယ ဆရာတော်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမဟာထေရ်ပါလိတနှင့်

www.thitsarparamisociety.com

www.thitsarparami.org



ဒါယကာ၊ ဒါယိကာမများ တည်ထားသော **ကျိုက်ထီးရိုးပုံတူစေတီ** ဖြစ်ပါသည်။

## သတ္တမစေတီ

ကျိုက်ထီးရိုးစေတီမှ နောက်ထပ် (၂) ဖာလုံခန့်အကွာ သာသနာပါလကျောင်းတိုက်မှ ထိန်းသိမ်းရန် တာဝန်ယူထားသော ဧရိယာအတွင်း ကမာဝက်တိုက်နယ်၊ ထောင်ကေးရွာ သာသနပါလကျောင်းတိုက် ပဓာန၊ နာယကဆရာတော် ဘဒ္ဒန္တဝီရိယနှင့် နှစ်ဖက်သောမိဘများကို အမှူးထား၍ ဘုရားဒါယကာ နိုင်သိန်းဆွေနှင့် ဇနီးမိအော သားသမီးများ၊ ဒါယကာ၊ ဒါယိကာမများမှ တည်ထားသော **ဓာတုစေတီ** ဖြစ်ပါသည်။

ဓာတုစေတီအနီးတွင် ရေကန်တစ်ကန်နှင့် ဇရပ်တစ်ဆောင် တို့ကိုလည်း ဆောက်လုပ်ထားကြရာ ရေကန်အလှူရှင်မှာ ဒါယိကာမ မိဝတ်ဇော် (အပျိုကြီး)နှင့် သမီးမိမိ၊ ဒါယကာ၊ ဒါယိကာမများ ဖြစ်ပါသည်။ ဇရပ်အလှူရှင်မှာ ဆရာတော် ဘဒ္ဒန္တဝီရိယနှင့် ဒါယကာ၊ ဒါယိကာမများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယခုအချိန်တွင် ဆံတော်ရှင် ကျိုက်တမော့စေတီတော်ကို ကြည်ညိုဖူးမြော်ကြရန် တောင်ပေါ်တက် ကားလမ်းဖြင့် ဘုရားဖူးလာရောက်ကြသည့် ရဟန်းရှင်လူ ပြည်သူများသည် မော်တော်ကား လမ်းတလျှောက် စေတီ (၇) ဆူတို့ကိုလည်း တစ်ပါတည်း ကြည်ညိုဖူးမြော်နိုင်ကြပြီ ဖြစ်ပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



# မှတ်တမ်းတင်နေ့ရက်များ

❖ ကျော်မဟာဗောဓိပက္ခိယစေတီကို တည်ထားရန် ၁၅-၂-၂၀၁၁ ရက်နေ့တွင် ကမာဝက်တိုက်နယ်၊ သိမ်ကုန်းရွာ လဝီမာန်ထော ကျောင်းတိုက်ကြီး၏ ပဓာန နယကဆရာတော် ဖြစ်တော်မူသော ကျိုက်တမော့ ကျိုက်ဇယ်စေတီတော်များ၏ ဩဝါဒစရိယ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမဟာထေရ်ကြီးထံမှ ခွင့်ပြုချက် ရရှိပါသည်။

❖ ကျော်မဟာဗောဓိပက္ခိယ စေတီကို တည်ထားရန် ခွင့်ပြုချက် ရရှိပြီး နောက်တစ်နေ့ဖြစ်သော ၁၆-၂-၂၀၁၁ ရက်နေ့တွင် စေတီတည်ထားမည့် ဘန့်ဘွေးပင် တောင်ကုန်းနေရာ၌ အလံစိုက်ထူခဲ့ပါသည်။

❖ ၁၃-၃-၂၀၁၁ ရက်နေ့တွင် စေတီတည်ထားမည့်နေရာတစ်ဝိုက်ရှိ ချုံနွယ်သစ်ပင်များကို ရှင်းလင်းခဲ့ပါသည်။

❖ ၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၈)ရက်နေ့ ၂၇-၃-၂၀၁၁ ရက်နေ့တွင် စေတီတည်ထားမည့်နေရာတွင် အုတ်မြစ်ချ မင်္ဂလာ ကျင်းပကြပါသည်။

❖ ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၈)ရက်နေ့တွင် စေတီ၏ ဌာပနာတိုက်၌ ဌာပနာထားရှိမည့် ဓာတ်တော်များ ဌာပနာမင်္ဂလာကျင်းပကြပါသည်။

❖ သာသနာ သက္ကရာဇ် ၂၅၅၅

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ (ဗုဒ္ဓဟူးနေ့) (၁၇-၅-၂၀၁၁) ရက်နေ့တွင် စေတီတော် ထီးတော်တင် မင်္ဂလာနှင့်

www.thitsarparamisociety.com

www.thitsarparami.org



ရေစက်သွန်းချ အမျှဝေခြင်း မင်္ဂလာတို့ကို ရဟန်းရှင်လူ အများ ဒါယကာ၊ ဒါယိကာမများဖြင့် စည်းကားသိုက်မြိုက်စွာ ကြည်ညို သဒ္ဓါတရား ထက်သန်စွာဖြင့် ကျင်းပခဲ့ကြပါသည်။

❖ အစီအစဉ်အရ နံနက် (၈း၃၀) နာရီတွင် ကျိုက်တမော့ ကျိုက်ဇယ်စေတီတော်များ၏ ဩဝါဒစရိယ ဆရာတော် ကျိုက်တမော့ကျောင်းတိုက်၏ ပဓာန၊ နာယက ဆရာတော် ဘဒ္ဒန္တ မဟာထေရ် အိန္ဒဝံသထံမှ ပရိသတ်များက ရှစ်ပါးသီလ ခံယူ ဆောက်တည်ကြပြီး နံနက် (၉း၀၀) နာရီတွင် ဆရာတော် ဘဒ္ဒန္တ ဝါယာမမှ ဦးဆောင်၍ ပရိသတ်များက ကျာ်မဟာဗောဓိပက္ခိယ စေတီတော်၏ ထီးတော်ကို တင်လှူပူဇော်ကြပါသည်။

❖ နံနက် (၁၀း၀၀)နာရီတွင် ဆရာတော် ဘဒ္ဒန္တမဟာထေရ် အိန္ဒဝံသ အမှူးပြုသော ကမာဝက်တိုက်နယ်ရှိ (၁) ကျိုက်တမော့ ကျောင်းတိုက်၊ (၂) ခြသေ့်ကျောင်းတိုက်၊ (၃) လဝီမာန်ထော ကျောင်းတိုက်၊ (၄) လဝီမာန်ရိပ်သာကျောင်းတိုက်၊ (၅) လျှးဇိုပ် ထဝ်ကျောင်းတိုက်၊ (၆) အောင်စေတီကျောင်းတိုက်၊ (၇) ဒက္ခိဏာ ရာမကျောင်းတိုက်၊ (၈) မင်္ဂလာရာမကျောင်းတိုက်၊ (၉) မဟာ သန္တိသုခတောရ၊ (၁၀) စောဝ်မလကျောင်းတိုက်၊ (၁၁) ဘုရား ကိုးဆူကျောင်းတိုက်နှင့် (၁၂) မုဒုံမြို့နယ်ရှိ နဂါးမောက်တောင် (ကျောက်တစ်လုံး) ကျောင်းတိုက်တို့မှ ပင့်သံဃာတော် (၁၄)ပါး တို့က ကျာ်မဟာဗောဓိပက္ခိယ စေတီတော်အား အနေကဇာတိ သံသာရံ အစချီသော ဂါထာတော်များဖြင့် ရွတ်ဖတ်ပူဇော်ကြ ပါသည်။

www.thitsarparamisociety.com

www.thitsarparami.org



❖ နံနက်(၁၀း၂၀)နာရီတွင် ခြသေ့်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဓမ္မညာဏက ပရိသတ်များအား ရေစက်သွန်းချ အနုမောဒနာ တရားဟောကြားတော်မူပြီး ပရိတ်သတ်များက လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပါသည်။

နတ်လူသတ္တဝါများအားလုံး သာဓုခေါ်စေသော်။

www.thitsarparamisociety.com

www.thitsarparami.org



## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ကျော်မဟာ ဗောဓိပက္ခိယစေတီ

ကျိုက်တမော့တောင်တန်း၊ ဘန့်ဘွေးပင်တောင်ကုန်း

ကမာဝက်တိုက်နယ်၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

**အလှူရငွေစာရင်း၊ ကုန်ကျငွေစာရင်းနှင့် လက်ကျန်စာရင်း**

| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ(ကျပ်) |
|---|---|---|---|
| ၁။ | ဆရာတော်ဘဒ္ဒန္တ ကောဏ္ဍည | ဘုရားကိုးဆူကျောင်း တိုက်၊ ကမာဝက် | ၁၀၀၀၀ |
| ၂။ | ဆရာတော်ဘဒ္ဒန္တ ဝါယာမ | ခြသေ့်ကျောင်းတိုက်၊ ကမာဝက်တိုက်နယ် | ၄၀၀၀၀ |
| ၃။ | အရှင်နေမိန္ဒ | ဘုရားကိုးဆူကျောင်း တိုက်၊ ကမာဝက် | ၁၀၀၀၀၀ |
| ၄။ | အရှင်စုဋ္ဌသုခ | ခြသေ့်ကျောင်းတိုက်၊ ကမာဝက်တိုက်နယ် | ၁၀၀၀၀ |
| ၅။ | အရှင်ပရမတ် | ခြသေ့်ကျောင်းတိုက်၊ ကမာဝက်တိုက်နယ် | ၁၀၀၀၀ |
| ၆။ | အရှင်နေမိန္ဒအားအမှူး ထား၍ ဒေါ်ငြိမ်းမြတ် မိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၇။ | နိုင်သာရွှေနှင့် ဇနီး ဒေါ်တင်မေ မိသားစု | ထောင်ကေးရွာ၊ ကမာဝက်တိုက်နယ် | ၇၃၂၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org



| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ(ကျပ်) |
|---|---|---|---|
| ၈။ | ဦးစံရွှေမိသားစု | ဦးစံရွှေသစ်ခွဲစက်၊ ငန်းတေးရွာ၊ မော်လမြိုင်မြို့ | ၅၀၀၀၀၀ |
| ၉။ | နိုင်ကျော်အေးနှင့် (ဇနီးဒေါ်ရင်အုံး) မိသားစု | စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ် | ၁၂၂၀၀၀ |
| ၁၀။ | နိုင်ပိုးနှင့် ဇနီးဒေါ်ကွန်တင် မိသားစု | စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ် | ၁၁၀၀၀၀ |
| ၁၁။ | နိုင်သန်းညွန့်မိသားစု | သိမ်ကုန်းရွာ၊ ကမာဝက်တိုက်နယ် | ၁၀၀၀၀၀ |
| ၁၂။ | ဒေါ်ပုည | သီလရှင်ဇရပ်၊ ခြသေ့ကျောင်းတိုက်၊ ကမာဝက်တိုက်နယ် | ၇၅၀၀၀ |
| ၁၃။ | နိုင်ချစ်ထုံးနှင့် ဇနီးဒေါ်ခင်ဝေ မိသားစု | စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ် | ၆၀၀၀၀ |
| ၁၄။ | နိုင်ထွန်းသိန်းနှင့် ဇနီးဒေါ်မေရီ မိသားစု | စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ် | ၅၈၀၀၀ |
| ၁၅။ | ဒေါ်ပါရမီ | သီလရှင်ဇရပ်၊ ခြသေ့ကျောင်းတိုက်၊ ကမာဝက်တိုက်နယ် | ၂၅၀၀၀ |
| ၁၆။ | (နိုင်သာခံ)နှင့် ဒေါ်ခင်အေး၊ ဒေါ်မွေးတင် | ကိုးနဝင်းရပ်၊ သံဖြူဇရပ်မြို့ | ၂၀၀၀၀ |
| ၁၇။ | နိုင်သိပ်နှင့် ညီမ ဒေါ်ကင်အန်း | စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ် | ၂၀၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org



| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ(ကျပ်) |
|---|---|---|---|
| ၁၈။ | ဒေါ်အိအိခိုင် | သံဖြူဇရပ်မြို့ | ၁၅၀၀၀ |
| ၁၉။ | ဒေါ်မြင့်မိသားစု | စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ် | ၁၅၀၀၀ |
| ၂၀။ | နိုင်ကျော်ငြိမ်းနှင့် ဇနီး ဒေါ်ညိုညိုစန်း မိသားစု | စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ် | ၁၃၀၀၀ |
| ၂၁။ | ဒေါ်မေဓာရီ | သီလရှင်ဇရပ်၊ ခြသေ့်ကျောင်းတိုက်၊ ကမာဝက်တိုက်နယ် | ၁၁၀၀၀ |
| ၂၂။ | ဒေါ်ဝေလာစာရီ | သီလရှင်ဇရပ်၊ ခြသေ့်ကျောင်းတိုက်၊ ကမာဝက်တိုက်နယ် | ၁၀၀၀၀ |
| ၂၃။ | နိုင်သိန်းဝင်းနှင့် ဇနီး ဒေါ်စောမြတ်မွန်မိသားစု | ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ် | ၁၀၀၀၀ |
| ၂၄။ | ဦးတင့်လွင် မိသားစု | သံဖြူဇရပ်မြို့ | ၁၀၀၀၀ |
| ၂၅။ | ဒေါ်ရင်ရွှေ မိသားစု | သံဖြူဇရပ်မြို့ | ၁၀၀၀၀ |
| ၂၆။ | နိုင်ဉာဏ်ထောနှင့် ဇနီး ဒေါ်မြင့်ကြည် မိသားစု | သံဖြူဇရပ်မြို့ | ၁၀၀၀၀ |
| ၂၇။ | ဒေါ်လှဥမ္မာ | သိမ်ကုန်းရွာ၊ ကမာဝက်တိုက်နယ် | ၁၀၀၀၀ |
| ၂၈။ | ဒေါ်ခင်မျိုးဝင်း | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၂၉။ | နိုင်ပေနှင့် ဇနီး ဒေါ်ရင်သောင်း မိသားစု | ရှမ်းရွာ၊ ကမာဝက် တိုက်နယ် | ၁၀၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org



| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ(ကျပ်) |
|---|---|---|---|
| ၃၀။ | ဒေါ်မတင် မိသားစု | ထောင်ကေးရွာ၊ ကမာဝက်တိုက်နယ် | ၁၀၀၀၀ |
| ၃၁။ | နိုင်ပန်းမောင်နှင့် ဇနီး ဒေါ်လွန်းစိန် မိသားစု | ထောင်ကေးရွာ၊ ကမာဝက်တိုက်နယ် | ၁၀၀၀၀ |
| ၃၂။ | နိုင်ရေးမိသားစု | ကနှာလိုရွာ၊ ကျိုက်မရောမြို့နယ် | ၁၀၀၀၀ |
| ၃၃။ | ဒေါ်အေးခင်ဝင်း | ကျိုက်တမော့စေတီတော်ဆိုင်ခန်း၊ ကမာဝက်တိုက်နယ် | ၁၀၀၀၀ |
| ၃၄။ | နိုင်ငြိမ်းထွန်းနှင့် ဇနီး ဒေါ်ရင်သန်း မိသားစု | ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ် | ၁၀၀၀၀ |
| ၃၅။ | နိုင်ငွေအိမ်နှင့် ဇနီး ဒေါ်ဝင်းစိန် မိသားစု | သံဖြူဇရပ်မြို့ | ၁၀၀၀၀ |
| ၃၆။ | မနွယ် | ကမာဝက်တောင်ပိုင်း၊ ကမာဝက်တိုက်နယ် | ၅၀၀၀ |
| ၃၇။ | နိုင်အောင်ရှိန်မိသားစု | သံဖြူဇရပ်မြို့ | ၅၀၀၀ |
| ၃၈။ | ဒေါ်ထွေးမိသားစု | သံဖြူဇရပ်မြို့ | ၅၀၀၀ |
| ၃၉။ | အုတ်မြစ်ချသောနေ့ ရွှေ/ငွေအုတ်အတွက် လှူငွေ | | ၅၀၀၀ |
| ၄၀။ | နိုင်ကျော်သန်းနှင့် ဇနီး ဒေါ်ခင်အေးသန်းမိသားစု | ထောင်ကေးရွာ၊ ကမာဝက်တိုက်နယ် | ၅၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org



| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ(ကျပ်) |
|---|---|---|---|
| ၄၁။ | ဒေါ်စောရင်မိသားစု | ရန်ကုန်မြို့ | ၅၀၀၀ |
| ၄၂။ | နိုင်ငြိမ်းမိသားစု | ကနာလိုရွာ၊ ကျိုက်မရောမြို့နယ် | ၅၀၀၀ |
| ၄၃။ | နိုင်မောင်ခင်နှင့် ဇနီး ဒေါ်အုံးဝင်းမိသားစု | ကျုံဖိုက်ရွာ၊ မုဒုံမြို့နယ် | ၅၀၀၀ |
| ၄၄။ | နိုင်လှအောင်နှင့် ဇနီး ဒေါ်လှစိန်မိသားစု | ထောင်ကေးရွာ၊ ကမာဝက်တိုက်နယ် | ၅၀၀၀ |
| ၄၅။ | မစုမြတ်မာလာ | ချမ်းမြေ့သုခတတ်ပုံတိုက် ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ် | ၅၀၀၀ |
| ၄၆။ | ဒေါ်နန္ဒာရီ | သီလရှင်ဇရပ်၊ ခြသော့ကျောင်းတိုက်၊ ကမာဝက်တိုက်နယ် | ၃၀၀၀ |
| ၄၇။ | ဒေါ်ရီလေး | စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ် | ၃၀၀၀ |
| ၄၈။ | ဒေါ်ဖွားရီ မိသားစု | စိန်တောင်ရွာ၊ ကမာဝက်တိုက်နယ် | ၃၀၀၀ |
| ၄၉။ | နိုင်ဇင်မျိုးထွန်းနှင့် ဇနီး ဒေါ်ထားသိန်း မိသားစု | ထောင်ကေးရွာ၊ ကမာဝက်တိုက်နယ် | ၃၀၀၀ |
| ၅၀။ | နိုင်အောင်ဝင်း မိသားစု | ကနာလိုရွာ၊ ကျိုက်မရောမြို့နယ် | ၃၀၀၀ |

www.thitsarparamisociety.com

www.thitsarparami.org



| စဉ် | အလှူရှင်အမည် | နေရပ် | အလှူငွေ(ကျပ်) |
|---|---|---|---|
| ၅၁။ | ဦးကျော်ထွန်းနှင့် ဇနီး ဒေါ်အေးအေးကြည် မိသားစု | မော်လမြိုင်မြို့ | ၃၀၀၀ |
| ၅၂။ | နိုင်ငံနဲ့ မိသားစု | ကနော့လိုရွာ၊ ကျိုက်မရောမြို့နယ် | ၂၀၀၀ |
| ၅၃။ | နိုင်သိန်းဇော်နှင့် ဇနီး ဒေါ်မြင့်မြင့်သိန်းမိသားစု | ထောင်ကေးရွာ၊ ကမာဝက်တိုက်နယ် | ၂၀၀၀ |
| ၅၄။ | နိုင်ခင်မောင်ဦး မိသားစု | ကမာဝက်ရွာ၊ ကမာဝက်တိုက်နယ် | ၂၀၀၀ |
| ၅၅။ | ကျောက်ဆင်းတု ရုပ်ပွားတော်(၈)ဆူမှ ပိုငွေ | | ၁၄၀၀၀ |
| ၅၆။ | ထီးတော်တင်မင်္ဂလာနှင့် ရေစက်သွန်းချ အမျှ ပေးဝေခြင်းမင်္ဂလာ ကျင်းပသည့်နေ့ အများ လှူဒါန်းငွေ | | ၁၈၈၅၀၀ |
| | | စုစုပေါင်းလှူဒါန်းငွေ | ၂၅၁၂၅၀၀ |
| | | စုစုပေါင်းကုန်ကျငွေ | ၂၄၆၇၉၅၀ |
| | | လက်ကျန်ငွေ | ၄၄၅၅၀ |

www.thitsarparamisociety.com

www.thitsarparami.org

* ၁၅/၁၊ ကျောင်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊
Ph:501950, 706341, 09-500 4339
* အမှတ် - ၁၆၂၊ ၄၅ - လမ်း(အပေါ်ဘလောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Ph:201312, 09-500 4339

www.thitsarparamisociety.com

www.thitsarparami.org

## ရဟန္တာဆိုင်ရာတရားတော်
## အရိယာပုဂ္ဂိုလ်များ

၁။ သတ္တက္ခတ္တုပရမသောတာပန်
ဘဝခုနစ်ကြိမ်သာဖြစ်ပြီး အရဟတ္တဖိုလ်သို့ရောက်သူ၊

၂။ ကောလံကောလသောတာပန်
အလွန်ဆုံး သုံးဘဝသာဖြစ်ပြီး အရဟတ္တဖိုလ်သို့ရောက်သူ၊

၃။ ဧကဗီဇီသောတာပန်
တစ်ဘဝသာဖြစ်ပြီး အရဟတ္တဖိုလ်သို့ရောက်သူ၊

၄။ သကဒါဂါမ်
တစ်ဘဝသာဖြစ်ပြီး အရဟတ္တဖိုလ်သို့ရောက်သူ၊

၅။ ဥဒ္ဓံ သောတအကနိဋ္ဌဂါမီအနာဂါမ်
အထက်ဘုံသို့ အစဉ်အတိုင်းတက်၍ အကနိဋ္ဌဘုံ၌
အရဟတ္တဖိုလ်သို့ရောက်သူ၊

၆။ သသင်္ခါရ ပရိနိဗ္ဗာယီအနာဂါမ်
လုံ့လနှင့်တကွ အရဟတ္တဖိုလ်သို့ရောက်သူ၊

၇။ အသင်္ခါရ ပရိနိဗ္ဗာယီအနာဂါမ်
လုံ့လမပါဘဲ အရဟတ္တဖိုလ်သို့ရောက်သူ၊

၈။ ဥပဟစ္စ ပရိနိဗ္ဗာယီအနာဂါမ်
အသက်တန်း၏ထက်ဝက်ကိုလွန်၍ အရဟတ္တဖိုလ်သို့ရောက်သူ၊

၉။ အန္တရာ ပရိနိဗ္ဗာယီအနာဂါမ်
အသက်တန်း၏အလယ်၌ အရဟတ္တဖိုလ်သို့ရောက်သူ၊

၁၀။ ရဟန္တာ
အရဟတ္တဖိုလ်သို့ရောက်သူ၊

www.thitsarparamisociety.com